ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်


| | |
|---|---|
| စာတည်းအဖွဲ့အမှာ ...... | ၁ |
| လေ့လာရေး – စာတည်းအဖွဲ့အစီရင်ခံစာ ...... | ၂ |
| ၂၁ ရာစုလက်တွေ့ကို လေ့လာရေး ...... | ၃ |
| အိန္ဒိယနိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးအဖွဲ့သို့ သဝဏ်လွှာ ...... | ၆ |
| ဒီမို ၂၀၀၆ နဲ့ AF (ယူဂျီ) ...... | ၇ |
| ၂၁ ရာစုအတွက် အတွေးအမြင် ...... | ၁၀ |
| မှားယွင်းတဲ့အတွေးအခေါ်ကိုဖယ်ရှား ...... | ၁၂ |
| နအဖ စစ်အစိုးရအောက်ချွတ်ခြုံကျဗမာပြည် ...... | ၁၆ |
| တိုက်ပွဲ – လူထု – ခေါင်းဆောင် ...... | ၁၉ |
| တော်လှန်ရေးနဲ့ လုပ်ကြံခြိမ်းခြောက်ရေး ...... | ၂၀ |
| အသင့်ပြင်ကြဖို့လိုပြီ ...... | ၂၂ |
| အခြေခံဥပဒေကိစ္စ ...... | ၂၅ |
| အင်အားကြီးတွေကြားမှာ ကြားမညပ်စေဖို့ ...... | ၂၇ |
| ပါတီစုံဒီမိုကရေစီသို့အကူးအပြောင်းနှင့်နီပေါမော်ဝါဒီများ ...... | ၂၉ |
| နိုင်ငံကြီးများရဲ့အားပြိုင်မှုကို ...... | ၃၃ |
| အီရန်ကို ဝင်ရောက်တိုက်ခိုက်ဖို့ အခွင့်ကောင်းစောင့်နေတဲ့ ...... | ၃၆ |
| သွားပေတော့ရမ်းစဖဲလ် ...... | ၄၀ |
| ဗမာပြည်ခေတ်သစ်သမိုင်းလေ့လာရာမှာ ...... | ၄၂ |
| ကားလ်မာ့က်စ်ရဲ့ကဗျာတစေ့တစောင်း ...... | ၄၇ |
| သတင်းနဲ့မှတ်ချက် ...... | ၅၀ |
| ပြည်တွင်းသတင်းသုံးသပ်ချက် ...... | ၅၆ |



**အမှတ် ( ၂၈)**

**မေ၊ ၂၀၀၇ ခုနှစ်။**

# စာတည်းအဖွဲ့အမှာ

**အမှတ် (၂၈) မေလ၊ ၂၀၀၇ ခုနှစ်။**

(၁) ၂၁ ရာစု ဝင်လာကတည်းက 'စစ်သံ' တွေ ကြားနေရပြီ။ ၂၁ ရာစုမှာကော ၂၀ ရာစု အဝင်တုန်းကလို စစ်ကြီးဖြစ်ဦးမလား။ ဖြစ်ရင် ဘယ်သူနဲ့ဘယ်သူ ဘယ်လိုဖြစ်မှာလဲ။ ၂၀ ရာစုရဲ့ ဒုတိယနှစ် ၅၀ ပိုင်းတုန်းကလို စစ်အေးခေတ်မျိုး ပြန်ဖြစ်ဦးမှာလား။ ဖြစ်ရင် ဘယ်နေရာက အဓိကပြိုင်ကွင်း ဖြစ်မလဲ။

ဒါတွေကို ရဲဘော်များ စိတ်ဝင်စားရပါမည်။ နိုင်ငံတကာ့ နိုင်ငံရေး – စစ်ရေး ဖြစ်ပေါ်ပြောင်းလဲမှုတွေကို မျက်ခြည်မပြတ် လေ့လာနေသင့်ပါသည်။

(၂) မိမိတို့ဗမာပြည်က ခေတ်နောက်ကျလေ့ ရှိပါသည်။ ဒါဟာ အခုမှဖြစ်တာ မဟုတ်ပါ။ သမိုင်းနဲ့ချီပြီး ဖြစ်ခဲ့တာပါ။ ဒီလိုနဲ့ ၁၉ ရာစုတုန်းက ကျွန်ဖြစ်ခဲ့ရပြီးပြီ။ ၂၀ ရာစု မှာ စစ်နင်းခံခဲ့ရပြီးပြီ။ အဲဒီတုန်းကဆိုရင် စစ်ကြီးက မိမိဆီရောက်မှပဲ 'ဘာလုပ်ကြမလဲ' ဆိုတာ ငြင်းကြခုန်ကြရသည်။ အဲဒီတုန်းက 'ကွန်မြူနစ်အင်တာနေရှင်နယ်' ရှိသည်။ ဖက်ဆစ်ဆန့်ကျင်ရေး အတွေးအခေါ်လမ်းညွှန်လည်း ရှိနေသည်။ ဒါကြောင့် သွက်သွက်ခါ သွားတဲ့အမှား မကျူးလွန်မိခဲ့ပါ။ လိမ့်လိမ့်လဲလဲ မဖြစ်ခဲ့ပါ။ ပြန်လည်ထိန်းညှိလိုက်နိုင်သည်။

ယခုတော့ အင်တာနေရှင်နယ် မရှိပါ။ ရှေ့ဆောင်အတွေးအခေါ်လမ်းညွှန် မရှိပါ။ ကိုယ့်အားကိုယ်ကိုးကြရလိမ့်မည်။ နိုင်ငံတကာ့ အခြေအနေလေ့လာပြီး မိမိတိုင်းပြည် အခြေအနေနဲ့ မှန်မှန်ကန်ကန် ပေါင်းစပ်ပေးဖို့ ကြိုးစားကြရပါမည်။

မိမိတို့က ဂလိုဘယ်လိုက်ဇေးရှင်း ဘာလဲ ဘယ်လဲဆိုတာကို မိတ်ဆက်ပေးနေတုန်း ရှိသေးသည်။ ဂလိုဘယ်လိုက်ဇေးရှင်းက ခလုတ်တိုက်ပြီး လဲမလိုဟပ်ထိုးဟပ်ထိုး ဖြစ်နေပြီ။

မိမိတို့က 'နအဖ ကို ဘယ့်နှယ်ဝိုင်းမယ်' ကြွေးကြော်နေတုန်း ရှိသေးသည်။ နအဖ က 'ညီလာခံ' ပြီးလို့ 'ဆန္ဒခံယူပွဲ' လုပ်ဖို့ ပြင်နေပြီ။

အချိန် သိပ်မရှိတော့ပါ။ အတွေးရှင်းရှင်း၊ လမ်းစဉ်မှန်မှန်နဲ့ ခြေလှမ်းသွက်သွက် လှမ်းကြရပါမည်။ အဲဒီလို မလုပ်နိုင်ကြလျှင် ဒီတခါလည်း နောက်ကျပြန်ပါလိမ့်မည်။

# လေ့လာရေး

## စာတည်းအဖွဲ့ အစီရင်ခံစာ

၁။ ဒီအပတ်မှာ ၂၁ ရာစု လက်တွေ့ကို စူးစမ်းလေ့လာထားတဲ့ ရဲဘော်တဦးရဲ့ ပုဂ္ဂလိကအမြင်ကို ဖော်ပြလိုက်ပါတယ်။ လက်တွေ့ကိုလေ့လာရေးဟာ သဘောတရားလေ့လာရေးလိုပဲ အရေးကြီးပါတယ်။ သဘောတရားလေ့လာရတာထက်လည်း အငြင်းပွားစရာတွေ များမှာပါ။ သဘောတရား လေ့လာရတာက ၁၉ ရာစု၊ ၂၀ ရာစုက ဂျာမဏီ၊ ပြင်သစ်၊ ရုရှား၊ တရုတ်တို့မှာ ဖြစ်ခဲ့တဲ့ လက်တွေ့ကို လေ့လာရတာပါ။ အဖြေထွက်ပြီးသား ပုစ္ဆာကို ပြန်ပြီးလေ့လာရတာမျိုးပါ။ ဒါကြောင့် အငြင်းပွားစရာ နည်းပါတယ်။ မျက်မှောက်လက်တွေ့ကတော့ အဖြေမထွက်သေးတဲ့ပုစ္ဆာ၊ နေ့စဉ်နဲ့ အမျှလည်း ပြောင်းလဲနေတဲ့ အဖြစ်အပျက်တွေကို လေ့လာရတာဖြစ်လို့ အငြင်းပွားစရာ များမှာပါ။ ကိစ္စမရှိပါ။ ငြင်းရင်းခုန်ရင်း အဖြေမှန် ရလာမှာပါ။

၂။ နိုင်ငံတကာ့အခြေအနေ လက်တွေ့ကို လေ့လာရတာက ဗမာပြည်လက်တွေ့ကို လေ့လာရတာထက် ခက်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာ့အခြေအနေကို ဖန်တီးသူ အင်အားကြီး နိုင်ငံတွေရဲ့ခြေလှမ်းကို စူးစမ်းလေ့လာရတာ ဖြစ်လို့ပါ။ သံရေးတမန်ရေး ဒစ်ပလိုမေစီ ကစားနေကြချိန် ဖြစ်လို့ ပိုခက်ပါတယ်။ စစ်ကြီးဖြစ်နေချိန်မှာဆိုရင် စူးစမ်းလေ့လာရတာ လွယ်ပါတယ်။ စူးစမ်းလေ့လာတာ များများလုပ်၊ ပုဂ္ဂလိကလေ့လာရရှိချက်ကို လေ့လာရေးကဏ္ဍစင်မြင့်မှာ တင်ပြကြ၊ ငြင်းကြခုန်ကြ အဲဒီလိုနဲ့ အဖြေမှန်ရမှာပါ။

ရှင်ကြီးဝမ်း၊ ရှင်ငယ်ဝမ်း ဝင်ဖူးတဲ့ 'ဗကပ' ဟာ အတွေးအခေါ်ရေးရာမှာ ကိုယ့်အားကိုယ်ကိုးအဖြေရှာဖို့ တစုံတရာ ရင့်ကျက်မှုရှိနေပါပြီ။ ဆေးစာဖတ်ရာ နားထောင်ပြီး၊ ရောဂါပျောက်နိုးနိုး လုပ်နေလို့မရတော့ပါဘူး။ ဗမာပြည်တော်လှန်ရေးနဲ့ ဗမာပြည် ပြည်သူတွေရဲ့ အကျိုးကျေးဇူးကို ဦးထိပ်ထားပြီး အဖြေမှန်ရှာကြရပါမယ်။ ကမ္ဘာ့လက်တွေ့၊ ဗမာပြည့်လက်တွေ့ကို စူးစမ်းလေ့လာကြရပါမယ်။

၃။ ကျွန်တော်တို့ပါတီဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီက ခရီးရှည်ချီတက်ပွဲကြီးအပြီး၊ ကမ္ဘာ့အခင်းအကျင်း (world order) အကျပ်အတည်း စဖြစ်ခါစမှာ 'ယင်အန်းလုပ်ဟန် ပြုပြင်ရေးလှုပ်ရှားမှု' လုပ်ခဲ့တာမျိုး လုပ်ရပါမယ်။ ဗမာပြည်တော်လှန်ရေး လက်တွေ့ရဲ့ ထူးခြားချက်ကို (ဆန္ဒစွဲမပါဘဲ) စူးစမ်းရှာဖွေရပါမယ်။ ဒါမှ ဗမာပြည်တော်လှန်ရေးကို အောင်ပွဲရသည်အထိ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ။



# ၂၁ ရာစုလက်တွေ့ကို လေ့လာရေး

## ကမ္ဘာ့အခင်းအကျင်း (world order) လွန်ပွဲ

၁။ ပုဂ္ဂလိကလေ့လာရရှိချက်ကို တင်ပြပါတယ်။ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ၂၁ ရာစုအစပိုင်းမှာ ‘WO လွန်ပွဲ’ သည်းသန်ပြင်းထန်ပါလိမ့်မယ်။ ရှုပ်ရှုပ်ထွေးထွေးလည်း ဖြစ်နေမှာပါ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးကိုက ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေလို့ပါ။

⁎ ဟိုရှေးရှေးကလည်း WO အကျပ်အတည်းတွေ ပေါ်ခဲ့ဖူးပါတယ်။ အကျပ်အတည်းပေါ်လာရင် စစ်နဲ့ပဲ ဖြေရှင်းကြလေ့ရှိပါတယ်။ အင်အားကြီးတွေပဲ အားစမ်းကြတာပါ။ အရှုံးအနိုင်ပြတ်အောင် တိုက်ကြပါတယ်။ ၂၀ ရာစုအစမှာပဲ ကမ္ဘာစစ်ကြီး ၂ ခု ဖြစ်ပါတယ်။ အရှုံးအနိုင်ပြတ်အောင် တိုက်ကြပါတယ်။ နိုင်တဲ့သူက WO စနစ် ချမှတ်ပါတယ်။ ရှုံးသူမှာ စကားပြောခွင့်တောင် မရှိပါ။ နိုင်တဲ့သူဆုံးဖြတ်ရာ နာခံရပါတယ်။

⁎ ၂၁ ရာစုအဝင်ကာလမှာတော့ ဖြစ်ပုံကဆန်းပါတယ်။ အရှုံးအနိုင်မပြတ်ပါ။ ‘စစ်အေးတိုက်ပွဲ’ ဘယ်သူနိုင်သလဲ၊ ဘယ်သူရှုံးသလဲ အပြတ်ပြောဖို့ ခက်ပါတယ်။

⁎ ဒုတိယကမ္ဘာစစ်အပြီး စစ်နိုင်သူထဲမှာ ဆိုဗီယက်ကွန်မြူနစ်တွေ ပါနေတယ်။ ၁၉၄၅ မှာ ကမ္ဘာ့ကုလသမဂ္ဂ (UN) ဖွဲ့တော့ သူ့ကို လုံခြုံရေးကောင်စီ (UNSC) အမြဲတမ်းအဖွဲ့ဝင် (၅) ဦး (P5) ထဲမှာ တနေရာပေးထားရတယ်။ အများစုနဲ့ အနိုင်မကျင့်နိုင်အောင်လည်း သူ့ကိုဗီတိုအာဏာ ပေးထားရတယ်။

⁎ (UN) စဖွဲ့တုန်းက အဖွဲ့ဝင် ၅၀ ပဲ ရှိတယ်။ အများစုက အမေရိကန်ရဲ့ လူတွေချည်းပဲ။ UNSC (P5) မှာလည်း KMT တရုတ်ကို နေရာ ပေးထားတယ်။ သပိတ်ဝင်အိတ်ဝင် မဲတမဲရဖို့ အမေရိကန်က တင်ပေးခဲ့တာပါ။ ဒါပေမဲ့ တရုတ်ပြည်တွင်းစစ်မှာ KMT ရှုံးတော့ တွက်ကိန်းလွဲသွားတယ်။ ၁၉၇၀ ပြည့်လွန်ကာလရောက်တော့ အမေရိကန်၊ တရုတ်စေ့စပ်ပြီး တရုတ်ကွန်မြူနစ်ကို (P5) မှာ နေရာပေးလိုက်ရတယ်။

⁎ UN မှာက အဖွဲ့ဝင် (၅၀) ကစခဲ့တာ အခုတော့ ၁၉၂ တိုင်းပြည် ဖြစ်နေပြီ။ ကိုလိုနီဟောင်းတွေအားလုံး လွတ်လပ်လာကြတယ်။ လွတ်လပ်ရင်လည်း UN ကို တန်းဝင်ကြတာပဲ။ အဲဒီတော့ UN ရဲ့ သွင်ပြင်က ပြောင်းသွားတယ်။ UN ဖွဲ့စကဆိုဗီယက်က ဗီတိုခဏခဏသုံးရတာကနေ အမေရိကန်က သုံးရတာ ဖြစ်သွားတယ်။

⁎ ဂျာမဏီ၊ ဂျပန် စစ်ရှုံးနိုင်ငံတွေကလည်း UN ထဲရောက်နေကြပြီ။ သူတို့လည်း အင်အားကြီးတွေ ပြန်ဖြစ်နေပြီ။ UNSC မှာ အမြဲတမ်းအဖွဲ့ဝင် ဖြစ်ချင်နေကြပြီ။

⁎ အိန္ဒိယ၊ သူကလည်း UN ဖွဲ့တုန်းက ရိုးရိုးအဖွဲ့ဝင်အဖြစ် ပါတယ်။ ကိုလိုနီတပိုင်း တရုတ်ပြည်က ကြီး ၅ ကြီး (P5) ထဲပါသလို ကိုလိုနီ အိန္ဒိယကလည်း UN အဖွဲ့ဝင်ဖြစ်နေတာပဲ။ ဒါဟာလည်း ဒုတိယကမ္ဘာစစ်အပြီး ထူးခြားချက်ပါ။

⁎ တောင်အာဖရိကတို့၊ ဘရာဇီးလ်တို့ကလည်း UNSC မှာ အမြဲတမ်းနေရာ မှန်းနေကြတယ်။ UN စဖွဲ့တုန်းက သူတို့လည်း အဖွဲ့ဝင် ၅၀ ထဲ ပါခဲ့ပါတယ်။ တောင်အာဖရိကမှာက အဲဒီတုန်းက လူဖြူအစိုးရပဲ။ အခု လူမဲအစိုးရ ဖြစ်နေပြီ။

ချုပ်ပြီးပြောရရင် ၁၉၄၅ ခုနှစ်တုန်းက အဲဒီအချိန်မှာ ရှိတဲ့ အင်အားအချိုးအစားအရ (ကိုယ်တိုင်း) နဲ့ ချုပ်ထားတဲ့ UN ဝတ်စုံဟာ ၂၀၀၆ ခုနှစ်ရောက်တော့ ကျဉ်းနေကျပ်နေပြီ။ ဒါကြောင့် UN ပြုပြင်ရေးကို ပြောနေကြတာပဲ။ ဘယ်လိုပြုပြင်မလဲ

ဆိုတာမှာတော့ အားလုံးကြိုက်တဲ့အဖြေ မတွေ့သေးဘူး။ အဲဒီလိုအခြေအနေကြောင့် 'WO လွှန်ပွဲ' ဖြစ်နေတာပါ။ ဒီလွှန်ပွဲက တော်တော်နဲ့လည်း ပြီးမယ့်ပုံ မပေါ်ပါဘူး။ ဟိုတုန်းကလို WO အကျပ်အတည်းကို စစ်နဲ့ဖြေရှင်းကြမလား ဆိုတာကိုတော့ စောင့်ကြည့်ရမှာပါ။ စစ်ဖြစ်ဖို့တော့ ဟိုတုန်းကလို လွယ်မှာမဟုတ်ပါဘူး။ ဒါကြောင့် 'WO လွှန်ပွဲ' က သိပ်ကြာမှာပါ။

## ၂။ **အခု ၂၁ ရာစုရဲ့ ထူးခြားချက်**

ဟိုအရင်တုန်းကဆိုရင် တည်ရှိနေတဲ့ WO ကို မကျေနပ်သူက ကမ္ဘာ့နံပတ်ဝမ်း နံပတ်တူးမဟုတ်။ အဆင့် ၃၊ ၄၊ ၅ တွေပဲ ဖြစ်လေ့ရှိတယ်။ သူတို့က ဝေစုရတာ မညီမျှဘူးဆိုပြီး၊ ဝေစုပြန်ခွဲဖို့ ထင်ရာစိုင်းလုပ်ရှားကြတာပဲ။ ဂျာမဏီ၊ ဂျပန်၊ အီတလီ အဲဒီလိုလုပ်ခဲ့တာပဲ။ အဲဒီလိုဖြစ်လာရင်လည်း တည်ရှိနေတဲ့ ကမ္ဘာ့အဖွဲ့အစည်း (နိုင်ငံပေါင်းချုပ်အသင်းကြီး League of Nations) က ထုတ်ပစ်လေ့ ရှိတယ်။ ထုတ်ပစ်လည်း သူတို့က မမှုဘူး၊ ထွက်တယ်ဆိုပြီး ဆက်ပြီးထင်ရာစိုင်းတာပဲ။

အခုတော့ အဲဒီလိုပုံစံ မဟုတ်တော့ဘူး။ WO ကို မကျေနပ်သူက ကမ္ဘာ့နံပတ်ဝမ်း (အမေရိကန်) ဖြစ်နေတယ်။ သူကလည်း ဂျာမဏီ၊ ဂျပန်၊ အီတလီတို့လို ထင်ရာစိုင်းတာပဲ။ ဒါပေမဲ့ UN က ထုတ်မပစ်ဝံ့ကြဘူး။ အမေရိကန်ကလည်း UN က ထွက်တယ်လို့ မလုပ်ဝံ့ဘူး။ အီရတ်ကိစ္စမှာ လုပ်နေပုံကို ကြည့်ပါ။ UN နဲ့ အပြတ်လမ်းမခွဲဘူး။ တခြားအင်အားကြီးတွေကလည်း အမေရိကန်ကို ထုတ်မပစ်ဝံ့ဘူး။ ချော့နေရတယ်။

ဒါဟာ ထူးခြားချက်တခုပဲ။ နောက် ထူးခြားချက်က စစ်အေးတိုက်ပွဲမှာ ဆိုဗီယက်ကွန်မြူနစ်ရှုံးတယ်။ နိုင်တဲ့သူက အမေရိကန် မဟုတ်ဘူး။ ရုရှားအရင်းရှင်လူတန်းစား ဖြစ်တယ်။ အခုတော့ ရုရှားအရင်းရှင်လူတန်းစားကို အမေရိကန် အကိုင်ရခက်နေတယ်။ အရောင်တော်လှန်ရေးတွေ (လိမ္မော်ရောင်တော်လှန်ရေး၊ သစ်ခွရောင်တော်လှန်ရေး ထင်ပါရဲ့) အဲဒါတွေကလည်း ရုရှားအရင်းရှင်ကို အထိမနာစေရုံမက ပိုပြီးတောင် ဆွပေးသလို ဖြစ်နေတယ်။ ဆိုဗီယက်နဲ့ တရုတ်ကွန်မြူနစ်တွေ အာဏာရနေကြတုန်းက အချင်းချင်းတကျက်ကျက် ရန်ဖြစ်ပေမယ့် အခုမဖြစ်တော့ဘူး။ ဒါလည်း ထူးခြားချက်ပဲ။

နောက်ထူးခြားချက်တခုက ဘယ်တုန်းကမှ မရှိဖူးတဲ့ အဆန်းအပြားပဲ။ ဟိုတုန်းက လွှမ်းမိုးနေတဲ့ ဗိုလ်လုပ်နေတဲ့ ပါဝါကို အားစမ်းတာက၊ ဗိုလ်မလုပ်ရတဲ့ တခြားပါဝါတွေ ဖြစ်လေ့ရှိပေမယ့်၊ အခုတော့ ပါဝါ (အင်အားကြီး) လို့ပြောမရတဲ့ လုပ်ကြံအကြမ်းဖက်ရေးဂိုဏ်းတခု ဖြစ်နေတယ်။ ဆိုဗီယက်ကွန်မြူနစ်ကို ဆန့်ကျင်ဖို့ဖွဲ့ခဲ့တဲ့ နေတိုး (NATO) က အာဖဂန်နစ္စတန်မှာ လာပြီးစစ်တိုက်နေရတယ်။

ထူးခြားချက်တွေကတော့ ထပ်ရှာရင် ထပ်တွေ့ဦးမှာပါ။ 'WO လွှန်ပွဲ' က တော်တော်နဲ့ပြီးမှာ မဟုတ်ပါဘူး။ အင်အားကြီးတွေ ကိုယ်စီထာဝရ အကျိုးစီးပွားအတွက် (အကြာကြီး) နိုင်ငံရေးကစားနေကြမှာပါ။ ဒီကစားပွဲမှာ ဗမာပြည်က ကြားညပ်ခံလို့ မဖြစ်ပါဘူး။

## ၃။ **ဗမာပြည်ရဲ့ ထာဝရအမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထား။**

၂၁ ရာစု ဝင်စကတည်းက ဗကပ က 'ပြည်ချစ်ဝါဒလမ်းစဉ်' တင်ပြခဲ့ပါတယ်။ 'WO လွှန်ပွဲ' ရေရှည်ဖြစ်တော့မှာကို ကြိုပြီးတွေးမိလို့ အဲဒီလို တင်ပြခဲ့တာပဲ။

'WO လွှန်ပွဲ' ထဲမှာ ဗမာပြည်ကို ကြားညပ်အောင် လုပ်တာတိုင်းဟာ မှားပါတယ်။ သန်းရွှေစစ်အုပ်စုမှာ ထင်ယောင်မှားမှုတခု ကြီးကြီးမားမား ရှိပါတယ်။ အဲဒါကတော့ သူတို့လက်ထက်မှာ ဗမာပြည်ဟာ ဘယ်တုန်းကမှ မရှိဖူးတဲ့ တည်ငြိမ်၊ ငြိမ်းချမ်းမှု ရှိနေတယ်ဆိုတဲ့ ထင်ယောင်မှားမှုပဲ။

သူတို့မမြင်တာ (မမြင်ဝံ့တာ) က ဗမာပြည်ဟာ ဘယ်တုန်းကမှနဲ့မတူအောင် နိုင်ငံတကာ့ခွင် (ဂွင်) မှာ အထီးကျန်ဖြစ်နေတယ် ဆိုတာပဲ။

UNSC မှာ ရုရှား၊ တရုတ်က ဗီတိုသုံးလိုက်တာကို 'နအဖ' က သူတို့ရဲ့ အောင်ပွဲလို့ထင်တာဟာ အမှားကြီးမှားတယ်။ ဒါဟာ 'WO လွှန်ပွဲ' မှာ ကြားညပ်ခံရတာပဲ။ ဗမာပြည်ရဲ့ ထာဝရအမျိုးသားအကျိုးစီးပွားထောင့်ကကြည့်ရင် ရှုံးပါတယ်။ ကိုယ်အချင်းချင်း ပြည်တွင်းမှာ တွေ့ဆုံစေ့စပ်လိုက်ကြရင် ပြီးမယ့်ကိစ္စမှာ သန်းရွှေစစ်အုပ်စုခေါင်းမာလို့ မဖြစ်သင့်တာ ဖြစ်သွားပါပြီ။ ဆက်ပြီးခေါင်းမာနေရင် ကြာလေခက်လေ ဖြစ်မှာပါ။

'WO လွှန်ပွဲ' ဆိုတာ အင်အားကြီးတွေပဲ ဆွဲကြတဲ့ပွဲ ဖြစ်တယ်။ စစ်နဲ့ဖြေရှင်းကြရရင်လည်း သူတို့ပဲ တိုက်ကြမှာပါ။ 'WO လွှန်ပွဲ' နဲ့ WO စစ်ပွဲအတွေ့အကြုံ (ဟိုတုန်းကလည်း) ဗမာပြည်ရခဲ့ဖူးပါတယ်။ ၁၉၄၀ ခုနှစ်များက အတွေ့အကြုံကို ပြန်ကြည့်ကြစေချင်တယ်။

## ၄။ **ကြုံဖူးတဲ့ အတွေ့အကြုံ။**

တရုတ်၊ ဂျပန်စစ်ပွဲ ၁၉၃၇ မှာ ဖြစ်တယ်။ ကမ္ဘာ့

အင်အားကြီးတွေက တရုတ်၊ ဂျပန် စစ်ပွဲမှာ မပါပေမယ့် ခြေရှုပ်ကြတယ်။ လွန်ပွဲဆွဲကြတယ်။ ဗမာပြည်ရဲ့ အရှင်သခင် အင်္ဂလိပ်က 'တရုတ် ဗမာလမ်းမကြီး' ၁၉၃၈ ခုနှစ်မှာ စဖောက်တယ်။ တရုတ်တပြည်လုံး ဂျပန်သိမ်းသွားမှာကို သူက မလိုလားဘူး။ အဲဒီလမ်းမကြီးကို ပိတ်လိုက်ဖွင့်လိုက်လုပ်ပြီး၊ ဂျပန်နဲ့ကစားတယ်။

၁၉၃၉ ကျတော့ ဥရောပမှာ စစ်ကြီးစဖြစ်တယ်။ ပြင်သစ်နဲ့ဒတ်ချ် ရှုံးတယ်။ အင်္ဂလိပ်က သူ့ကျွန်းပေါ်မှာ ကြုံ့ကြုံ့ခံနေရတယ်။ အရှေ့တောင်အာရှမှာရှိတဲ့ ပြင်သစ်ကိုလိုနီနဲ့ ဒတ်ချ်ကိုလိုနီတွေ ပိုင်ရှင်မဲ့ဖြစ်သွားတယ်။ အမေရိကန်က ဥရောပစစ်မှာ မပါဘူး။ 'ကြား' နေတယ် ပြောပြီး အင်္ဂလိပ်ဘက်က ပင်းတယ်။ ဂျပန်ကို ဖိအားပေးတာ လွန်သွားတော့ ၁၉၄၁ ခုနှစ်ကုန်မှာ ဂျပန်က ပုလဲဆိပ်ကမ်း ဗုံးကြဲတော့တာပဲ။

ဒီလိုအခြေအနေမှာ ဂျပန်က ဘာပဲဖြစ်ဖြစ် ဗမာပြည်ကို သိမ်းတော့မှာပါ။ အင်္ဂလိပ်ကလည်း ပြေးရမှာပါ။ ဒီအခြေအနေမှာ ကျွန်တော်တို့ မီးစင်ကြည့်ကရတာပါ။ BIA ရှိရှိ မရှိရှိ၊ ဂျပန် ဗမာပြည်ရောက်လာမှာပဲ။ PBF ရှိရှိ မရှိရှိ၊ အင်္ဂလိပ်ကလည်း ဗမာပြည်ပြန်လာမှာပဲ။ ဒါဟာ တကယ့်အဖြစ်ပါ။ အခိုင်အမာလက်တွေ့ပါ။

## ၅။ **ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး။**

ဗမာပြည်က ကိုလိုနီမဟုတ်တော့ပါဘူး။ ဟိုတုန်းကလို မီးစင်ကြည့်ကရတဲ့ အခြေအနေမဟုတ်ပါဘူး။ အမြော်အမြင်ရှိရင်၊ ပြီးတော့ လိမ္မာပါးနပ်ရင် ကိုယ့်ပြည်တွင်းမှာ ကိုယ့်စိတ်ကြိုက် ဖန်တီးနိုင်ပါတယ်။ ဗမာပြည်ရဲ့ ထူးခြားချက်ကို အကျိုးရှိအောင် သုံးနိုင်ပါတယ်။

အမေရိကန်က ၂၁ ရာစုကို အမေရိကန်ရဲ့ ရာစုနှစ် ဖြစ်ရမယ်လို့ ကြွေးကြော်နေတာပါ။ ဒီကြွေးကြော်သံကို အကောင်အထည် ဖော်နေမှာပါ။ ဒါဟာ အမေရိကန်အင်ပါယာ ထူထောင်ဖို့ ကြွေးကြော်တာပါ။

ဒါပေမဲ့ နယ်ချဲ့စနစ်အဟောင်းတုန်းကလို အင်ပါယာ ထူထောင်ချင်လို့ မရပါဘူး။ နယ်ချဲ့စနစ်အဟောင်းတုန်းက "ခရစ်ယာန်သာသနာပြုရေး၊ လူရိုင်းတွေကို လူယဉ်ကျေးတွေ ဖြစ်အောင် သင်ကြားပေးရေး" လို့ပြောပြီး၊ အင်ပါယာ ထောင်တာပါ။ နယ်ချဲ့စနစ်အသစ်က "ဒီမိုကရေစီရေးနဲ့ လွတ်လပ်မှု" လို့ပြောပြီး၊ အင်ပါယာထောင်ဖို့ ကြိုးစားနေရတာပါ။

နောက်တခု ထူးခြားတာက ဟိုတုန်းက သာသနာပြုချင်သူ၊ လူယဉ်ကျေးဖြစ်အောင် ဇာတ်သွင်းပေးချင်သူက များပါတယ်။ စပိန်နဲ့ ပေါ်တူဂီ ပြိုင်ဘက်ဖြစ်နေတုန်းကဆိုရင် ခရစ်ယာန်အချင်းချင်း မတိုက်နဲ့ မင်းကအရှေ့ဘက်တိုးချဲ့၊ မင်းကအနောက်ဘက်ချဲ့ဆိုပြီး ခရစ်ယာန်ပုပ်ရဟန်းမင်းကြီးက ဖြန်ဖြေပေးခဲ့ရဖူးပါတယ်။ ၁၄၉၄ ခုနှစ်တုန်းက ချုပ်တဲ့ Tordesillas စာချုပ်ဆိုတာ အဲဒီလို ကမ္ဘာကို ခွဲဝေပေးတဲ့ စာချုပ်ပါ။ ဇင်ကာ ဗမာပြည် ရောက်လာစေတဲ့ စာချုပ်ပါ။ နတ်သျှင်နောင် နာမည်ပျက်ရတဲ့အထိ ဖြစ်စေတဲ့ စာချုပ်ပါ။

နောက်တော့ အင်္ဂလိပ်နဲ့ပြင်သစ် နယ်မြေလုကြပြန်တယ်။ ဗမာပြည် ကျွန်လုံးလုံးဖြစ်ရတယ်။ နောက် အင်္ဂလိပ်နဲ့ဂျပန် လုကြပြန်တယ်။ ဗမာပြည်စစ်မြေပြင် ဖြစ်ရတယ်။

အခုတော့ အမေရိကန်ကို ပြိုင်မယ့်အင်အားကြီး မရှိပါဘူး။ အမေရိကန်ကလည်း တမင်ပဲ ရှောင်ပါတယ်။ တကောင်ကြွက် အထီးကျန်၊ အင်အားပျော့တဲ့နေရာမှာပဲ ဝင်တိုးပါတယ်။ အမာကိုရှောင် အပျော့ကို စားပါတယ်။ တစုံတရာ အားရှိတဲ့ နိုင်ငံတွေဆိုရင် တဖက်လှည့်နဲ့ ရန်တိုက်ပေးတာပဲ လုပ်ပါတယ်။ "ကျား ၂ ကောင်ကိုက်တာ တောင်ပေါ်က ထိုင်ကြည့်" ချင်ပါတယ်။

အခုခေတ်မှာ အဲဒီလို ကိုက်မယ့် 'ကျား' တွေ မရှိနိုင်ပါဘူး။

ဒီလိုအခြေအနေမျိုးမှာ ဗမာပြည်က အမြော်အမြင်သာရှိရင် ရှောင်နေလို့ ရပါတယ်။ ကိုယ့်အချင်းချင်း ပါးကိုက်နားကိုက် လုပ်နေရမယ့် အချိန် မဟုတ်ပါဘူး။

ဗမာပြည်ရဲ့ ထူးခြားတဲ့ ပထဝီအနေအထားကို အကောင်းဆုံးအသုံးချဖို့ လိုပါတယ်။

တရုတ်၊ အိန္ဒိယနဲ့ အရှေ့တောင်အာရှရဲ့ ဗဟိုချက်မဖြစ်နေတဲ့ ဗမာပြည်ကို [အာရှလမ်းမကြီး (ကားလမ်း) ပဲ ဖောက်ဖောက်၊ သံမဏိပိုးလမ်းမကြီး (ရထားလမ်း) ပဲ ဖောက်ဖောက်] ရှောင်သွားလို့ မရပါဘူး။

ဒီလိုအခြေအနေမျိုးမှာ ဗမာပြည်မှာ တည်ရှိနေတဲ့ "နိုင်ငံရေးပြဿနာ" ကို စိတ်ရှည်လက်ရှည် ကိုယ့်ပြည်တွင်းမှာပဲ (အချင်းချင်း) ဖြေရှင်းကြရပါမယ်။ တစိမ်းဝင်လာရင် (ဘယ်တစိမ်းပဲ ဖြစ်ဖြစ်) ဗမာပြည်အတွက် အခက်ကြုံစေပါလိမ့်မယ်။

နိုင်ငံရေးပြဿနာသာ ဖြေရှင်းပြီးရင် ဗမာပြည်ရဲ့ ကံဇာတာ မုချတက်လာပါလိမ့်မယ်။ ။



# အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးအဖွဲ့၏ နိုင်ငံလုံးဆိုင်ရာကွန်ဖရင့်သို့ ပေးပို့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သဝဏ်လွှာ

သို့

သဘာပတိအဖွဲ့

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးအဖွဲ့

မှ

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ – ၂၀၀၇ ခုနှစ်၊ မတ်လ ၂၈ရက်။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသော ရဲဘော်များခင်ဗျား–

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးအဖွဲ့၏ နိုင်ငံလုံးဆိုင်ရာကွန်ဖရင့် အောင်မြင်စေကြောင်းနှင့် ကောင်းမွန်သောအသီးအပွင့်များ ရရှိပါစေကြောင်း အူလှိုက်သဲလှိုက် ဆုတောင်းရင်း ဤသဝဏ်လွှာကိုအစချီခွင့်ပြုစေလိုပါသည်။

ယနေ့အချိန်သည် ဤကဲ့သို့သောကွန်ဖရင့်မျိုးကျင်းပရန် အသင့်တော်ဆုံးအချိန်ဖြစ်ပါသည်။ စစ်အေးပြီးဆုံးခြင်းသည် ကမ္ဘာကြီးအား အေးချမ်းမှုကိုသယ်ဆောင်လာရမည့်အစား အပူကွက်များတခုပြီးတခု ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ပြင် ထိုအပူကွက်များသည် ဒီနေ့ခေတ်၏ တဦးတည်းသော စူပါပါဝါကြီးက ဖြစ်စေချင်သည့်အတိုင်း အရှေ့အလယ်ပိုင်းဒေသ၏ အရှေ့ဘက်သို့ တိုး၍၊ တိုး၍လာနေပေသည်။

ပြည်တွင်းစစ်ဒဏ်ကို ရာစုနှစ်တဝက်ကျော်ခံစားနေရသည့် နိုင်ငံတခုမှ ပြည်သူများအနေဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာသည်ကို အင်မတန်မှတွေ့ချင်ပါသည်။ အထူးသဖြင့်မိမိတို့အပါအဝင် အိန္ဒိယသမုဒ္ဒရာပတ်လည်မှ နိုင်ငံများအတွက်ဖြစ်ပါသည်။

ယခုအခါကျွန်တော်တို့နိုင်ငံ၏ စီးပွားရေးမှာကျွမ်းထိုးမှောက်ခုံထိုးကျနေပြီး နိုင်ငံရေးနှင့် လူမှုရေးပြဿနာများမှာမူ မိုးသို့ထိုးတက်နေပါသည်။ နအဖအစိုးရက သူတို့၏ လမ်းပြမြေပုံ(၇)ချက်ကို အသေဆုပ်ကိုင်သွားလျှင် တနေ့တွင်ဗမာနိုင်ငံမပြိုကွဲနိုင်ဟု မပြောနိုင်ပါ။ မိမိတို့အနေဖြင့် ကိုယ့်နိုင်ငံ၏ပြဿနာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တက်သည်ကို ပထမဆုံးအကြိမ်အဖြစ် ရောက်သွားခဲ့ပါပြီ။ ဤသည်မိမိတို့နိုင်ငံကိုအရှက်ရစေရုံမက ကသောင်းကနင်းဖြစ်နေသောနိုင်ငံ၏ တံခါးပေါက်ကို ဝံပုလွေအားတံခါးဖွင့်ပေးခဲ့ပါသည်။ သို့ဖြင့် နယ်ချဲ့သမားများအတွက် အထူးတလည်ကြံဖန်နေရန်မလိုတော့ဘဲ ဖြစ်သွားနေသည်။ နအဖအနေဖြင့် ဂငယ်ကွေ့ပြန်ကွေ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို အမြန်ဆုံးမတည်ဆောက်လျှင် နိုင်ငံမှာသူတပါးပြသမျှနေရမည့်ဘဝကို ရောက်သွားနိုင်ပါသည်။

ဤအပူတပြင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် နိုင်ငံအသီးသီးမှပြည်သူများလက်တွဲကာ ပုံစံအမျိုးမျိုးသော နယ်ချဲ့ထိုးဖောက်မှုကို တံတိုင်းကာတားဆီးကြရပါမည်။ အမေရိကန်နှင့်သူ့အပေါင်းပါများက အီရတ်ကိုသိမ်းပိုက်ခြင်းကို ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် ဆန့်ကျင်ကန့်ကွက်နေကြခြင်းမှာ ဤဦးတည်ချက်အတိုင်း ချီတက်သည့်ကောင်းမွန်သော လက္ခဏာဖြစ်ပါသည်။ သို့သော် ပြောမည့်ပါးစပ်နှင့် တံတိုင်းကာမည့်လက်များ မလုံလောက်သေးပါ။

မိမိတို့အနေဖြင့် ရက်စက်ယုတ်မာသည့် မိမိတို့နိုင်ငံမှ စစ်အစိုးရအားဆန့်ကျင်သည့်တိုက်ပွဲကို တကမ္ဘာလုံးမှ ငြိမ်းချမ်းရေးချစ်မြတ်နိုးသော ပြည်သူများနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပေါင်းစပ်တိုက်ပွဲဝင်သွားကြပါမည်။

ရဲဘော်သဖွယ်

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

# ဒီမို ၂၀၀၆ နဲ့ AF (ယူကျို)

## ဒီမို ၂၀၀၆ ကြံဆချက်

၁၉၈၉ မတိုင်မီကဆိုရင် '၇၄ အခြေခံဥပဒေ' ကို စိတ်ဝင်စားတာ၊ တိုက်ဖျက်ဖို့ကြိုးစားတာ 'ဗကပ' ပဲ ရှိပါတယ်။ အဲဒီတုန်းက 'ဗကပ' နဲ့ ၁၉၈၉ နောက်ပိုင်း 'ဗကပ' မတူတော့ပါဘူး။ ဒါကြောင့်ပဲ 'ကာယကံရှင်' တွေ လုပ်သင့်လုပ်ထိုက်တာကို အခါအားလျော်စွာ အကြံပေးတာ၊ ညှိနှိုင်းတာ လုပ်ပါတယ်။ ဒါကို 'ဆရာကြီးလုပ်တယ်' လို့ အပြောခံရပါတယ်။ ဘာပဲဖြစ်ဖြစ် အပြောခံပြီး 'ဗကပ' လုပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြာလေ ဆိုးလေဖြစ်နေတဲ့ မိခင်ဗမာပြည်ရဲ့အဖြစ်ကို ထိုင်ကြည့်မနေနိုင်လို့ပါ။ တကိုယ်တော်လုပ်နိုင်တဲ့ အခြေအနေ မရှိတော့လို့ ကာယကံရှင်တွေကို တင်ပြနေတာ ဖြစ်ပါတယ်။ ဝိုင်းလုပ်ရင် နိုင်မယ်ထင်နေပါတယ်။

၂၀၀၄ ခုနှစ် ရောက်တော့ အကြံပေးတာသာမက တဆင့်တက်ပါတယ်။ သန်းရွှေတို့ ကြမ်းတော့ရမ်းတော့မယ်ဆိုတာ သေချာနေလို့ပါ။ ဒါကြောင့် "'ဒီမို ၂၀၀၆' ကြံဆချက်" ကို တိုးတိုးတိတ်တိတ် တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ပြဿနာပေါ်ပါတယ်။ ဘယ်လိုပြဿနာပေါ်သလဲဆိုတာကိုတော့ အတွင်းပိုင်းက တိုက်ဖော်တိုက်ဖက်တွေ သိပြီးသားပါ။ ဒါကြောင့် အကျယ်မပြောတော့ပါဘူး။

'ကြံဆချက်' ကို တင်စဉ်ကတည်းက "မှိုခိုသူ့ဒုက္ခ" ကို စဉ်းစားထားပြီး တင်တာပါ။ ဒါကြောင့်ပဲ လွတ်လွတ်ကင်းကင်း လုပ်နိုင်ကြဖို့ နည်းနာရှာခဲ့တာ ဖြစ်ပါတယ်။ Logo 'လိုဂို' ပဲရှိပြီး၊ ဗဟို မရှိပါဘူး။ "လူအုပ်ထဲခဲပစ်" သလို လုပ်ခဲ့ရတာပါ။ ဘီဘီစီက "တပ်ပေါင်းစုရှိသလား" လို့ မေးခဲ့တာ မလွန်ပါဘူး။ မေးသင့်တဲ့ မေးခွန်းပါ။

## ဗကပ ရဲ့ 'မှိုခိုသူ့ဒုက္ခ' ကို အကျယ်ပြောပါဦးမယ်။

တရုတ်တော်လှန်ရေး မအောင်မြင်စဉ်ကတည်းက ဗကပ AS (လက်နက်ကိုင်တိုက်ပွဲ) လုပ်နေတာပါ။ တရုတ် တော်လှန်ရေး အောင်မြင်တော့ သူတို့ရဲ့ ဖိတ်ခေါ်ချက်အရ "၂ နှစ်သင်တန်း" တက်ဖို့ ကေဒါတွေ လွှတ်ပါတယ်။ ဒါပေမဲ့ ဖြစ်ချင်တော့ ဘန်ဒေါင်းမူ (၁၀) ချက်၊ (မူ ၅ ချက်ကိုပဲ အသေးစိတ်ထားတာ) ၁၉၅၅ မှာ ပေါ်ပါတယ်။ သင်တန်းတက်နေသူတွေ ဗမာပြည် မပြန်နိုင်တော့ပါဘူး။ ဦးနု၊ ဗိုလ်အောင်ကြီး တို့ကလည်း ဘန်ဒေါင်းမူ '၅' ချက်ကိုင်ပြီး ပြန်မလွှတ်ဖို့ ပြောပါတယ်။ တရုတ်ပါတီဟာ 'ဝွကျ' တဲ့ အနေအထားရောက်သွားတယ်။

အဲဒီတုန်းက ဗမာပြည်ကို လျှို့ဝှက်ပြန်နိုင်ဖို့ 'ဗကပ' က ဗီယက်နမ်ပါတီ ရဲဘော်ဟိုချီမင်းကိုသွားပြီး အပူကပ်ပါတယ်။ "နိုင်ငံကြီးတွေ မလုပ်နိုင်တာ ဒို့နိုင်ငံငယ်တွေ လုပ်နိုင်တယ်" လို့ပြောပြီး။ ကူညီပါတယ်။ တယောက်စီခွဲပြီး ပြန်ဝင်ဖို့ပါ။

နောက်တခါ 'ဖြစ်ချင်တော့' အခြေအနေပြောင်းပြန်တယ်။ ဒီတခါက အကောင်းဘက် ပြောင်းတာပါ။ တရုတ်ပါတီနဲ့ နေဝင်းကို ကျေးဇူးတင်ရမှာပါ။ ဗမာပြည်ကို အသုတ်လိုက် ပြန်နိုင်ပါတယ်။ "ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲ" ကြောင့် ပြန်နိုင်တာပါ။

နေဝင်းကလည်း လူပါးပါ။ တရုတ်ကိုလည်း ကျေနပ်အောင်၊ ဗကပ ကိုလည်း နားလှည့်ပါးရိုက်ရအောင် အတုအယောင် ဆွေးနွေးပွဲ လုပ်ခဲ့ပါတယ်။ စစ်တိုက်လို့မရတာကို စားပွဲပေါ်မှာတင်ပြီး တောင်းနေလို့ ဆွေးနွေးပွဲ ပျက်ပါတယ်။ ကျွန်တော်တို့ရဲဘော်တွေ ပြန်လာနိုင်တာကပဲ အမြတ်တခုပါ။

နောက်တခါကတော့ နေဝင်း မိုက်တာပါ။ "ယဉ်ကျေးမှုတော်လှန်ရေး" မီးပေါင်မြင့်နေချိန်မှာ တရုတ်နဂါးကို သွားရန်စမိလို့ ဒဏ်ခတ်ခံရပါတယ်။ အရှေ့မြောက်ဒေသကြီး ပေါ်လာတယ်။ သောင်တင်နေတဲ့ တသုတ်လုံးပြန်လာနိုင်တယ်။ ရိုးရိုးပြန်တာ မဟုတ်ပါဘူး။ နယ်စပ်အခြေခံစခန်း ဖွင့်တယ်။ လက်နက်ခဲယမ်း၊ ဆေးဝါး၊ ရိက္ခာ လိုလေသေးမရှိ အကူအညီရတယ်။ ဒါပေမဲ့ တပါတည်းပဲ 'မှိုခိုသူ့ဒုက္ခ' က နည်းနည်းကနေ အများကြီး ဖြစ်တော့တာပဲ။ ၁၉၈၉ ဟာ 'မှိုခိုသူ့ဒုက္ခ' အထွတ်အထိပ်ရောက်ခဲ့

ရတာပါ။

အခု ကျွန်တော်တို့ တိုက်ဖော်တိုက်ဖက်တွေ တွေ့ရတဲ့ 'မှိုခိုသူ့ဒုက္ခ' နဲ့စာရင် အပုံကြီး ကြီးပါတယ်။ စစ်တိုက်ဖို့ လက်နက်၊ ခဲယမ်းရယ်၊ သောင်းချီပြီးရှိတဲ့တပ်ကြီး စားဖို့သောက်ဖို့ရယ်၊ ဆေးဝါးကုသဖို့ရယ်ကစပြီး အလုံးစုံ မှီခိုနေရတာပါ။ မှီခိုတာများတော့ ကိုယ့်ရည်ကိုယ်သွေး ညှံ့ပါတယ်။ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ပျက်ပါတယ်။ ဒီလိုနဲ့ပဲ ကမ္ဘာ့အခြေအနေ အပြောင်းအလဲမှာ 'ဗကပ' အလူးအလဲခံလိုက်ရတာ ဖြစ်ပါတယ်။

## 'ဒီမို ၂၀၀၆' ရည်ရွယ်ချက်

'ညောင် ၂ ပင် ညီလာခံ' တိုက်ဖျက်ဖို့ပါ။ (NLD ရဲ့ စည်းကမ်းချက်နဲ့ NLD က 'ညီလာခံ' တက်နိုင်လည်း ကောင်းတာပါပဲ။) အခုတော့ 'ဒီမို ၂၀၀၆' မအောင်မြင်ပါဘူး။ နအဖ က ကြိုက်တဲ့လူခေါ်ပြီး ကြိုက်တဲ့နေရာမှာ ကြိုက်တဲ့ အချိန်ရွေးပြီး လုပ်နိုင်နေတဲ့ 'ညီလာခံ' ကို လူထုပါမှ တိုက်ဖျက်နိုင်မှာပဲ။ NLD ကိုယ်တိုင်က တက်တက်ကြွကြွ ခေါင်းဆောင်မှ လူထုတက်ကြွမှာပါ။

NLD ရော လူထုပါ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ UNSC ရောက်ရေးဘက်ပဲ အာရုံရောက်နေလေတော့ မအောင်မြင်တာ မဆန်းပါဘူး။

လူထုတစိတ်တပိုင်း နိုင်ငံရေးနိုးကြားလာတာကိုပဲ အမြတ်လို့ ယူဆပါတယ်။

'ဒီမို ၂၀၀၆' ကြံဆချက်က 'ညောင် ၂ ပင်' တိုက်ဖျက်ဖို့ပါ။ 'ညောင် ၂ ပင်' က ပြီးတော့မှာပါ။ ၂၀၀၇ ကစပြီး 'AF- U/G ကြံဆချက်' ပဲ လုပ်မှာပါ။ RM (လမ်းပြမြေပုံ) အဆင့် '၄' မှာ အခြေခံဥပဒေ အတည်မဖြစ်အောင် တိုက်ဖျက်ရေးကို လုပ်မှာပါ။

ဒီပွဲမှာတော့ လူထုက ပါကိုပါရမှာပါ။ တပြည်လုံးအနှံ့ 'ဆန္ဒခံယူပွဲ' လုပ်ရမှာပါ။ ဒီမိုကရေစီဘက်တော်သားတိုင်းက တက်တက်ကြွကြွ၊ ရဲရဲရင့်ရင့် လူထုကိုရှေ့ဆောင်ရပါမယ်။ လူထုရဲ့ အနီးမှာနေပြီး လူထုကိုရှေ့ဆောင်ကြရမှာ ဖြစ်ပါတယ်။ လူထုက ဘယ်ဘက်ကို ပါမလဲ။ ဒါအရေးအကြီးဆုံးပါ။ နအဖ ညစ်မှာပါ။ ညစ်တာကို ပွင့်ကျအောင် ဖွင့်ချဖို့တာဝန်က ခေါင်းဆောင်ရဲ့ တာဝန် ဖြစ်ပါမယ်။ AF- U/G က ဥပဒေပ extra - legal ဖြစ်ပါတယ်။ legal လုပ်နိုင်သူတွေက ပိုလုပ်ရမှာပါ။

## ဗမာပြည်နိုင်ငံရေး (လွတ်လပ်ရေးခေတ်နိုင်ငံရေး) မှာ မိမိတို့ အားနည်းချက်။





* လက်နက်ကိုင်တိုက်ပွဲ A/S တိုက်ကြတယ်။ ဗကပ က "ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး" PDR အလံလွှင့်ပြီး တိုက်တယ်။ လူမျိုးစုခွဲထွက်ရေး A/S က "အမျိုးသား ဒီမိုကရေစီတော်လှန်ရေး" NDR အလံလွှင့်တယ်။ 'အမျိုးသား' ဆိုတာက သူ့လူမျိုးကိုပဲ ပြောတာပါ။ ဗမာမပါ,ပါဘူး။ သူတို့ချည်း ဗမာမပါတဲ့ တပ်ပေါင်းစုဖွဲ့တယ်။

* ဗမာ ဦးနု A/S လုပ်တော့လည်း 'ဗကပ' ကို ဆန့်ကျင်ပါတယ်။ သူ့ကို ဗကပ က တွဲလုပ်ကြဖို့ ကမ်းလှမ်းခဲ့ပါသေးတယ်။ သူပြည်ပ မထွက်ခင် ကမ်းလှမ်းတာပါ။ ဒါပေမဲ့ သူက ဦးလောရုံနဲ့ပဲ တွဲချင်တယ်။ ဗကပ အပေါ် အာဃာတထားတုန်းပဲ။ ၁၉၄၆ ခုနှစ်မှာ ဖဆပလ ထဲက 'ဗကပ' ကို ထုတ်ပစ်တဲ့ နောက်ဆုံး ဖဆပလ ဦးစီးအစည်းအဝေးတုန်းက သူ့ရဲ့ရပ်ခံချက်ကို တိုးချဲ့ပြီး ရပ်ခံတယ်။ ၁၉၄၆ တုန်းက အစည်းအဝေးမှာ သူက "ကွန်မြူနစ်ဝါဒ အစွန့်ရှည်ပါစေ၊ 'ဗကပ' ပျက်စီးပါစေ" လို့သာ ကြွေးကြော်ခဲ့တာပဲ။ ဒါပေမဲ့ A/S လုပ်တော့ 'ကွန်မြူနစ်ဝါဒ' တခုလုံးကိုပါ ဆန့်ကျင်ပစ်လိုက်တယ်။ အားကိုး မှီခိုစရာ ရှိတယ်ဆိုပြီး ဆန့်ကျင်ဝံ့တာပါ။ နောက်ဆုံးတော့ ဦးနုလည်း 'မှီခိုသူ့ဒုက္ခ' ကြောင့် ခေါင်းငုံ့ပြီး အိမ်ပြန်ရတယ်။ [ဗကပ က အာဃာတ မထားပါဘူး။ ယာယီအစိုးရကို သူဦးစီးပြီး (၁၉၈၈) က ဖွဲ့တာမှာ မကန့်ကွက်ခဲ့ပါဘူး။]

ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောနေတာက 'သူဖြူရင် ကိုယ်မည်း (မဲ) မယ်' လုပ်နေကြလို့ကတော့ စစ်အာဏာရှင်စနစ် မပြုတ်ဘူး။ နိုင်ငံခြားမှာပဲ အရိုးထုတ်ရတာနဲ့ ခေါင်းငုံ့ အိမ်ပြန်ရတာပဲ အဖတ်တင်မယ်လို့ ပြောချင်တာပါ။

'ဗကပ' က အတိအလင်း ပြောထားပါမယ်။ စစ်အာဏာရှင်စနစ် ပျက်သည်အထိ၊ ဒီမိုကရေစီရသည်အထိ၊ ရေဆုံးရေဖျား တိုက်မှာပါ။ သားစဉ်မြေးဆက်တိုက်ဖို့ ပြင်ထားပါတယ်။ ။

## ခနရှင်ဒီမိုကရေစီ

အခုပြောနေတဲ့ ဒီမိုကရေစီဟာ ခနရှင်ဒီမိုကရေစီပါ။ 'ဗကပ' လိုချင်တဲ့ အလုပ်သမား၊ လယ်သမား ဒီမိုကရေစီ မဟုတ်ပါဘူး။

NLD အာဏာရလည်း အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ အမှုထမ်း အရာထမ်း၊ ဈေးသူ ဈေးသား၊ မြို့သူမြို့သားတွေရဲ့ သမဂ္ဂ (အဖွဲ့အစည်း) တွေ လွတ်လပ်စွာ ဖွဲ့ခွင့်ရရင်

(ဗကပ) ကျေနပ်ပါပြီ။ "မြေပေါ်ကွန်မြူနစ်" ဆိုပြီး တက်ကြွ နိုးကြားသူတွေကို ဖိနှိပ်တာ မလုပ်ရင် ကျေနပ်ပါပြီ။

"ကျွန်တော်တို့ အာဏာရရင် ဗကပ ကို မတရားသင်း ကြေညာထားတာ ဖျက်သိမ်းပေးပါမယ်" လို့ တချို့က ပြောပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီလိုဆိုရင် ကောင်းတာပေါ့။ ဒါပေမဲ့ အထက်ကပြောခဲ့တဲ့ သမဂ္ဂတွေဖွဲ့စည်းခွင့်နဲ့ မြေပေါ်ကွန်မြူနစ်ဆိုသူတွေကို ဖိနှိပ်တာမလုပ်ရင်ကိုပဲ ကျေနပ်ပါပြီ။

ခုနေရှင်ဒီမိုကရေစီဟာ တချို့အတွက် နောက်ဆုံး ပန်းတိုင်ပါ။ ဗကပ အတွက်တော့ စခန်းထောက်ပါ။ မဖြစ်မနေဖြတ်သန်းရမယ့် စခန်းထောက်လို့ (အခု) ဆုံးဖြတ်ထားကြောင်း ပြောပါရစေ။ အဲဒီ ဒီမိုကရေစီရအောင်ပဲ လုပ်ကြပါ။ 'ဗကပ' ဝိုင်းဝန်းပါမယ်။ အနှောင့်အယှက် မဖြစ်စေရပါဘူး။ ။

**<u>ဒီမိုကရေစီရရင် သမဂ္ဂတွေဘယ်လို ဖွဲ့ကြမလဲ။</u>**

၁၉၄၅ ခုနှစ်တုန်းကလို ဗကပ နဲ့ ဆိုရှယ်လစ်ပါတီ အပြိုင်အဆိုင်မဖွဲ့သင့်ပါ။ ဖဆပလ ကွဲတော့ တည်မြဲကတဖွဲ့၊ သန့်ရှင်းကတဖွဲ့ ဖွဲ့တာမျိုးလည်း မလုပ်သင့်ပါ။

ဗကသ (ကျောင်းသားသမဂ္ဂ) ကို အတုယူသင့်ပါတယ်။ ။

**AF (ယူ/ဂျီ)**

'ဒီမို ၂၀၀၆' လိုမဟုတ်ပါဘူး။ ၂၀၀၆ နဲ့ ပိတ်ထားတဲ့ စီမံချက်မဟုတ်ပါဘူး။ RM '၇' ဆင့် မပြီးမချင်း လုပ်ပါမယ်။ ပြီးသွားရင်လည်း နည်းသစ်နဲ့လုပ်ပါမယ်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းနိုင်တဲ့အထိ လုပ်ဖို့စီမံချက်ပါ။

ဒါကြောင့် AF က ဒီမို ၂၀၀၆ လို မလုပ်ပါဘူး။ ဗမာပြည်ထဲမှာသာ UG၊ အမေရိကား၊ ဥရောပ၊ ထိုင်းစတဲ့ ပြည်ပမှာ O/G ဖြစ်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ပြောင်တွဲလုပ်လို့ မဖြစ်ပါဘူး။ စ၊ လယ်၊ ဆုံး ယူဂျီ – နေရာတကာမှာ ယူဂျီလုပ်ဖို့ပါ။ လုပ်နည်းအသစ်နဲ့ လုပ်ဖို့ပါ။ ပြီးတော့လည်း လျှို့ဝှက်လုပ်ဖို့ပါ။ ဂျပန်ခေတ်က လုပ်နည်းပါ။

ဒီတပတ် ဒီလောက်ပဲပြောပါရစေ။ ။



**ကွန်မြူနစ်ကြေညာစာတမ်း ထုတ်ဝေခြင်း နှစ် ၁၆၀ ပြည့်**

**ရဲဘော်တို့ –**

**၁၈၄၇ ခုနှစ် နိုဝင်ဘာလမှာ လန်ဒန်မြို့မှာ ကျင်းပတဲ့ ကွန်မြူနစ်အစည်းအရုံးရဲ့ ဒုတိယ ကွန်ဂရက်ဆုံးဖြတ်ချက်အရ မာ့က်စ်နဲ့အိန်ဂယ်တို့ ရေးခဲ့တဲ့ ကွန်မြူနစ်ကြေညာစာတမ်း စပြီးထွက်လာ တာ ၁၈၄၈ ဖေဖော်ဝါရီလမှာ ဖြစ်တယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလရောက်ရင် နှစ် ၁၆၀ ပြည့်တော့မယ်။ နှစ် ၁၆၀ ပြည့်တဲ့ နှစ်မှာ အဲဒီကြေညာစာတမ်း ဗမာဘာသာပြန်ကို ပြန်လည်ထုတ်ဝေဖို့ အစီအစဉ်ရှိကြောင်း အသိပေးပါတယ်။**

# ၂၁ ရာစုအတွက်

## အတွေးအမြင်

(၁)

'၂၁' ရာစုထဲဝင်လာတာ '၇' နှစ်ပဲရှိသေးသည်။ '၂၁' ရာစုမှာ ကမ္ဘာကြီးဘာဖြစ်မလဲ 'အတိအကျ' မပြောတတ်ပါ။ ပြောနိုင်တာ တခုတော့ ရှိသည်။ ကမ္ဘာ့အခြေအနေကို ဖန်တီးကြမည့် နိုင်ငံကြီးများတွင် ၂၀၂၀ ခုနှစ်အထိ အမြော်အမြင် ရှိကြသည်။ မိမိတို့တွင်ကော ရှိကြပါရဲ့လား။

'၂၀' ရာစုအဝင်ကာလကို ပြန်ကြည့်မိသည်။ ၁၉၀၀ ပြည့်နှစ်တုန်းက ဗမာပြည်က ကိုလိုနီဖြစ်စ ပူပူနွေးနွေးရှိသေးသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်အင်အားစုများ စစ်ရှုံးကာ လက်ပန်းကျနေချိန် ဖြစ်သည်။ အင်္ဂလိပ်အလိုတော်ရိ ပဒေသရာဇ်အင်အားစုများက မင်းမြှောင်ကပ်ပါး တန်ခိုးထွားနေချိန် ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံကြီး အိန္ဒိယကတော့ ပထမ အိန္ဒိယ လွတ်လပ်ရေးတိုက်ပွဲ (၁၈၅၇– ၅၈) (အင်္ဂလိပ်ကတော့ အိန္ဒိယ တပ်တွင်း ပုန်ကန်မှုဟုဆိုသည်။) ရှုံးထားပြီးပြီ။ အိန္ဒိယကွန်ဂရက်ပါတီ ထူထောင်ပြီးစ လွတ်လပ်ရေးတိုက်ပွဲ တိုက်နေပြီ။ ကွန်ဂရက်ပါတီ၏ လွတ်လပ်ရေးတိုက်ပွဲ အရှိန်မရသေးချိန် ဖြစ်သည်။ နောက်အိမ်နီးချင်း တရုတ်ကတော့ ၁၉၀၀ ပြည့်မှာပဲ မြို့တော်ကို နယ်ချဲ့ပေါင်းစုံတပ်များ အသိမ်းခံရပြီ။ ဩဇာခံနယ်မြေတွေ ခွဲဝေယူတာခံနေရပြီ။ ဒါက '၂၀' ရာစုအဝင် ပုံကြမ်း ဖြစ်ပါသည်။

'၂၁' ရာစုအဝင် ပုံကြမ်းကတော့ ဗမာပြည် လွတ်လပ်နေပြီ။ စစ်အာဏာရှင်စနစ်က အသားကျသလောက် ဖြစ်နေပြီ။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ဒီမိုကရေစီ အင်အားစုများတွင် ဘုံလုပ်ငန်းစဉ် မရှိသေး။ ပြည်တွင်းပြဿနာ ပြည်တွင်းမှာ မရှင်းနိုင်ကြလို့ နိုင်ငံတကာ့ဂွင် (ခွင်) တင်ပြီးနေရပြီ။ အိန္ဒိယရော တရုတ်ပါ အားကောင်းမောင်းသန် နိုင်ငံတကာ့ဂွင်မှာ လူတွင်ကျယ် ဖြစ်နေကြပြီ။ '၂၀' ရာစု အင်ပါယာရှင် အင်္ဂလန်က '၂၁' ရာစုရဲ့ တဦးတည်းသောဗိုလ် အမေရိကားရဲ့ ဂျူနီယာပတ်တနာ တပည့်လက်သား ဖြစ်နေပြီ။ ဒါက '၂၁' ရာစုမှာ အလေးထားစရာ အိမ်နီးချင်းတွေနဲ့ အိန္ဒိယသမုဒ္ဒရာကို လွှမ်းမိုးထားတဲ့ ကမ္ဘာ့ဗိုလ်ကြီးတို့ရဲ့ အနေအထား ပုံကြမ်း ဖြစ်ပါသည်။

ဗမာပြည်အနေနှင့် အလေးထားစဉ်းစားရမည့် ပြင်ပအကြောင်းအချက်မှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ '၃' ပွင့်ဆိုင်တို့၏ ဆက်ဆံရေး ဖြစ်သည်။ ပြည်ပအကြောင်းအချက်က ဘယ်လိုပဲဖြစ်ပါစေ၊ ပြည်တွင်းအကြောင်းအချက် ကောင်းနေလျှင် ဘာကိုမှကြောက်စရာ မလိုပါ။ ကြုံသမျှကို ရင်ဆိုင်နိုင်ပါသည်။ ပြည်တွင်းအကြောင်းအချက် ကောင်းဖို့ဆိုတာက အမျိုးသား ညီညွတ်ရေးရှိဖို့ ဖြစ်ပါသည်။

(၂)

၂၁ ရာစုအဝင်နဲ့ ၂၀ ရာစုအဝင် ဒီ '၂' ခု အခြေအနေချင်း မတူပါ။ '၂၀' ရာစုဝင်တုန်းက အင်အားကြီးတွေ စစ်တိုက်နေကြပါသည်။ ၁၉၀၅ ခုနဲ့ ၁၉၁၁ ခုတွင် မော်ရိုကို အကျပ်အတည်းကြောင့် ပြင်သစ်နဲ့ဂျာမဏီတို့ စစ်ဖြစ်မလို ဖြစ်ခဲ့သည်။ ရုရှားနဲ့ ဂျပန်ကတော့ ၁၉၀၄– ၀၅ မှာ စစ်တိုက်ကြသည်။ ဂျပန်က ၁၉၁၀ မှာ ကိုရီးယားသိမ်းသည်။ ပထမကမ္ဘာစစ်ကြီး ၁၉၁၄– ၁၈ မှာ ဖြစ်သည်။ '၂၁' ရာစုမှာတော့ အဲဒီလိုဖြစ်မည့်ပုံ

မပေါ်ပါ။ နိုင်ငံကြီးတွေရဲ့ ၂၀၂၀ အထိ အမြော်အမြင်တွေမှာ စစ်ကြီးတိုက်ဖို့ အစီအစဉ်မတွေ့ရပါ။ စစ်မတိုက်ရဘဲ အနိုင်ယူဖို့ပဲ စီစဉ်ကြပုံရပါသည်။

ဒီလို ဖြစ်ရတာကလည်း (၂၀ ရာစု အတွေ့အကြုံအရ) အကြောင်းအချက် '၂' ခုကြောင့်လို့ တွက်နိုင်သည်။

* တခုက ကမ္ဘာစစ် (စစ်ကြီး) ဖြစ်လျှင် ဆိုရှယ်လစ်တော်လှန်ရေးတွေ ပေါက်ကွဲတတ်လို့

* နောက်တခုက MAD; Mutual Assured Destruction အနုမြူစစ်ဖြစ်လျှင် သူမသာ ကိုယ်မသာ အားလုံးမသာ ဖြစ်မှာသေချာတယ် ဆိုသည့် စည်းကမ်းကလနားကို ၂ ဘက်စလုံးက လက်ခံထားကြလို့ ဖြစ်သည်။

'ဆိုရှယ်လစ်တော်လှန်ရေး' ဆိုတာက ထပြီးလုပ်ချင်တိုင်း လုပ်မရပါ။ တော်လှန်ရေးသဘောတရား လက်နက်တပ်ဆင်ထားသော မာ့က်စ်ဝါဒ အင်အားစုရှိမှ ဖြစ်သည်။ ဒါကြောင့်ပဲ မာ့က်စ်ဝါဒ မထကြွနိုင်အောင် 'သမိုင်းနိဂုံးချုပ်' 'မာ့က်စ်ဝါဒနိဂုံးချုပ်' စတဲ့စတဲ့ 'နိဂုံးချုပ်ဝါဒ' တွေ အများကြီးကို ခေနရှင်ပညာတတ်တွေက တီထွင်ဝါဒဖြန့်နေကြတာ ဖြစ်သည်။ လူတန်းစားတိုက်ပွဲ သဘောတရားအစား ယဉ်ကျေးမှုချင်းတိုက်ပွဲကို အစားထိုးနေကြတာ ဖြစ်သည်။

MAD ကို အစားထိုးဖို့ကတော့ တနည်းပဲရှိသည်။ ကိုယ်က လက်နက်အင်အား အဆမတန်အားကြီးအောင် လုပ်ရေးဖြစ်သည်။ တဖက်သား နာလန်မထူနိုင်အောင် ကိုယ်က ဦးအောင်ဆော်ထည့်လိုက်နိုင်ဖို့ လက်နက်အင်အား သာလွန်အောင် လုပ်ထားဖို့ဖြစ်သည်။

အထက်ပါ '၂' ခု စိတ်မချရဘဲ စစ်ကြီးထတိုက်ကြမှာ မဟုတ်ပါ။ ၂၀၂၀ ခုနှစ်အတွင်းမှာ စိတ်ဓာတ်အင်အားပြိုင်ပွဲ၊ လက်နက်အင်အားပြိုင်ပွဲ၊ ကမ္ဘာ့စနစ်လွန်ပွဲပဲ ဖြစ်နေကြပါလိမ့်မည်။

(၃)

'၂၁' ရာစု နိုင်ငံရေးကို '၂၀' ရာစု အတွေးအမြင်ဖြင့် လုပ်နေကြလို့ မဖြစ်ပါ။ အတွေးအမြင်သစ်ဖြင့် လုပ်ကြရပါမည်။

'ဘယ်တုန်းကမှ မရှိဖူးတဲ့ ငြိမ်းချမ်းတည်ငြိမ်ရေး' 'ဘယ်တုန်းကမှ မရှိဖူးတဲ့ တည်ဆောက်ရေး' ဆိုတဲ့ အပြောတွေ စစ်အုပ်စုက လျှော့စေချင်သည်။ ပကတိအဖြစ်မှန်ကို ရဲရဲကြည့်စေချင်သည်။

မိမိတို့ဘက်ကလည်း '၂၁' ရာစု နိုင်ငံတကာ့အခြေအနေနဲ့ လိုက်လျောညီထွေရှိသည့် 'လမ်းစဉ်သစ်' လုပ်ဆောင်ကြရပါလိမ့်မည်။ ။

**သန်းရွှေက 'ကိုလိုနီလက်သစ်' ဆန့်ကျင်ရေးတွေ သိပ်ပြောနေတယ်။ လွှတ်ထားလိုက်ပါ။ နေဝင်းရဲ့ 'ဆိုရှယ်လစ်တော်လှန်ရေး' တုန်းကလို သဘောထားလိုက်ပါ။ တနေ့ရုပ်သွားမှာပါ။ စစ်အုပ်စုတွေဟာ အာဏာသိမ်းဖို့နဲ့ အာဏာကို ထိန်းထားဖို့ဆိုရင် နိုင်ငံရေးကြွေးကြော်သံ တခုခုထုတ်ပြီး မှိုင်းတိုက်စမြဲပဲ။**



# မှားယွင်းတဲ့ အတွေးအခေါ်ကိုဖယ်ရှား တိုက်ပွဲနည်းပရိယာယ်နဲ့ တိုက်ပွဲနည်းနာများကို ပိုမိုကြွယ်ဝအောင် မြှင့်တင်

(၁)

ရုရှားတော်လှန်ရေးမှာ ၁၉၀၅ ခု ဆိုရှယ်ဒီမိုကရက်တစ်ပါတီရဲ့ နည်းပရိယာယ်လမ်းစဉ်ကို ရေးဆွဲခဲ့စဉ်က "မြင့်တက်လာနေသည့် တော်လှန်ရေး ဒီရေက နည်းပရိယာယ်လမ်းစဉ်ရေးဆွဲဖို့ အမိန့်ပေးခဲ့သည်။ ပစ္စည်းမဲ့များ ရင်ဆိုင်နေရသည့် လက်တွေ့ပြဿနာများက အမိန့်ပေးခဲ့သည်။ နှောင့်နှေးခြင်းကို ခွင့်မပြုချေ" လို့ ပြောခဲ့ဖူးတယ်။

ဗမာပြည်မှာ ဖက်ဆစ်ဂျပန် ဝင်တော့မယ့်အချိန်ကတည်းက ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်ရေးအယူအဆ စတင်ဖြစ်တည်နေခဲ့ပြီးသား။ ဒါပေမဲ့ မပြတ်သားသေး "ဖက်ဆစ်ဂျပန်ကိုလဲတိုက်၊ နယ်ချဲ့အင်္ဂလိပ်ကိုလည်းတိုက်" ဆိုတဲ့ အယူအဆ "အင်္ဂလိပ်ကိုပဲ ဦးတည်တိုက်" ဆိုတဲ့ အယူအဆတို့ဟာ "ဖက်ဆစ်ဂျပန် ဦးတည်တိုက်" ဆိုတဲ့ အယူအဆနဲ့ စင်ပြိုင်ရှိနေခဲ့တယ်။ နောက်မှ ဗမာပြည်လက်တွေ့ ပြဿနာတွေက ပြတ်သားတဲ့ နည်းပရိယာယ် လမ်းစဉ်ချမှတ်ဖို့ တောင်းဆိုလာတာမို့ "မဟာမိတ်နဲ့ပေါင်း ဖက်ဆစ်ဂျပန်ကို ဦးတည်တိုက်" ဆိုတဲ့ နည်းပရိယာယ်လမ်းစဉ် ပေါ်ခဲ့တာပဲ။

ဒီကနေ့ အခြေအနေမှာ "မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲ" "မဟာဗျူဟာရည်မှန်းချက်" ဆိုတဲ့ အသံတွေ ကြားလာရတယ်။ ဗမာပြည်ရဲ့ အခြေအနေကတော့ ပြည်သူတွေဒုက္ခနဲ့ အကျပ်အတည်းတွေက တဆင့်ထက်တဆင့် ပိုမိုကြီးမားလာနေတာ ဖြစ်တယ်။ ဒီလက်တွေ့အခြေအနေနဲ့ ပြဿနာတွေက စစ်အစိုးရဆန့်ကျင်ရေး အင်အားစု အသီးသီးအပေါ် ပိုမိုရိုက်ခတ်မှာ အမှန်ပါ။ မတူတဲ့အင်အားအသီးသီးက မတူတဲ့ မဟာဗျူဟာ ရည်မှန်းချက်တွေ၊ နည်းဗျူဟာ ရည်မှန်းချက်တွေ ချမှတ်ကြတာလည်း သဘာဝကျတယ်လို့ ဆိုရမယ်။ ဘော်ရှီဗစ်တွေနဲ့ မင်ရှီဗစ်တွေဟာလည်း တချိန်တည်းမှာကို မတူတဲ့နည်းပရိယာယ်တွေ ချခဲ့ကြတယ်။ နအဖ ကလည်း နည်းဗျူဟာ လမ်းစဉ်တွေ ချခဲ့တာပဲ။ လမ်းပြမြေပုံ ဆိုတာ၊ အမျိုးသားညီလာခံဆိုတာ စသဖြင့် ... အခုလိုအချိန်စောစွာကတည်းက ရွေးကောက်ပွဲကို လေသံပစ်လာတာကလည်း နည်းပရိယာယ်သစ်တခုလို့ ယူဆရမယ်။

အတိုက်အခံ အင်အားစုတွေရဲ့ နည်းဗျူဟာရည်မှန်းချက်မှာ လူထုစွမ်းအား၊ လက်နက်ကိုင်စွမ်းအား၊ နိုင်ငံရေးစွမ်းအား၊ နိုင်ငံတကာ့လှုပ်ရှားမှု ... နည်းလမ်းပေါင်းစုံ ကျင့်သုံးရေးဆိုတာလည်း သတိပြုမိတယ်။

ဒီအချိန်မှာပဲ ဗမာပြည်တွင်းမှာ အတိုင်းအတာမကြီးမားသေးတဲ့ လူထုလှုပ်ရှားမှုကလေးတွေ ပုံစံအမျိုးမျိုးနဲ့ ကြိုးကြားကြိုးကြား ပေါ်လာနေတာကလည်း အလေးထားရမယ့် ပြောင်းလဲမှုတရပ်ပါ။

(၂)

နအဖ က တွေ့ဆုံဆွေးနွေးမှုနဲ့ နိုင်ငံရေးပြဿနာ အဖြေရှာရေးကို ခေါင်းမာမာနဲ့ ငြင်းထားတယ်။ ဘာလို့လဲ။ အသာစီးရနေတဲ့ သူ့အင်အား အနေအထားပေါ်က ခေါင်းမာနေတာပဲ။ သူ့ကို ဖိအားပေးနိုင်တဲ့၊ အကျပ်ကိုင်နိုင်တဲ့ အင်အားတရပ် ဖွံ့ဖြိုးမလာသေးလို့ပဲ။

သူ့ကို အကျပ်ကိုင်နိုင်တဲ့ အင်အားက ပြည်ပမှာရှိတယ်ဆိုတဲ့ အမြင်ကတော့ ဗမာပြည်ရဲ့အနာဂတ် အရေးအတွက် အတော်အန္တရာယ် ကြီးတယ်။ သည်အမြင်က အဓိကကျတဲ့ အတိုက်အခံ အင်အားတွေ အတွင်းမှာရော၊ တခြားအင်အားစုတွေမှာ ရှိနေကြပြီး ပိုမိုကျယ်ပြန့်လွှမ်းမိုးလာမယ် ဆိုရင်တော့ ရင်လေးစရာကောင်းလာလိမ့်မယ်။ အခုကို လူထုထဲမှာ အတော်ပြန့်နှံ့နေတယ်။

ဆိုက်ကားဆရာ၊ မြင်းလှည်းဆရာ စတဲ့ အောက်ခြေ လူတန်းစားတွေထဲမှာကို တရုတ်နဲ့ ရှရှားတို့က ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှာ ဗမာပြည်ပြဿနာ ဆွေးနွေး ရေးကိစ္စ ဗီတိုအာဏာသုံးခဲ့တာကို မကျေ မနပ်ပြောဆိုတာတွေ ဖြစ်နေတယ်။

မဟာဗျူဟာ၊ နည်းဗျူဟာတွေ အကြောင်း ကြားနေရတဲ့ တချိန်တည်း မှာပဲ "ဥပဒေတွင်း လူထုတိုက်ပွဲ" အ ကြောင်း လေ့လာတင်ပြချက် စာတမ်း တစောင် တွေ့မိတယ်။ ကြိုဆိုရမယ်လို့ ထင်တယ်။ ဒါပေမဲ့ လူထုတိုက်ပွဲတွေ ဖွံ့ဖြိုး တိုးတက်လာရေးကို ကြီးကြီးမားမား အဟန့်အတားပြုနေတာက အထက်ပါ "ပြည်ပတိမ်းညွတ်မှု" အန္တရာယ်ပဲ။ အဓိကနဲ့အရံ ခွဲခြားမထားရင် မှားတယ်။ နိုင်ငံတကာ့အကူအညီကို မပစ်ပယ်ဘူး။ ဒါပေမဲ့ အဓိကအခန်းမှာ နေရာမပေး သင့်ဘူး။

လူထုတိုက်ပွဲတွေ နှောင့်နှေး စေတဲ့ နောက်ထပ်အန္တရာယ် တခုက တော့ "ခေါင်းငုံ့ခံရေးဝါဒ" ပဲ။ ပြည်သူ လူထုကို စည်းရုံးခေါင်းဆောင်နေတဲ့ အင် အားစုတွေရဲ့ အာဘော်တွေ၊ လုပ်ရပ် တွေဟာ လူထုအပေါ် ဂယက်ရိုက်မှုကြီး တယ်။ လူထုမှာ တွေဝေထိုင်းမှိုင်းမှုတွေ ရေရှည်ဖြစ်နေမယ်ဆိုရင် ခင်ဗျားရဲ့ နည်း ပရိယာယ်လမ်းစဉ် ခင်ဗျားဘာသာ ပြန်စစ် ဆေးပေရော့။

အကြွင်းမဲ့ အာဏာဖီဆန်ရေး ရော၊ ခေါင်းငုံ့ခံရေးသက်သက်ရော ၂ မျိုး စလုံး အမှားချည်းပဲ။ ဒါပေမဲ့ ဗမာပြည် နိုင်ငံရေးရပ်ဝန်းမှာ လွှမ်းမိုးမှုက အကြွင်းမဲ့ အာဏာဖီဆန်ရေး မဟုတ်ဘူး။ ခေါင်းငုံ့ခံ ရေးသက်သက်ဝါဒဘက် တိမ်းညွတ်နေမှု ပဲ။ ခုတလော နအဖ နဲ့ ပင်းလုပ်တဲ့ လှုပ်ရှားမှုတွေ၊ နအဖ ဘက်ကို ပင်းတဲ့ လေသံပစ်မှုတွေကလဲ ဒီအခြေ အနေကို ပိုဆိုးစေတယ်။

ပြည်တွင်းမှာ လူထုလှုပ်ရှားမှု ပေါ်လာမှာကို ဟန့်တားတဲ့ နောက်အယူ အဆ တမျိုးကတော့ "လူထုကို လမ်းပေါ် ထွက်ခိုင်းနေတာဟာ လူထုကို အသေခံ ခိုင်းနေတာပဲ။ ရှစ်လေးလုံး အရေးတော်ပုံ တုန်းကလို အသက်ဆုံးပါးမှုတွေ၊ ဝရုန်း သုန်းကား ဖြစ်မှုတွေပေါ်စေဖို့ ဦးတည် တာပဲ" ဆိုတဲ့ အယူအဆပါ။ ဒါဟာ လူထု အပေါ်စေတနာထားလေဟန်နဲ့ တကယ် ကတော့ လူထုတိုက်ပွဲတွေကို နအဖ ကြောက်သလို ကြောက်နေတဲ့ အတွေး အခေါ်ပါ။ တိုက်ပွဲတွေဟာ လူထုသေကြေ စေဖို့ မဟုတ်ဘူး။ လူထုကိုကယ်တင်ဖို့ ပါလို့ ပြောချင်တယ်။ ဒီကနေ့ ဗမာပြည်မှာ လူတွေဘဝပျက်နေတာတွေ၊ သေကြေ နေရာတာတွေ ဒုနဲ့ဒေး။ စစ်တိုက်ရာမှာ သေတယ်။ တော်ပြတ်ဆင်းရဲလို့ သေတယ်။ ဆေးဝါးမကုနိုင်လို့ သေတယ်။ ပေါ်တာ အဆွဲခံရလို့ သေတယ်။ မူးယစ်ဆေးဝါး ကြောင့် သေတယ်။ ချုပ်လိုက်ရင် စစ် အာဏာရှင်စနစ်ရဲ့အောက်မှာ တိုင်းပြည် ယိုယွင်းလာလို့ အထွေထွေအကျပ် အတည်းဆိုက်လို့ တတိတိနဲ့ တအိအိ ဘဝပျက်ကြ၊ သေကြရတာပဲ။ အကျဉ်း ထောင်ထဲမှာ ဖိနှိပ်ညှင်းပန်းခံရလို့ သေရသူ ကလည်း အများကြီး။ ဒီအခြေအနေက လွတ်ဖို့ လူထုဟာ တိုက်ပွဲဆီဦးတည် ရမယ်။ ဒါဟာ သေစေရေး မဟုတ်ဘူး။ လွတ်မြောက်စေရေး ဖြစ်တယ်။ "တော်ရင်း မသေ၊ တိုက်ရင်းသေမယ်" ဆိုတာ ဒီ သဘောမျိုးပဲ။ လူထုသေကြေရတာ တိုက်ပွဲကြောင့် မဟုတ်ဘူး။ အစိုးရရဲ့ လက်နက်အားကိုး ဖိနှိပ်မှုကြောင့် ဖြစ် တယ်။ (လူထုသေကြေဆုံးရှုံးမှု နည်းပါး အောင် တိုက်ပွဲနည်းပရိယာယ်က ဖန်တီး ပေးနိုင်တယ် ဆိုတာလည်း မေ့မထားသင့် ဘူး။ ရန်သူက ဗရမ်းဗတာ အကြမ်းဖက် သတ်ဖြတ်မှုတွေ လုပ်လာတဲ့အခါ အရဲစွန့် ပြီး တိုက်ပွဲမဆင်ရဘူး။ ကြွေးကြော်သံမှာ တောင် အကန့်အသတ်ရှိတဲ့ တိုက်ပွဲကြွေး ကြော်သံတွေတင်ရမယ်ဆိုတဲ့ တိုက်ပွဲ လမ်း ညွှန်ချက်တွေ ဖြစ်လာတာကိုက တိုက် ပွဲဟာ သေစေရေးကို ဦးတည်တာ မဟုတ် ကြောင်း ပြဆိုနေတယ်။)

ကမ္ဘာပေါ်က ဘယ်တော်လှန် ရေးမဆို လူသေတာကတော့ ရှိစမြဲပဲ။ တော်လှန်ရေးသမားတွေလည်း လူထုနဲ့ အတူ အသေခံသွားကြတာပဲ။ ဒါပေမဲ့ လူထုတိုက်ပွဲတွေဟာ အချိန်ရွှေ့ဆိုင်းတာ ဖြစ်ချင်ဖြစ်မယ်၊ ဘယ်တော့မှ ရပ်သွား တယ်ဆိုတာ မရှိဘူး။ လူထုဟာ သူ့လွတ် မြောက်ရေးဆီ ဆက်လက်ချီတက်မြဲပဲ။

နိုင်ငံရေးအင်အားစုတွေထဲ ဝင် မွှေနေတဲ့ နောက်ထပ်အတော်ဆိုးတဲ့ အယူအဆတမျိုးကတော့ လူထုကို "ကြောက်တတ်တဲ့လူထု" လို့ ထင်နေ တာ ဖြစ်တယ်။ အဖွဲ့အစည်းတွေ၊ ခေါင်း ဆောင်တွေဆိုတာ တခါတလေ ကလေး ကလားဆန်တတ်ပြီး လူထုကတော့ ထာ ဝစဉ်ကြီးမြတ်သူ ဖြစ်တယ်။ အကြောက် တရား လွှမ်းမိုးစေမယ့် အခြေအနေကို အုပ်စိုးသူက ဖန်တီးပေးနေပေမယ့် လူထု ဟာ သူ့ရဲ့ သူရသတ္တိပြောင်မြောက်မှုကို အထင်အရှားပြလိမ့်မယ်။ အရင်ကလည်း ပြခဲ့ပြီးပြီ။ နောက်မှာလည်း ပြဦးမှာပါ။

အခုကိုပဲ ပြည်သူလူထုမှာ သူရသတ္တိရှိကြောင်း ပြသတဲ့တိုက်ပွဲ ငယ်လေးတွေ စတင်လာပြီ ဖြစ်တယ်။

(၃)

ဗမာပြည်သမိုင်းမှာ နယ်ချဲ့ အင်္ဂလိပ်ခေတ်တုန်းက လူထုဆန္ဒပြ လှုပ်ရှားမှုတွေ ပေါ်ခဲ့တယ်။ ဖက်ဆစ် ဂျပန်ခေတ်မှာတော့ လူထုဆန္ဒပြ လှုပ်ရှား မှုတွေ အထင်အရှားပေါ်ခဲ့တာ သိပ်မတွေ့ ရဘူး။ ဖက်ဆစ်ဂျပန်ရဲ့ တင်းကျပ်ဆိုးဝါးတဲ့ ဖိနှိပ်အုပ်စိုးမှုစနစ်ကြောင့် တကြောင်း၊ ဖက်ဆစ်အုပ်စိုးမှုကို နှစ်တိုတိုအချိန်

## လူထုတိုက်ပွဲဆီ ချီတက်ရေး ဦးတည်ရမယ်

အတွင်း လက်နက်ကိုင်တော်လှန်ရေးကို ဖော်ဆောင်နိုင်တာကတကြောင်း … ဒီအကြောင်းတွေကြောင့်ပါ။

ဖက်ဆစ်စနစ်အောက်မှာ နည်းပရိယာယ်ကြွယ်ကြွယ်၊ စည်းစနစ်ကျကျ၊ ပိပိရိရိနဲ့ စွန့်စားလုပ်ဆောင်မှ လူထုတိုက်ပွဲတွေ ပေါ်နိုင်တယ်။ အခုလည်း ဖက်ဆစ်တပိုင်း စစ်အစိုးရအုပ်ချုပ်မှုအောက်မှာ လူထုဆန္ဒဖော်ထုတ်မှုကလေးတွေ စမ်းသပ်စွန့်စားပြီး ဖော်ထုတ်နေကြရတာ ဖြစ်တယ်။

"အဖြူရောင်တနင်္ဂနွေ လှုပ်ရှားမှု" လူထုလက်မှတ်ရေးထိုးခြင်းလှုပ်ရှားမှု၊ စစ်အစိုးရဖိနှိပ်မှုကြောင့် နစ်နာရသူမိသားစုအပေါ် နွေးထွေးမေးမြန်းမှုစတာတွေဟာ ပျော့ပျောင်းတဲ့နည်းနာနဲ့ စမ်းသပ်စွန့်စားပြီး ဖော်ထုတ်နေတဲ့နည်းနာတွေလို့ ဆိုရမယ်။ လမ်းပေါ်ထွက်ပြီး လူထုရဲ့ အထွေထွေအကျပ်အတည်းကို ဖော်ထုတ်တဲ့ ဆန္ဒပြပွဲကတော့ တဆင့်တက်လှမ်းလာခြင်းပဲ။ ဒီဆန္ဒပြမှုမှာ အမျိုးသမီးများ သတ္တိရှိရှိပါဝင်လာတာကို တချို့ကအံ့သြကြတယ်။ နယ်ချဲ့အင်္ဂလိပ်လက်ထက်တုန်းက ရေနံမြေသပိတ်အတွင်း အမျိုးသမီးတွေ၊ သခင်မတွေဟာ သူရသတ္တိရှိရှိနဲ့ မိမိကိုယ်ကိုမြေပေါ် လှဲခင်းပြီး ကြမ်းတမ်းတဲ့ ရိုက်နှက်မှုကို ခံကာ သပိတ်တားခဲ့ကြတာ မမေ့သင့်ဘူး။

မျက်မှောက် ဗမာပြည်မှာ တကိုယ်တော်တိုက်ပွဲတွေလည်း ပေါ်ခဲ့တယ်။ မနေ့တနေ့ကပဲ ပေါ်သေးတယ်။ တကိုယ်တော်တိုက်ပွဲဟာလည်း တိုက်ပွဲနည်းနာတရပ်ပါ။ သူက လူထုရဲ့စိတ်ကို လှုပ်ခတ်လာအောင် တွန်းဆော်ပေးနိုင်တယ်။ နယ်ချဲ့အုပ်စိုးမှုအောက်က တောင်ဗီယက်နမ်မှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေက မိမိကိုယ်ကို မီးရှို့ကာ အသေခံဆန္ဒပြကြတာလည်း တိုက်ပွဲနည်းနာ တမျိုးပါ။ ထောင်တွင်းမှာလည်း စုပေါင်းတိုက်ပွဲတွေရှိသလို တဦးချင်းတိုက်ရတာတွေလည်း ရှိတယ်။ ဒါပေမဲ့ အထိရောက်ဆုံးဖြစ်တဲ့ လူထုတိုက်ပွဲဆီ ချီတက်ရေး ဦးတည်ရမယ်။ ရှေ့နေဦးအေးမြင့်တို့ စုစုနွေးတို့လည်း တဦးချင်းတိုက်ပွဲကနေ စုပေါင်းလှုပ်ရှားရေး ဘောင်ထဲဝင်လာနေကြပြီ။

အလုပ်သမားတိုက်ပွဲငယ် ၂ ပွဲ ၃ ပွဲလောက်လည်း သည့်အရင်က ပေါ်ခဲ့ဖူးတယ်။ အလုပ်သမားတွေက သူ့ အလုပ်ခွင် နစ်နာချက်ကို ကိုင်ပြီးတိုက်တယ်။ အကန့်အသတ်နဲ့တိုက်တာလို့ ယူဆစရာရှိတယ်။ အလုပ်ခွင်အခြေအနေ တိုးတက်ရေး တိုက်ပွဲတွေ၊ လူထုရဲ့ဘဝ အကျပ်အတည်းပေါ် အခြေခံပြီး တိုက်တဲ့ တိုက်ပွဲတွေ တိုက်သင့်သလို၊ အလုပ်သမား၊ ကျောင်းသား၊ အခြေခံလူတန်းစားများ၊ ဝန်ထမ်းများတို့ရဲ့ ကိုယ့်နယ်ပယ်အလိုက် တိုက်တဲ့တိုက်ပွဲတွေ များများပေါ်မှ လူထုအုံကြွမှုဆီ ဦးတည်နိုင်မှာ ဖြစ်တယ်။

မြို့ပြတိုက်ပွဲတွေက ပိုထင်ရှားပေမယ့် ကျေးလက်ကလူထုဆန္ဒ ထုတ်ဖော်တဲ့ တိုက်ပွဲတွေ မပေါ်ခဲ့တာ မဟုတ်ဘူး။ ထန်းတပင်ရွာက တိုက်ပွဲတွေဟာ ကျေးလက်က တဦးချင်းတိုက်ပွဲတွေပဲ။ ကရင်ပြည်နယ် နယ်စပ်မှာလည်း (အခြေအနေရှင်းရှင်းလင်းလင်း မသိရသေးပေမယ့်) လူထုရဲ့ ဆန္ဒပြလှုပ်ရှားမှု (၂) ခုလောက် ပေါ်လာခဲ့တယ်။ လူထုကိုယ်တိုင်ရဲ့ တိုက်ပွဲစစ်စစ် ဖြစ်တယ်ဆိုရင် ရန်သူ့အားနည်းရာ ဒေသတွေမှာ ဒီလိုတိုက်ပွဲမျိုးတွေ ပေါ်လာတာ ကောင်းတယ်လို့ ဆိုရမယ်။ ဗီယက်နမ်မှာ အမေရိကန်နဲ့ တောင်ဗီယက်နမ် အစိုးရတို့ရဲ့ သေနင်္ဂဗျူဟာရွာတွေအတွင်းက ကျေးလက်ပြည်သူတွေရဲ့ နည်းပရိယာယ်ကြွယ်ဝတဲ့ တိုက်ပွဲတွေလိုမျိုး … အသွင်အမျိုးမျိုးသော ကျေးလက်တိုက်ပွဲတွေ ပေါ်ခဲ့တယ်။ ထိလည်းထိရောက်တယ်။ ဗမာပြည် ရှစ်လေးလုံးအရေးတော်ပုံမှာလည်း မြို့ပြလူထုအုံကြွမှုကို ကျေးလက်လူထုတိုက်ပွဲတွေက အထောက်အကူပြုပေးခဲ့တယ်။ မြို့ပြတိုက်ပွဲနဲ့ ကျေးလက်တိုက်ပွဲ၊ ထောင်တွင်းတိုက်ပွဲနဲ့ ထောင်ပြင်တိုက်ပွဲ၊ အလုပ်သမားတိုက်ပွဲနဲ့ ကျောင်းသားတိုက်ပွဲ၊ မြို့နေဆင်းရဲသားတို့ရဲ့တိုက်ပွဲနဲ့ ဝန်ထမ်းတွေရဲ့တိုက်ပွဲ … စတဲ့တိုက်ပွဲတွေ ဟန်ချက်ညီညီ ပေါင်းစပ်တိုက်ပွဲဝင်နိုင်အောင် ကြိုးပမ်းသွားရမှာဖြစ်တယ်။

နယ်ချဲ့အုပ်စိုးမှုအောက်က ဗီယက်နမ်ပြည်သူတွေရဲ့ အသွင်သဏ္ဍာန်အမျိုးမျိုး နည်းပရိယာယ်ကြွယ်ကြွယ်နဲ့ တိုက်ပွဲတွေဟာ လေ့လာအတုယူသင့်တဲ့ တိုက်ပွဲတွေပဲ။ နိုင်ငံတကာမှာလည်း ခေတ်ဟောင်းတိုက်ပွဲတွေရော၊ ခေတ်သစ်တိုက်ပွဲတွေပါ လေ့လာသင်ယူစရာတွေက များမှများပါ။

(၄)

တိုက်ပွဲ "ခွင်" ရွေးချယ်တဲ့ နည်းနာမှာကိုက လေ့လာစရာတွေ အများကြီးရှိတယ်။

ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတဲ့ အင်္ဂလိပ်ကိုလိုနီအစိုးရ ဆန့်ကျင်ရေး တိုက်ပွဲမှာ "အတွင်းဝန်ရုံးကို ချီတက်ဝိုင်းဝန်းရေး" ဟာလည်း ထင်ရှားတဲ့ တိုက်ပွဲနည်းနာပါ။

ပြင်သစ်ပြည်မှာ ၁၇၈၉ ခုနှစ်

တုန်းက လူဝီ ၁၆ ဘုရင်ကို ဆန့်ကျင်တဲ့ တိုက်ပွဲမှာ ဗာဆေးနန်းတော်တွင်း ကျင်းပနေတဲ့ဘုရင်ရဲ့ လွှတ်တော်နဲ့အပြိုင် ဗာဆေးနန်းတော်အနီးက တင်းနစ်ကစားကွင်းမှာ တော်လှန်တဲ့လူထုက အမျိုးသား လွှတ်တော်တရပ် အပြိုင်ခေါ်ဆိုကျင်းပခဲ့တာလည်း အတုယူရမယ့် တိုက်ပွဲနည်းနာတရပ် ဖြစ်ပါတယ်။

ပထမ ကမ္ဘာစစ်ကြီးအပြီး ၁၉၁၉ ခုနှစ်မှာ ဖောက်ပြန်တဲ့တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ဟာ တရုတ်ပြည် အကျိုးရောင်းစားရေး (တရုတ်ပြည်အား "သြဇာနယ်ပယ်" ခွဲပြီး ကြီးစိုးခွင့် အမေရိကန်နဲ့ ဂျပန်တို့ကိုပေးရေး) အချက်များပါတဲ့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးဖို့ ပြင်သစ်ပြည်ကို ရောက်နေတယ်။ ပြင်သစ်ရောက် တရုတ်ကျောင်းသားတွေ၊ အလုပ်သမားတွေက တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့ တည်းခိုနေတဲ့ ဟိုတယ်ကိုဝိုင်းပြီး ဆန္ဒပြကြတယ်။ ကိုယ်စားလှယ်အဖွဲ့ ဟိုတယ်ထဲမှာ ပိတ်မိနေပြီး ထွက်မရလို့ စာချုပ်ကို လက်မှတ်မထိုးနိုင်တာ ဖြစ်သွားတယ်။ ဒါဟာလည်း ထိရောက်တဲ့ တိုက်ပွဲနည်းနာ တရပ်ပါ။

နယ်ချဲ့အင်္ဂလိပ်အစိုးရရဲ့ မတရားတဲ့ ဆားခွန်တော်ကောက်ခံခြင်းနဲ့ ဆားချက်ခွင့်ပိတ်ပစ်ခြင်းတို့ကို အာဏာဖီဆန်ဖို့ မဟတ္တမဂန္ဒီကြီးဟာ ပင်လယ်ကမ်းခြေ ဆားချက်မြေအနီးသွားပြီး သူ့ကိုထောက်ခံသူတွေနဲ့အတူ ဆားချက်ခဲ့တယ်။

မျက်မှောက်ခေတ်ဟာလည်း လူထုတိုက်ပွဲတွေ ချုပ်ငြိမ်းသွားတဲ့ခေတ် မဟုတ်ပါဘူး။ အိန္ဒိယမှာ အလုပ်သမားလူတန်းစားနဲ့ ပြည်သူ့တိုက်ပွဲတွေ ပေါ်နေဆဲ၊ တချို့တိုက်ပွဲတွေမှာ အကန့်အသတ်နဲ့ အောင်ပွဲတွေရခဲ့တယ်။ နီပေါပြည်က လူထုတိုက်ပွဲဟာ လူထုထောင်ပေါင်းများစွာ ပါဝင်ပြီး နေ့စဉ်ရက်ဆက်တိုက်တဲ့ အတိုင်းအတာကြီးမားတဲ့ တိုက်ပွဲဖြစ်သလို တိုက်ပွဲရည်မှန်းချက်လည်း အောင်ခဲ့တယ်။ အနောက်ဥရောပနဲ့ လက်တင်အမေရိကားမှာလည်း ဖရောင်းတိုင်မီးထွန်းပြီး ငြိမ်းချမ်းစွာဆန္ဒပြတဲ့ တိုက်ပွဲမျိုးကအစ ပိုစတာကိုင်ပြီး ချီတက်တဲ့ဆန္ဒပြပွဲ၊ လမ်းပေါ်ထွက်ဆန္ဒပြပွဲ၊ ပိုစတာတိုက်ပွဲ စတဲ့တိုက်ပွဲတွေ ပေါ်ထွက်ဆဲပါ။

**နီပေါ ပြည်က**

**လူထုတိုက်ပွဲဟာ**

**လူထုထောင်ပေါင်းများစွာ**

**ပါဝင်ပြီး**

**နေ့စဉ်ရက်ဆက်တိုက်တဲ့**

**အတိုင်းအတာကြီးမားတဲ့**

**တိုက်ပွဲ ဖြစ်သလို**

နိုင်ငံတကာပစ္စည်းမဲ့ လူတန်းစားကတော့ လက်တွေ့တိုက်ပွဲတွေထဲကနေ သင်ခန်းစာထုတ်ယူပြီး အနာဂတ်တိုက်ပွဲတွေအတွက် နည်းနာတွေ၊ လမ်းညွှန်ချက်တွေ ချမှတ်တယ်။

ဥပဒေတွင်း လူထုတိုက်ပွဲ ဆင်ရာမှာ အကြောင်းခိုင်လုံရမယ်။ အကျိုးရှိရမယ်။ အကန့်အသတ်ရှိရမယ်။ တလှမ်းပြီး တလှမ်း ပိုင်ပိုင်နိုင်နိုင် လုပ်သွားရမယ်။ အခြေခိုင်ခိုင်၊ ခြေလှမ်းမှန်မှန်တိုက်ပွဲဆင်ရမယ်။ အရဲစွန့်ဝါဒ မကျင့်သုံးရ ... ဆိုတာတွေဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ လူထုတိုက်ပွဲဆိုင်ရာ လမ်းညွှန်ချက်မှုတွေပဲ။ အခုတော့ ဒီမူတွေဟာ တိုက်ပွဲဝင်လူထုထဲ ပြန့်နှံ့သက်ရောက်နေပါပြီ။

အခုတ်အတ်ကျက်ကျက် တိုက်စည်တိုက်မောင်းနှက်ပြီး တိုက်လို့အောင်မြင်မှု မရနိုင် ဆိုတဲ့အချက်ဟာလည်း ဗမာပြည်လူထုတိုက်ပွဲအတွက် အရေးကြီးတယ်။ (တိုက်ပွဲကို ရက်ချိန်းပေးပြီး တိုက်တဲ့ တိုက်ပွဲဟာ ဒီအမျိုးစားထဲ ပါနေတာမို့ အလေးထားသတိပြုဖို့ ပြောရတာပါ။)

လှေ့လာစရာ တိုက်ပွဲနည်းနာနဲ့ မှုတွေအများကြီးပါ။ တိုက်ပွဲနည်းနာတခုနဲ့ လမ်းညွှန်ချက်မူတရပ်မှာကိုပဲ ထပ်ဆင့်လေ့လာစရာတွေ များပါတယ်။ ထုထုကိုယ်တိုင်ကလည်း တိုက်ပွဲနည်းနာတွေ တီထွင်ဖန်တီးတတ်ပါတယ်။ တိုက်ပွဲတွေမှာ လူထုထိခိုက်ဆုံးရှုံးမှုတွေ မကြီးမားအောင် ရှောင်ရှားရေးဟာ ဘယ်တိုက်ပွဲနည်းပရိယာယ်၊ နည်းနာတွေကို ကျင့်သုံးမလဲ၊ ကိုယ့်အင်အားကို ကောင်းကောင်းတည်ဆောက် ထားနိုင်သလား၊ မထားနိုင်ဘူးလားဆိုတဲ့ အချက်ပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့် တိုက်ပွဲနည်းနာတွေ ပိုမိုဖွံ့ဖြိုးကြွယ်ဝအောင် မြှင့်တင်ရေးကို တင်ပြရတာပါ။

ပထမဆုံးအနေနဲ့ကတော့ လူထုတိုက်ပွဲတွေ နှောင့်နှေးစေအောင် အဟန့်အတားပြုနေတဲ့ "ပြည်ပအဓိကတိမ်းညွှတ်မှု" "ခေါင်းငုံ့ခံရေး သက်သက်ဝါဒ" တို့လို မှားယွင်းတဲ့ အတွေးအခေါ်တွေကို အရင်ဆုံးဖယ်ရှားရှင်းလင်းနိုင်မှ လူထုတိုက်ပွဲတွေ ရှင်သန်နိုးကြားလာမှာ ဖြစ်ပါတယ်။ ။

# နအဖ စစ်အစိုးရအောက် ချွတ်ခြုံကျ ဗမာပြည်

***ဗမာပြည်လွတ်လပ်စက ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်လို့ သတ်မှတ်နိုင်တယ်။ နိုင်ငံရေးအရ လွတ်လပ်သော်လည်း စီးပွားရေးအရ အင်အားကြီး နိုင်ငံကြီးများကို မှီခိုနေရလို့***

ဖြစ်တယ်။ ဖဆပလ၊ ပထစ ပါလီမန်ခေတ် (၁၉၄၈– ၆၂) မှာ လက်ဝေခံအရင်းရှင် လူတန်းစားနဲ့အတူ အမျိုးသားခနေရှင် လူတန်းစားတရပ် အစို့အညှောင့်ပေါက် ကြီးထွားစပြုခဲ့ဖူးတယ်။ မဆလခေတ် (၁၉၆၂– ၈၈) နဲ့ နဝတ၊ နအဖခေတ် (၁၉၈၈ – ) မှာ စစ်ဗျူရိုကရက်ခနေရှင်များနဲ့ ကပ်မြှောင်ခနေရှင်လူတန်းစားသာ ကြီးထွားခွင့် ရတယ်။ အမျိုးသားခနေရှင် လူတန်းစားဟာ ကြီးထွားခွင့် မရရုံမက အလွန်ချည့်နဲ့ အားပျော့သွားခဲ့ပါတယ်။ ဒါကြောင့် ဗမာပြည်စက်မှုနဲ့ ကုန်သွယ်လုပ်ငန်းဟာ ခေတ်နောက်ကျရုံမက ပမာဏလည်း သေးငယ်ပါတယ်။

ယခုအခါ ကိုလိုနီစနစ်ဟောင်း ပြိုကွဲသွားပြီး နည်းပညာခေတ် ကမ္ဘာ့မှုခေတ် ဆိုတာကို ရောက်လာပြီ။ ဗမာပြည်လွတ်လပ်လာတာ အနှစ် ၆၀ ကျော် ရှိပြီ ဘာတွေများ ပြောင်းလဲခဲ့ပါသလဲ၊ ဗမာပြည်ဟာ ပဒေသရာဇ်တပိုင်း စစ်ဗျူရိုကရက်တပိုင်း လူ့အဖွဲ့အစည်းအဖြစ် ဆုတ်ယုတ်ကျဆင်း သွားပါတယ်။

စစ်အုပ်စု အရင်းအနှီး စုဆောင်းရာမှာ လူထုထံမှ လုယက်တဲ့နည်း (ငွေစက္ကူထုတ်၊ အခွန်ကောက်၊ အလွဲသုံးစားလုပ်စသည်)၊ ငွေမဲခဝါချတဲ့နည်း၊ သယံဇာတတွေ ရောင်းတဲ့နည်း၊ နည်း ၃ နည်းပဲ ရှိတယ်။

၁၉၈၈ အုံကြွမှုနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၁၉၈၈) ထုတ်တယ်။ နယ်စပ်ကုန်သွယ်ရေး ဂိတ်တွေဖွင့်တယ်။ ASEAN အဖွဲ့ဝင် ဖြစ်လာတယ် (၁၉၉၇)။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ နောက်ပိုင်းမှာ နီပေါနဲ့ ဘူတန်တို့ပါလာတဲ့ BIMSTEC (၁၉၉၇ စဖွဲ့) အဖွဲ့ထဲ ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI မျှော်လင့်သလောက် မရဘူး။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု (နိုင်ငံရေး၊ စီးပွားရေး) ဘာမှ မလုပ်တဲ့အတွက် FDI တွေ ရလာရင်လည်း စစ်ဗျူရိုကရက်တွေသာ အိတ်ဖောင်းပြီး တိုင်းပြည်ကြွေးတင် ကျွန်ဖြစ်မှာပါ။ အမေရိကန်နဲ့ EU ရဲ့ ဒဏ်ခတ် ပိတ်ဆို့ခံနေရတယ်။

FDI $ ဘီလျံ ၇.၆၄၅ (၂၀၀၅) ဖြစ်ပြီး အများဆုံးရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံ ၅ နိုင်ငံက စင်ကာပူ၊ အင်္ဂလန်၊ ထိုင်း၊ မလေးရှား၊ ဟောင်ကောင် ဖြစ်တယ်လို့ ဆိုတယ်။ ၂၀၀၆ ဇန်နဝါရီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ထုတ်ပြန်ချက်အရ ထိုင်းမှ သံလွင်မြစ်ပေါ်တည်ဆောက်မယ့် တာဆန်း ရေအားလျှပ်စစ် စီမံကိန်းအတွက် $ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုကြောင့် FDI$ ၁၃.၈ ဘီလီယံ ဖြစ်လာတယ်လို့ဆိုတယ်။ အဓိက ရင်းနှီးမြှုပ်နှံမှုဟာ ရေနံဓာတ်ငွေ့ဖြစ်ပြီး (၂၀၀၅ စာရင်းအရ) $ ၂၄၉၉.၅၂၃ သန်း (၃၂.၆၉%)

ဖြစ်တယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ ရုရှား၊ ဩစတြေးလျ ကုမ္ပဏီတွေ ပါဝင်တယ်။

ပြည်ပကုန်သွယ်ရေးအနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်ရေးဟာ အဓိကဖြစ်ပြီး စုစုပေါင်း $ ၅၅၃၅ သန်း (၂၀၀၆) ဖြစ်တယ်။ (ပို့ကုန် $ ၃၅၅၄ သန်း၊ သွင်းကုန် $ ၁၉၈၁ သန်း ဖြစ်တယ်။) အဓိက အားဖြင့် တနင်္သာရီနဲ့ မုတ္တမကမ်းလွန် ရဲတံခွန် ရတနာဓာတ်ငွေ့သိုက်များမှ ထိုင်းသို့ ပိုက်လိုင်းသွယ်ရောင်းချတာ ဖြစ်တယ်။ ဒီလုပ်ကွက်မှာ မြန်မာရေနံဓာတ်ငွေ့လုပ်ငန်း MOGE မှ ရှယ်ယာ ၁၅ ％ သာ ပါဝင်ပြီး မလေးရှား၊ ထိုင်းနဲ့ ဂျပန်ကုမ္ပဏီများက ကျန်ရှယ်ယာများကို ပိုင်ဆိုင်တယ်။ စစ်အစိုးရရဲ့ အခါအားလျော်စွာ ထုတ်ပြန် (ကြော်ငြာ) ချက်အရ ၁၉၈၈ နောက်ပိုင်း ဓာတ်ငွေ့ရောင်းချမှုမှ ဝင်ငွေ $ ၂၆၀၀ သန်း ရထားပြီးဖြစ်ကြောင်း၊ ၂၀၀၅၊ ၂၀၀၆ တနှစ်ထဲမှာ $ ၁၀၀၀ သန်း ရှာဖွေနိုင်ခဲ့ကြောင်း သိရတယ်။

ရခိုင်ကမ်းလွန် A1 (ရွှေ၊ ရွှေဖြူ၊ မြ) နဲ့ A3 လုပ်ကွက်များမှာ မြန်မာဘက်က ရှယ်ယာပါဝင်နိုင်ခြင်း မရှိဘူး။ တောင်ကိုရီးယားနဲ့ အိန္ဒိယကုမ္ပဏီများသာ ရှယ်ယာအားလုံးကို ပိုင်ဆိုင်တယ်။ ရခိုင်ကမ်းလွန်မှ ဓာတ်ငွေ့သိုက်များ တွေ့ရှိကြောင်း ကြားရပြီးနောက် နအဖ စစ်အစိုးရက သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာမှာ မြန်မာက အာရှမှာ နံပါတ်တစ် ကမ္ဘာမှာ နံပါတ် ၉ လို့ ကြွားဝါပါတယ်။ ဝင်ငွေခွန်ကို ၄၀％ မှ ၅၀％ ထိ တိုးကောက်မယ် (တနေရာမှာတော့ ၆၅％ ထိ ကောက်မယ်လို့ ဆိုတယ်) A1 လုပ်ကွက်မှ တနှစ်ဝင်ငွေ $ ၃ ဘီလီယံ လောက်ရမည်ဟု တွက်ကြောင်း ဖော်ပြ (ကြော်ငြာ) ပါတယ်။

နအဖ လက်ထက်မှာ သဘာဝဓာတ်ငွေ့ဟာ အဓိကနိုင်ငံခြားပို့ကုန်ဖြစ်လာတယ်။ ဆန်ဟာ အဓိကပို့ကုန် မဟုတ်တော့ဘူး။ စပါးစိုက်ဧကနဲ့ စပါးထွက်ဟာ ကိုလိုနီခေတ်ထက် ထူးပြီးတိုးလာတာ မဟုတ်သော်လည်း လူဦးရေက ၄ ဆ ၅ ဆလောက် တိုးလာတယ်။ မြန်မာ့ဆန်ကလည်း အရည်အသွေးကျလို့ ဈေးကောင်းမရဘူး။ ဆန်ဈေးကွက်မှာ တတန် $ ၂၅၀– ၃၀၀ ပေါက်နေချိန်မှာ မြန်မာ့ဆန်က $ ၁၂၅– ၁၈၀ ကြားပဲရတယ်။ စက်မှုလယ်ယာ၊ ခေတ်မီစိုက်ပျိုးရေး၊ မျိုးကောင်း မျိုးသန့်ဆိုတာတွေ ဖြစ်မလာဘူး။ လယ်လုပ်သူ လယ်မပိုင်ဘူး။ လွတ်လပ်စွာ စီမံခန့်ခွဲ ဖောက်ကား ရောင်းဝယ်ခွင့်ကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတယ်။ ဒါကြောင့် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးမလာခဲ့ဘူး။

၁၉၉၈ နောက်ပိုင်း စစ်ဗျူရိုကရက်များနဲ့ ကပ်မြှောင်စီးပွားရေးသမားများ (သူတို့အခေါ် ပုဂ္ဂလိကလုပ်ငန်းရှင်) ကို နှစ် ၃၀ ခွင့်ပြုချက်နဲ့ ကေသောင်းအချို့ လုပ်ခွင့်ပြုခဲ့တယ်။ လယ်ယာမြေ မောင်ပိုင်စီးပြီး တခြားဆူလွယ်နပ်လွယ် စီးပွားရေးတွေသာ လုပ်ကြတယ်။ စိုက်ပျိုးရေးလုပ်ငန်း ဘာမှဖြစ်ဖြစ်မြောက်မြောက် တိုးတက်မလာဘူး။

နအဖ ထုတ်ပြန်ချက်များအရ လယ်ယာလုပ်ငန်း အသက်မွေးဝမ်းကျောင်းသူ ဦးရေ ၇၅％၊ ဆန်စပါးထုတ်လုပ်မှုဟာ GDP ရဲ့ ၄၅％ ရှိကြောင်း သိရတယ်။ ၁၀ ဧကအောက် လုပ်ကွက်က စိုက်ပျိုးမြေရဲ့ ၆၁％၊ တတုံးထွန် ၆ ဧကခွဲအောက် လုပ်ကွက်က ၇၅％ လို့ဆိုတယ်။ ဗမာပြည် လယ်ယာစိုက်ပျိုးရေးဟာ ကိုလိုနီခေတ်ကလို တချောင်းထောက် စီးပွားရေးပုံစံပဲ ဖြစ်နေတယ်။ အခြေခံအားဖြင့် မပြောင်းလဲသေးပါ။

ပြည်ပပို့ကုန် သဘာဝဓာတ်ငွေ့ တချောင်းထောက်စီးပွားရေးပုံစံဖြစ်ဖို့ ဗိုလ်သန်းရွှေစစ်အုပ်စု စိတ်ကူးယဉ်နေတယ်။ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးက တည်ငြိမ်သေးတာ မဟုတ်ဘူး။ ၁၉ ရာစု ပဒေသရာဇ်တွေတုန်းကလည်း ရွှေတွင်း၊ ငွေတွင်း၊ ပယင်းတွင်းနဲ့ ဆင်ဖြူများပိုင်ရှင်အဖြစ် ဘဝင်မြင့်နေရင်း နေဝင်ခဲ့ရတာပဲ။ ဓာတ်ငွေ့ (ပူပေါင်း) စီးပွားရေးပေါ် မှီခိုလွန်းရင် မထင်မှတ်တဲ့ အပြောင်းအလဲများ ဖြစ်လာတဲ့အခါ မြန်မာ့စီးပွားရေး ပြိုကျသွားနိုင်တယ်လို့ IMF ကလည်း သတိပေးထားပါတယ်။

စစ်အုပ်စုက ဓာတ်ငွေ့သိုက်တွေကို လက်ညှိုးထိုးရောင်းစားနေတယ်။ အခွန်အကောက် အနေနဲ့သာ ဝင်ငွေရတာက အဓိကဖြစ်နေတယ်။ နည်းပညာ၊ စက်မှုလုပ်ငန်း၊ ကျွမ်းကျင်လုပ်သား၊ အရင်းအနှီးစတဲ့ အရင်းအမြစ်တွေ တိုးတက်အောင် မလုပ်နိုင်ဘူး။ တခြားဖွံ့ဖြိုးဆဲနိုင်ငံတွေက နှစ် ၂၀၊ ၃၀ ဆိုရင် လုပ်ငန်းတရပ်လုံး ကိုယ့်လက်ကိုယ်ခြေဖြစ်အောင် စီမံကိန်းချပြီး လုပ်နေတာဖြစ်တယ်။ စစ်အစိုးရကတော့ တွက်ရေးက စက်သူဌေးပဲ (ဆိုသလို စိတ်ကူးယဉ်မှုထဲမှာသာ နစ်မျောနေတယ်)။

ကိုလိုနီခေတ် ဗမာပြည်စီးပွားရေးက ဆန်စပါး၊ သစ်၊ ရေနံ ဖြစ်တယ်။ နအဖ ခေတ်မှာလည်း ဆန်စပါး၊ သစ်၊ ဓာတ်ငွေ့ပါပဲ၊ အပြောင်းအလဲမရှိပါ။

## သမိုင်းကို လူထုက ဖန်တီးတယ်

ဗိုလ်သန်းရွှေစစ်အုပ်စုက စစ်ဗျူရိုကရက်လူတန်းစား ထာဝစဉ်တည်တံ့ဖို့အတွက် ၉၀ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ပြီး ဖွဲ့စည်းပုံအထိုင်ကျဖို့ လုပ်နေတယ်။ ၈ လေးလုံးအသီးအပွင့်တွေကို နင်းချေပစ်နေတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ခေါင်းမာနေတယ်။

သူတို့တဦးချင်းဟာ ဗမာပြည်ဖွံ့နိမ့် LDC စံအရကျိုကျိုတက် ချမ်းသာသူတွေ ဖြစ်လာတယ်။ ကမ္ဘာ့မှုစံအရတော့ အိမ်ကျယ်တွေပဲ ဖြစ်တယ်။ ၁၉

ရာစု ဗမာပဒေသရာဇ်တွေနဲ့ ဘာမှမထူးဘူး။ ၂၁ ရာစု အာရှနိုးထလာပေမယ့် စစ်အုပ်စုက အိပ်မောကျနေတုန်းပဲ၊ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေသာ လုံးပါး,ပါးသွားမယ် ဗမာပြည် ဖွံ့ဖြိုးတိုးတက်လာမှာမဟုတ်ဘူး။

စစ်ဗျူရိုကရက်တွေဟာ ဘယ်တော့မှ အမျိုးသားခေါင်းဆောင် လူတန်းစား ဖြစ်မလာနိုင်ဘူး။ သူတို့ဟာ ကိုယ့်ပြည်သူကို ဗိုလ်ကျဖိနှိပ်သွေးစုပ်မှ ရှင်သန်ရပ်တည်နိုင်တဲ့ သဘာဝကြောင့် ဘယ်တော့မှ တိုင်းချစ်ပြည်ချစ်စိတ် ရှိလာမှာ မဟုတ်ဘူး။ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာ ဘယ်တော့မှရှိမှာ မဟုတ်ဘူး။ ချည့်နဲ့တဲ့ဖွံ့ဖြိုးဆဲနိုင်ငံတနိုင်ငံရဲ့ အုပ်စိုးသူလူတန်းစား တရပ်အနေနဲ့ အာဏာမြဲရေးအတွက် အမြဲတမ်းလို ဟိုပင်ဒီပင်ကူးပြီး အမှီအခိုရှာနေရတာဖြစ်တဲ့အတွက် စစ်ဗျူရိုကရက်တွေဟာ လက်ဝေခံ လက္ခဏာဆောင်ပါတယ်။ သူတို့ဟာ ဘယ်တော့မှ အမှီအခိုကင်းမှာ မဟုတ်ဘူး။ နိုင်ငံကြီးတခုမဟုတ် တခု ပြောင်းလဲ မှီခိုကာ ခွတုတ်လုပ်တတ်ကြတယ်။ ယခုအခါ အမေရိကန်နဲ့ ဥရောပသမဂ္ဂရဲ့ ဒဏ်ခတ်ပိတ်ဆို့ ခံနေရတာကြောင့် ပြည်ပအားကိုး ပုဆိန်ရိုးတို့၊ လက်ကိုင်တုတ်တို့ ဗိုလ်ကျစွက်ဖက်မှုတို့ စတဲ့ သကြိန်အမြောက်တွေ ဖောက်နေတယ်။ ရုရှား၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံများကို ကပ်နေတယ်။ ဒါကလည်း တည်မြဲမယ်တာ မဟုတ်ဘူး။ အခြေအနေ တမျိုးပြောင်းရင် နောက်ပုံစံတမျိုးနဲ့ မှီခိုမှုပြောင်းဦးမယ်။ သူတို့ဟာ ရာသက်ပန် အာဏာမြဲရေးကိုသာ စိတ်ကူးယဉ် အိမ်မက်မက်နေတာ ဖြစ်တဲ့အတွက် ဘာပြုပြင်ပြောင်းလဲရေးကိုမှ လုပ်ဖို့စိတ်မဝင်စားကြဘူး။

ဗမာပြည် ခေတ်မီဖွံ့ဖြိုးရေးနဲ့ အဆင့်နေရာမြင့်လိုရင် စစ်ဗျူရိုကရက် လူတန်းစားအပါအဝင် ဗျူရိုကရက်ခေါင်းဆောင် လူတန်းစားမှန်သမျှကို လုံးဝဖျက်သိမ်းပစ်ရပါမယ်။

၈ လေးလုံးအရေးတော်ပုံကြီးနဲ့ အတူ ပြည်သူလူထုကြီးတရပ်လုံး နိုးကြားလာကာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုလာခြင်းက တိုင်းပြည်အတွက် အလားအလာကောင်း ဖြစ်ပါတယ်။ ဒီအသီးအပွင့်တွေကို ချေဖျက်မခံဘဲ တိုးချဲ့တိုက်ပွဲဝင်ဖို့ လိုပါတယ်။ စစ်အာဏာရှင်စနစ်ကို တိုက်ရာမှာ လက်ဝဲလက်ယာ မခွဲခြားဘဲ၊ လူမျိုးရေးအငြင်းပွားမှုတွေကို ရှောင်ရှားပြီး တညီတညွတ်တည်း တိုက်ကြဖို့လိုတယ်။ ကမ္ဘာပေါ်က တော်လှန်ရေးတိုင်းမှာ လူတန်းစားတရပ် အစိပ်အပိုင်းတခု အဖွဲ့တဖွဲ့ထဲက တိုက်ခဲ့တာမျိုးမရှိပါဘူး။ ဒီမိုကရေစီလိုလားသူ တိုင်း ညီညွတ်နိုင်ရပါမယ်။

၁၉ ရာစု ဥရောပလို ၂၁ ရာစု အာရှဟာ (သူ့ပုံစံနဲ့သူ) အကြီးအကျယ် ပြောင်းလဲနေတယ်။ ကမ္ဘာ့စည်းစနစ်လွှန်ပွဲအတွင်း နိုင်ငံရေးတင်မက စီးပွားရေးပါ အပြောင်းအလဲတွေ မြန်ဆန်ရှုပ်ထွေးတယ်။ အမေရိကန်ဦးဆောင်တဲ့ ဝင်ရိုးတခုတည်း ကမ္ဘာဟာ တိုးမပေါက်ဖြစ်နေတယ်။ လစ်ဘရယ်လက်သစ် စီးပွားရေးပုံစံလည်း ကျဆုံးစပြုနေပြီဖြစ်တယ်။ ကမ္ဘာ့စည်းစနစ်သစ် (New World Order) တရပ်လည်း ပီပီပြင်ပြင် ပေါ်မလာသေးဘူး။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကဟာ နိုင်ငံရေး၊ စီးပွားရေး စည်းစနစ်ဟောင်းကို စွန့်ခွာပြီး ခေတ်မီဖွံ့ဖြိုးရေး နည်းလမ်းသစ်များကို ရှာကြံလာနေကြတယ်။

ဒီလို အရေးကြီး အလှည့်အပြောင်းကာလမှာ နအဖ စစ်အစိုးရဟာ ပြည်တွင်းမှာ မီးရှူးမီးပန်းတွေ ဖောက်ပြီး လေကျယ်နေသလောက် နိုင်ငံတကာ့အသိုင်းအဝိုင်းမှာ အသံတိတ်နေတယ်။ သူပါဝင်ခွင့်ရတဲ့ တခုတည်းသော ဒေသန္တရ အဖွဲ့အစည်းဖြစ်တဲ့ ASEAN ထဲမှာတောင် ဘူကောင်ဖြစ်နေတယ်။

နိုင်ငံရေးနဲ့ စီးပွားရေးဟာ တဆက်တစပ်တည်း ဖြစ်တယ်။ တသီးတခြားစီ မဟုတ်ဘူး။ စီးပွားရေးက အခြေခံအုတ်မြစ် ခွန်အားပဲ၊ နိုင်ငံရေးက အဆောက် အအုံတခုလုံးရဲ့ ဖော်ပြချက်ပဲ၊ နိုင်ငံရေးဆိုတာ စီးပွားရေးရဲ့ ထင်ဟပ်ချက်ဖြစ်ပါတယ်။ ချည့်နဲ့တဲ့ ပဒေသရာဇ် စီးပွားရေးက အသိဉာဏ် မပွင့်လင်းတဲ့ ပဒေသရာဇ် နိုင်ငံရေးကို ထင်ဟပ်တယ်။ ခေတ်နောက်ကျတဲ့ ပဒေသရာဇ်တပိုင်း စီးပွားရေးက စစ်အာဏာရှင်စနစ် နိုင်ငံရေးကို ထင်ဟပ်တယ်။ အပြန်အလှန်အားဖြင့် စစ်အာဏာရှင်စနစ်အောက်မှ ဗမာပြည်ဟာ ခေတ်နောက်ကျတဲ့ ပဒေသရာဇ်တပိုင်း တိုင်းပြည်ဖြစ်နေမှာ ဖြစ်တယ်။

တချို့ ဘူးလုံးနားမထွင်းတွေ ပြောသလို ညံ့ဖျင်းတဲ့ပြည်သူတွေဟာ ညံ့ဖျင်းတဲ့အစိုးရနဲ့သာ တန်တယ်ဆိုတာ မျက်မွေးတဆုံးသာ ကြည့်တဲ့အမြင်ဖြစ်တယ်။ နိုင်ငံရေးဆိုတာ သေနေတာ မဟုတ်ဘူး။ အမြဲဖြစ်ပေါ်ပြောင်းလဲနေတာ ဖြစ်တယ်။ အဟောင်းချုပ်ငြိမ်း အသစ်ပေါ်ထွက်တာ ဖြစ်တယ်။ ယနေ့ခေတ်မှာ ဗိုလ်သန်းရွှေစစ်အုပ်စု ခေတ်နောက်ပြန်ဆွဲနေပေမယ့် ဗမာပြည်သူတွေက အသိဉာဏ်ပွင့်လင်းတယ်။ အမြော်အမြင်ရှိတယ်။ ၁၉ ရာစု ဗမာပြည်ကို ပဒေသရာဇ်တွေ လက်ထဲအပ်ထားသလို ယနေ့ခေတ် ဗမာပြည်ကို စစ်အစိုးရ လက်ထဲ အပ်ထားမှာမဟုတ်ဘူး။ ပြည်သူတွေဟာ မင်းလောင်းမျှော်နေတဲ့ ပြည်သူတွေ မဟုတ်တော့ဘူး။ စစ်အုပ်စုပြောသမျှ ယုံပြီးငုံ့ခံနေကြမှာ မဟုတ်ဘူး။

ဗမာပြည် ခေတ်မီဖွံ့ဖြိုးရေးအတွက် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးကို ဗမာပြည်သူလူထုကြီးကိုယ်တိုင် လုပ်ဆောင်မှာ ဖြစ်ပါတယ်။ သမိုင်းကို လူထုကသာ ဖန်တီးပါတယ်။ ။

## စဉ်းစားစရာတင်ပြဆွေးနွေးခြင်း

# တိုက်ပွဲ – လူထု – ခေါင်းဆောင်

**ဒီနေ့ဗမာပြည်ရဲ့ လူထုတိုက်ပွဲကြီးတွေ မပေါ်ပေါက်သေးတဲ့အခြေအနေမှာ ရှေ့ကိုတလှမ်းတက်ဖို့အတွက် ဘယ်သူတွေက ဘာတွေ လုပ်သင့်သလဲ။**

သမိုင်းကို ပြည်သူလူထုက ဖန်တီးတာလား၊ ခေါင်းဆောင်က ဖန်တီးတာလား ဆိုတဲ့ အခုအခါမှာ အင်မတန် ရှင်းနေပြီ ဖြစ်တဲ့ ကိစ္စမျိုးတွေကို ပြဿနာ လုပ်ပြီး ငြင်းခုံနေရင် သမိုင်းနောက်မှာပဲ ကျန်ရစ်ပါမယ်။

ဟုတ်တယ်၊ လူထုက ဖန်တီးတာ ဖြစ်ပါတယ်။ လူထုတိုက်ပွဲဆိုတာ လူတဦးတယောက်ရဲ့တိုက်ပွဲမဟုတ်လို့ လူထုတိုက်ပွဲလို့ ခေါ်တာပါ။ လူထုက အဓိကအခန်းက ပါတာမို့လည်း ဒီလို ခေါ်တာ ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

ဒါပေမဲ့ ခေါင်းဆောင်မပါဘဲ၊ လူထုချည်း ပါတယ်လို့ ပြောရင်တော့ မှန်တဲ့အခါလည်းမှန်တယ်၊ မှားတဲ့အခါလည်း မှားတယ်လို့ ဆိုချင်ပါတယ်။ မှန်တယ်ဆိုတာက လတ်တလောအကြောင်းရင်း တစုံတခုကြောင့် လူတွေမကျေမနပ်ဖြစ်ပြီး ပေါက်ကွဲတဲ့အခါမှာ ခေါင်းဆောင်မရှိဘဲ ပေါက်ကွဲတာမျိုး ဖြစ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒါဟာကာလတိုတခုသာ ဖြစ်ပါတယ်။ တိုက်ပွဲကို ဆက်လက်သယ်ဆောင်ရေးအတွက် ဒီအချိန်မှာ ခေါင်းဆောင်ဆိုတာကို ရွေးလာကြရ၊ ရွေးဖြစ်သွားကြပါတယ်။

ဒါနဲ့ပတ်သက်လို့ စဉ်းစားစရာ၊ ရယ်စရာဥပမာလေးတခု ပြောပါမယ်။ တည်မြဲနဲ့သန့်ရှင်းဆိုပြီး ဖဆပလ ကွဲပြီးနောက် ဦးနု အရှိန်အဝါ အင်မတန်တက်နေတဲ့ အချိန်က ဖြစ်ပါတယ်။ ဦးနုက မန္တလေးကို စည်းရုံးရေးဆင်းတော့ မလွန်ရပ်ထဲက လေဘာတီ ဦးမောင်ကလေးလို့ လူသိများကြတဲ့ မန်းညွန့်ဦးမောင်ကလေးရဲ့ တိုက်ကြီးပေါ်မှာ ဦးနုက တည်းပါတယ်။ အဲဒီအခါမှာ မန္တလေးက တချို့ကြေးရတတ်အမျိုးသမီးတွေက ဦးနုကို “ဖေဖေနု” လို့ မြိန်ရေယှက်ရေ ခေါ်နေကြတာပါ။ အဲဒီနောက်တော့ ဦးနုကိုယ်တိုင် ဦးစီးပြီး မန္တလေးမှာ သန့်ရှင်းဖဆပလရဲ့အင်အားပြပွဲကြီးကျင်းပပါတယ်။ ဘုရားကြီး ၄၅ တာ ကွင်းကြီးထဲမှာပါ။ အဲဒီအခါမှာ အဲဒီလူထုအစည်းအဝေးကြီးကို တက်တဲ့ လူထုကြီးက ၈၄ လမ်းမကြီးတလျှောက် စီတန်းလမ်းလျှောက်ပြီး ၄၅ တာ ကွင်းကြီးဆီကို ချီတက်ကြတာ ဖြစ်ပါတယ်။ တလမ်းလုံး သတ်မှတ်ထားတဲ့ ကြွေးကြော်သံတွေ တိုင်သွားကြတာပါ။ လူတန်းကြီးမှာ အမျိုးသမီးတွေက သပ်သပ်၊ အမျိုးသားတွေက သပ်သပ် ချီတက်ကြပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက တက်ရောက်တဲ့ အမျိုးသမီးတွေ ဆိုတာက ဘယ်တုန်းကမှ နိုင်ငံရေးလှုပ်ရှားမှုနဲ့ ပတ်သက်ဖူးသူတွေ မဟုတ်လေတော့ ကြွေးကြော်သံတောင် မတိုင်တတ်ပါဘူး။ သူတိုင်နိုး – ငါတိုင်နိုး ဒီအတိုင်း လျှောက်လာနေကြတာ အဲဒီအထဲမှာ ခပ်ကုပ်ကုပ် လိုက်ပါနေတဲ့ ကျောက်ဆည်က သခင်တင်ရွှေ (ဂျပန်တော်လှန်ရေး ကာလတုန်းက သခင်သိန်းဖေ၊ ဗိုလ်အုန်းမောင်တို့နဲ့အတူ အိန္ဒိယကိုပါသွားတဲ့ ဗကပတိုင်းကော်မတီ၊ တောတွင်း ကျဆုံး) ရဲ့ ဇနီး ဒေါ်မြရီက ကြွေးကြော်သံတိုင်လိုက်ပါတယ်။ ဒီတော့မှ အားလုံးက သူ့နောက်ပါလာကြပြီး အသက်ဝင်လာပါတယ်။ ဒါကို ဒေါ်မြရီကိုယ်တိုင်က အဲဒီအစည်းအဝေးက အပြန်မှာ သူ့ထုံးစံအတိုင်း တဝါးဝါးရယ် မောရင်း ပြောပြတာကို ဒီလို ကြားရပါ တယ်။ သူက “မမမာရယ်၊ သူတို့က ပါးစပ်ထဲမှာ အာစေးဆို့ထားသလိုကြီး လျှောက်လာကြတာ၊ မပြောကောင်း ပြောကောင်း၊ အသုဘပို့ကြတာ ကျနေတာပဲ။ ဒါနဲ့ ကျွန်မက မနေနိုင်လို့ ကြွေးကြော်သံတိုင်တော့ သူတို့က ‘ဟယ်၊ သူတိုင်တာ မဆိုးဘူးဟ၊ သူ့နောက်က လိုက်ဆိုကြ’ လို့ ပြောကြပြီး ကျွန်မနောက် လိုက်အော်ကြတာ၊ ကျွန်မဖြင့် စိတ်ထဲက ရယ်ချင်လိုက်တာ၊ ငါ့ကို ကွန်မြူနစ်က မိန်းမမှန်း သူတို့က မသိကြဘဲကိုးလို့” ပါတဲ့။ ဆိုချင်တာ ခေါင်းဆောင်မရှိရင် လူထုက သူ့ဟာသူ ခေါင်းဆောင်ကောက်တင်ပြီး ဆက်ချီတက်ကြတယ် ဆိုတာပါ။

ဒါက အလိုအလျောက် အုံကြွပေါက်ကွဲမှုတွေကို ပြောတာပါ။ အဲဒီလို မဟုတ်တဲ့ သေသေချာချာ စည်းရုံးစုစည်း

ပြီး လုပ်တဲ့ အုံကြွမှုတွေမှာတော့ အစကတည်းက ခေါင်းဆောင်ရှိပြီး ဖြစ်ပါတယ်။ ဥပမာ တကာသ ကဦးစီးတဲ့ လူထုဆန္ဒပြပွဲ ဆိုရင် တကာသ ခေါင်းဆောင်တွေက ဦးစီး တာပဲဖြစ်မှာပါ။

အရေးကြီးတာက ခေါင်းဆောင် လုပ်တဲ့လူဟာ လူထုနောက်မှာ နောက်ကျ မကျန်ရစ်ဖို့နဲ့ လူထုမပါဘဲ မြင်းတစီး ဓားတလက် ရှေ့ကိုမထွက်မိဖို့ဖြစ်ပါတယ်။ ဒါဟာ အလွယ်တကူပြောရင်တော့ ခေါင်းဆောင်မှုရဲ့ အတွေ့အကြုံရှိမရှိ ပြဿနာလို့ ဆိုနိုင်ပါတယ်။ အမှန်က အဲဒီ ထက်ကျယ်ပြန့်ပါတယ်။ နံပတ်တစ်က တကယ်တမ်းလူထုကြီးနဲ့အတူ အသက်ရှူနေဖို့ဖြစ်ပြီး နံပတ်နှစ်က လူထုထဲမှာ ကိုယ့်ဖွဲ့စည်းမှု၊ စည်းရုံးမှုရှိနေဖို့ဖြစ်ပါတယ်။ မြေပေါ်တရားဝင်သဏ္ဌာန်နဲ့ဖြစ်စေ၊ မြေအောက် သဏ္ဌာန်နဲ့ဖြစ်စေ၊ ဖွဲ့စည်းမှု ရှိနေရမှာပါ။ နို့မို့ရင် တိုက်ပွဲကို မခေါင်းဆောင်နိုင်တာ၊ ခေါင်းဆောင်နိုင်ရင်လည်း ရေရှည်ဆက်သယ်ဆောင်သွားဖို့ မဖြစ်နိုင်တာတွေ ကြုံတွေ့ရမှာပါ။

တိုက်ပွဲတပွဲမှာ ခေါင်းဆောင် ရှိရပါတယ်။ ဒါပေမဲ့ တိုက်ပွဲစဉ်ကြီးတခု ဆိုရင်တော့ ခေါင်းဆောင်တဲ့ အဖွဲ့အစည်း၊ တိုက်ပွဲဝင် သူများရဲ့ဖွဲ့စည်းမှုတွေ လိုအပ်ပါတယ်။ အထူးသဖြင့် စစ်အာဏာရှင်တွေကို ရင်ဆိုင်တိုက်ပွဲဆင်ရာမှာ အနည်းဆုံး ခေါင်းဆောင်မျိုးဆက် သုံးဆက်လောက် ပြင်ထားမှ တော်ရုံကျပါတယ်။ နောက်ပြီး လူထုကြီးထဲမှာ အမာခံအဖြစ် တိုက်ပွဲကို အရှိန်မပျက်သယ်နိုင်မယ့် အင်အားစုတွေ လိုပါတယ်။ အဲဒီအင်အားစုဟာ ဖွဲ့စည်းထားတဲ့ အင်အားစုပဲ ဖြစ်မှာပါ။ ဟိုတယောက်၊ ဒီတယောက်၊ သူလိုလို၊ ကိုယ်လိုလို ဖြစ်လို့မရပါဘူး။

နောက်တချက် တင်ပြချင်တာကတော့ ခေါင်းဆောင်ဆိုတာ ဘယ်တုန်းက ဘယ့်ကလောက် အစဉ်အလာရှိခဲ့တယ်ပဲ ဖြစ်ပစေ လူထုကြီးရဲ့တိုက်ပွဲတွေနဲ့ ကင်းကွာရင်သူဟာ တဖြည်းဖြည်းနဲ့ ပြတိုက်ထဲပဲ ရောက်သွားမယ်ဆိုတာပါပဲ။ အခြေအနေ အမျိုးမျိုးကြောင့် သူကိုယ်တိုင်မပါဝင်နိုင်တာတွေ ရှိတတ်ပါတယ်။ ဥပမာ ထောင်ထဲ ရောက်နေတဲ့အခါမျိုးပါ။ ဒါပေမဲ့ သူဟာ အခါအခွင့်ရောက်တာနဲ့ လူထုလှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ သဘောထားတွေ ဖော်ပြရပါတယ်။ လူထုနဲ့တသားတည်း ရှိမရှိ အကွေ့တိုင်းမှာ အစစ်ခံနေရပါတယ်။ တချက်ကင်းကွာရင် တသက်အမှိုက်ပုံးထဲ ရောက်သွားတာမျိုး ဖြစ်တတ်ပါတယ်။

လူထုလက်ခံတဲ့ခေါင်းဆောင် ဆိုတာ လူထုယုံအောင် တိုက်ပြနိုင်သူ ဖြစ်ရပါတယ်။ ဒီနေရာမှာ စစ်ရေးနဲ့ နည်းနည်းတူပါတယ်။ စစ်ပွဲမှာ တကယ်တမ်း ရှုပ်ရှုပ်ချုံချုံတိုက်ပြီး ခေါင်းဆောင်မှ တပ်သားထုရဲ့ ယုံကြည်မှုကို ရတယ်ဆိုတာပါပဲ။ စစ်တပ်တခုမှာက အရာရှိကို အထက်က ခန့်ထားတာမို့ တပ်ကမကြိုက်ပေမယ့် ဖယ်ရှားပစ်လို့ မရဘဲရှိတတ်ပါတယ်။ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေကြတဲ့ အင်အားတပ်ဖွဲ့တွေ အတွင်းမှာကျတော့ အလွယ်နဲ့ အဖယ်ရှားခံရ၊ သမိုင်းအမှိုက်ထဲရောက်သွားတာတွေ ဖြစ်တတ်ပါတယ်။

ဒါကြောင့် ခေါင်းဆောင်ဆိုတာကို တိုက်ပွဲက ဖော်ထုတ်တာ၊ တိုက်ပွဲနဲ့ ပြန်စမ်းသပ်စစ်ဆေးတာလို့ ပြောရတာပါ။ ပြောရရင် သေတဲ့အထိ အစမ်းသပ်ခံနေရပါတယ်။

ဗမာနိုင်ငံသမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ခေါင်းဆောင်တွေကိုပဲ အလွယ်ပြန်ကြည့်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ သခင်ဗဟိန်းတို့လို လူတွေဟာ ကျောင်းသားလှုပ်ရှားမှုတွေထဲက ပေါ်ထွက်လာတာ ဖြစ်ပြီး နောက်ပိုင်း ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲ၊ လွတ်လပ်ရေး တိုက်ပွဲတွေထဲမှာ အစမ်းသပ်ခံပြီးမှ အခုလိုတနိုင်ငံလုံးက အသိအမှတ်ပြုခံရတဲ့ ခေါင်းဆောင်တွေ ဖြစ်ကုန်တာပါ။ နောက်ပြီး သူတို့ဟာ သေတဲ့အထိ ပြည်သူလူထဲဘက်ကနေ ပြည်သူလူထုအတွက် တိုက်ပွဲဝင်သွားကြတာပါ။ သူတို့နဲ့မတူဘဲ ၁၉၂၀ ခုနှစ် ကျောင်းသားလှုပ်ရှားမှုက ခေါင်းဆောင်တွေ၊ ဂျီစီဘီအေ ခေါင်းဆောင်တွေကျတော့ နောက်ပိုင်း တိုက်ပွဲတွေမှာ လူထုနဲ့ကင်းကွာပြီး သမိုင်းမော်ကွန်းမှာပြုတ်ကျန်ရစ်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်နေဝင်းဟာ ဘာပဲပြောပြော ရဲဘော်သုံးကျိပ်ထဲပါခဲ့တာ၊ လုပ်သလောက် လုပ်ခဲ့တာ အမှန်ပါပဲ။ ဒါကို အသိအမှတ်ပြုရမှာပါ။ ဒါပေမဲ့ သူနောက်ပိုင်းမှာ တောက်လျှောက် လုပ်တဲ့ လူထုဆန့်ကျင်ရေး၊ သတ်ဖြတ်ရေး လုပ်ရပ်တွေကြောင့် သူဟာ ဗမာပြည်သမိုင်းမှာ အဆိုးဆုံးလူဆိုးစာရင်းဝင်သွားတာ ဖြစ်ပါတယ်။

ဒါကြောင့်ဒီနေ့ကာလမှာ ခေါင်းဆောင်ဆိုသူတွေက ပြင်ဆင်တာ၊ တည်ဆောက်တာတွေ လုပ်ရမှာပါ။ လူထုအခြေအနေကို မပြတ်အကဲခပ်လေ့လာတာ လုပ်တာနဲ့ ချဉ်းကပ်တာတွေလုပ်ရမှာပါ။ ဒါပေမဲ့ လူထုအခြေအနေကို တကယ်နားမလည်ဘဲ လူထုကို အပြစ်တင်ဖို့နေလို့ မဖြစ်ပါဘူး။ အချိန်ကျရင် လူထုကြီးက ကိုယ့်ကိုဝေါနဲ့လာခေါ်မယ်၊ ကိုယ်က ချက်(ဂျက်) ကောင်းမှာ ခြေစုံပစ်ဝင်လိုက်မယ် လို့ တွက်နေရင်တော့ ဇာတ်သိမ်းမကောင်းတဲ့ ခေါင်းဆောင်ပဲ ဖြစ်မှာပါ။

လူထုအဖို့ ခေါင်းဆောင်ဆိုတာ ရွေးစရာ ရှိပါတယ်။ ဒါပေမဲ့ ခေါင်းဆောင်အဖို့တော့ လူထုဆိုတာရွေးစရာမရှိပါဘူး။ ဗမာပြည်က ခေါင်းဆောင်တွေအဖို့ဆိုရင် ဗမာပြည်က ပြည်သူလူထုကြီးနဲ့ အတူချီတက်ဖို့ပဲ စဉ်းစားရမှာပါ။ တခြားနိုင်ငံက လူထုကြီးနဲ့ အတူချီတက်မယ်ဆိုရင်တော့ တခြားကိုပဲ ရောက်သွားပါလိမ့်မယ်။

# တော်လှန်ရေးနဲ့ လုပ်ကြံခြိမ်းခြောက်ရေး

* တော်လှန်ရေးဟာ –(၁) လက္ခဏာအရ စနစ်ဟောင်းတွေကို စနစ်သစ်နဲ့ အစားထိုးတာဖြစ်တယ်။ (၂) ရည်မှန်းချက်အရ ပြည်သူလူထုကြီး ကောင်းစားရေး အတွက် ပြည်သူ့ဆန္ဒကို ဆောင်ရွက်တာဖြစ်တယ်။ (၃) ကျင့်ဝတ်အရ မတရားမှုတွေကို ဆန့်ကျင်ပြီး တရားနည်းလမ်းကျကျ ရင်ဆိုင်တာ၊ တိုက်ပွဲဝင်တာ ဖြစ်တယ်။ (၄) လက်သုံးနည်းနဲ့ တိုက်နည်းအရ လူတစုရဲ့ လုပ်ကြံတာမျိုး မဟုတ်ဘဲ လူထုကိုယ်တိုင် ထကြွလှုပ်ရှားကာ လူထုလက္ခဏာဆောင်တဲ့ တိုက်ပွဲကိုဆင်နွှဲတာမျိုး ဖြစ်တယ်။ (လူထုလှုပ်ရှားမှုနည်း၊ ပြည်သူ့စစ်ပွဲနည်းကို ကျင့်သုံးတာဖြစ်တယ်။)

* လုပ်ကြံခြိမ်းခြောက်ရေးဝါဒဟာ – (၁) လက္ခဏာအရ စနစ်ဟောင်း စနစ်သစ်မခွဲခြားဘဲ ရန်ညှိုးအရ ကလဲ့စားချေရေး ဖြစ်တယ်။ (၂) ရည်မှန်းချက်အရ ပြည်သူ့အတွက်ဖြစ်စေ၊ လူတစုအတွက်ပဲဖြစ်စေ အကျိုးရှိမရှိ မခွဲခြားတော့ဘဲ ကလဲ့စားချေနိုင်ရေးဖြစ်တယ်။ (၃) ကျင့်ဝတ်အရ တရားတာ မတရားတာ မခွဲခြားဘဲ လွယ်ရာနည်းနဲ့ ဆန့်ကျင်တိုက်ခိုက်တယ်။ (၄) လက်သုံးနည်းနဲ့ တိုက်နည်းအရပြောရင် လူထုကို ခက်ခဲပင်ပန်းခံပြီး စည်းရုံးကာ လူထုကိုယ်တိုင် ထကြွလှုပ်ရှား (စေတဲ့) နည်းမဟုတ်ဘဲ၊ လူတစုနဲ့ လျှို့ဝှက်လုပ်ကြံ ခြိမ်းခြောက်နည်းကို ကျင့်သုံးတာဖြစ်တယ်။ ။

# အသင့်ပြင်ကြဖို့လိုပြီ

*အဖိနှိပ်ခံ
ပြည်သူ
လူထုကြီး
တရပ်လုံး စည်းလုံး
ညီညွတ်လာအောင်
တိုက်ပွဲ
ဝင်လာအောင်
စည်းရုံး
ရှေ့ဆောင်ခြင်းသည်*

(၁)

အဖိနှိပ်ခံပြည်သူလူထုကြီးသည် အကြွင်းမဲ့ စုစည်းညီညွတ်နေခြင်း မဟုတ်သလို အကြွင်းမဲ့တသီးတခြား ကွဲကွဲနေခြင်းလည်း မဟုတ်ပါ။ စုစည်းညီညွတ်မှုနှင့် တသီးတခြားကွဲကွဲမှု ဘက်နှစ်ဘက်ဖြင့် ဖွဲ့တည်နေခြင်း ဖြစ်ပါသည်။

အဖိနှိပ်ခံဟူသော ယေဘုယျတူညီမှုက စုစည်းညီညွတ်မှုကို ဖြစ်ပေါ်စေပြီး၊ လူမျိုးများ၊ လူမျိုးများအတွင်းရှိ လူတန်းစား၊ လူ့အလွှာစသည့် ကိုယ်စီထူးခြားမှုနှင့် ကိုယ်စီအကျိုးစီးပွားများက တသီးတခြား ကွဲကွဲမှုကို ဖြစ်ပေါ်စေပါသည်။

ထိုဘက်နှစ်ဘက်၏ ပကတိတည်ရှိမှုနှင့် ကိုယ်စီထူးခြားမှုကို ရှိနေသည့် အတိုင်းအတာအလျောက် အသိအမှတ်ပြုကာ အဖိနှိပ်ခံပြည်သူ လူထုကြီးတရပ်လုံး စည်းလုံးညီညွတ်လာအောင် တိုက်ပွဲဝင်လာအောင် စည်းရုံးရှေ့ဆောင်ခြင်းသည် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၏ အဓိကကျသော အရေးကြီးတာဝန် ဖြစ်ပါသည်။ ဥာဏ်ပညာအမြော်အမြင် ဖြစ်ပါသည်။

(၂)

နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများသည် မိုးပေါ်ကကျလာခြင်း မဟုတ်ပါ။ စုစည်းညီညွတ်မှု၊ တသီးတခြားကွဲကွဲမှု၊ ဘက်နှစ်ဘက်ဖြင့် ဖွဲ့တည်နေသည့် အဖိနှိပ်ခံပြည်သူလူထုအတွင်းမှ ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။

ထို့ကြောင့်ပင် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများသည် မိမိတို့အသီးသီး ကိုယ်စားပြုရာ လူမျိုးများ၊ လူမျိုးများအတွင်းရှိ လူတန်းစား၊ လူ့အလွှာစသည်များ၏ အကျိုးစီးပွားကို ရပ်ခံတိုက်ပွဲဝင်နေကြခြင်း ဖြစ်ပါသည်။ မိမိတို့၏ ဆိုင်ရာလူတန်းစား၊ ကမ္ဘာ့အမြင်ဖြင့် တိုက်ပွဲကို လမ်းညွှန်နေကြခြင်း ဖြစ်ပါသည်။

သို့ရာတွင် မိမိတို့အသီးသီး ကိုယ်စားပြုရာ လူမျိုးများ၊ လူမျိုးများအတွင်းရှိ လူတန်းစား၊ လူ့အလွှာများ လွတ်မြောက်ရေးအတွက် တသီးတခြား၊ တကွဲတပြား ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက် အထမြောက်နိုင်သည်တော့ မဟုတ်ပါ။ မိမိတို့

အသီးသီး ကိုယ်စားပြုရာ လူမျိုးများ၊ လူမျိုးများအတွင်းရှိ လူတန်းစား၊ လူ့အလွှာများ ဖြင့် ဖွဲ့တည်နေသည့် တခွင်တပြင်လုံး လက္ခဏာဆောင်သော 'အဖိနှိပ်ခံ ပြည်သူလူထု တရပ်လုံး' လွတ်မြောက်ရေးနှင့် ပေါင်းစည်းဆက်စပ်နိုင်မှသာ အောင်မြင်နိုင်ပါသည်။ ပြည်သူလူထုအတွင်းမှ ကွဲကွဲမှုကို စုစည်းညီညွတ်မှုအဖြစ် ပြောင်းလဲပစ်နိုင်မှသာ ကြီးမားသော တိုက်ပွဲဝင်ခွန်အားကြီး ဖြစ်လာနိုင်ပါသည်။

ပြည်သူလူထုအတွင်းရှိ ကွဲကွဲမှုကို စုစည်းညီညွတ်မှုအဖြစ် ပြောင်းလဲရာတွင် အထစ်အငေါ့မရှိ စင်းလုံးချော ပြေပြစ်နေသည်တော့ မဟုတ်ပါ။ သက်ဆိုင်ရာ ကိုယ်စီအကျိုးစီးပွားနှင့် သက်ဆိုင်ရာ ကိုယ်စီကိုယ်စားပြု ကိုင်စွဲထားသော ကမ္ဘာ့အမြင်များကြောင့် အငြင်းပွားမှုများ၊ စေ့စပ်ဆွေးနွေးရမှုများကို ဖြတ်သန်းရလေ့ ရှိပါသည်။ သို့ရာတွင် 'ပြည်သူလူထု' ဟူသော ဖွဲ့စည်းမှုအတွင်းတွင် ကွဲကွဲမှုဘက်သာမက စုစည်းညီညွတ်မှုဘက် (ပင်စည်ပင်မလည်း ဖြစ်သောဘက်) လည်း ရှိနေသောကြောင့် ကွဲကွဲမှုမှ စုစည်းညီညွတ်မှုသို့ ပြောင်းလဲ၍ရသည်သာ ဖြစ်ပါသည်။

ဗမာပြည်၏ နယ်ချဲ့ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲသမိုင်းတွင်ပေါ်ထွန်းခဲ့ဖူးသော 'ဗမာ့ထွက်ရပ်ဂိုဏ်း' နှင့် 'ဖဆပလ' အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးမှာ ထင်ရှားသော သာဓကဖြစ်ပါသည်။

(၃)

ယနေ့ ဆင်နွှဲနေသော ဒီမိုကရေစီရေးတိုက်ပွဲတွင် ပါဝင်နေကြသည့် နိုင်ငံရေးပါတီများအနက် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီသည်။ တပြည်လုံးလက္ခဏာဆောင်သော ရှေ့ဆောင်ပါတီ ဖြစ်ပါသည်။ ၈ လေးလုံး လူထုအရေးတော်ပုံကြီးအတွင်းမှ ပြည်သူလူထုကြီး ကိုယ်တိုင် ရွေးချယ်လိုက်သော ပါတီ ဖြစ်ပါသည်။ စစ်အစိုးရကိုယ်တိုင် ကျင်းပပေးသည့် ၉၀ ပြည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော တရားဝင်ပါတီလည်း ဖြစ်ပါသည်။

NLD ပါတီ၏တာဝန်မှာ ပြည်သူလူထုကြီးတရပ်လုံး စုစည်းညီညွတ်လာအောင် စည်းရုံးရေး၊ ပြည်သူလူထုကြီး၏ ညီညွတ်မှုအင်အားဖြင့် စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေးတို့ကို ရှေ့ဆောင်ရှေ့ရွက်ပြုရန် ဖြစ်ပါသည်။

သို့ရာတွင် ဒီမိုကရေစီ အကြွင်းမဲ့ဆိတ်သုဉ်းနေသော ဖက်ဆစ်တပိုင်း စစ်အာဏာရှင်စနစ်အောက်တွင် NLD အနေဖြင့် ၎င်း၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အခက်အခဲအကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရပါသည်။ အများသိဖြစ်၍ အကျယ်မချဲ့တော့ပါ။

ဤလိုအခြေအနေမျိုးတွင် ဒီမိုကရေစီတိုက်ပွဲ တာဝန်တစုံလုံးကို NLD တခုတည်းအား ပုံအပ်ထားခြင်းသည် မနိုင်ဝန်ကို ထမ်းခိုင်းရာ ကျပါသည်။ ဥပဒေမရှိသော ဖက်ဆစ်တပိုင်း စစ်အာဏာရှင်အစိုးရအောက်တွင် NLD ၏ ဥပဒေတွင်း နိုင်ငံရေးလှုပ်ရှားမှုမှာ မှန်းချက်နှင့် နှမ်းထွက် ကိုက်နိုင်စရာလမ်းသိပ်မမြင်ပါ။ NLD ရင်ဆိုင်နေရသော အကန့်အသတ်က ကြီးလွန်း၍ ထိုသို့ပြောရခြင်း ဖြစ်ပါသည်။

ပြည်သူလူထုကြီးတရပ်လုံး ညီညွတ်ပြီး တိုက်ပွဲဝင်လာအောင် စည်းရုံးရာတွင် NLD အပါအဝင် ဥပဒေတွင်း ပါတီများအနေဖြင့် ဘက်စုံ၊ ထောင့်စုံဆောင်ရွက်နိုင်သည့် အခြေအနေမရှိပါ။ အရေးကြီးသော လစ်ကွက်ဟာကွက်များ မလွဲမရှောင်သာ ရှိနေပါသည်။ ထိုအရေးကြီးလစ်ကွက်၊ ဟာကွက်များကို ဥပဒေပ ဒီမိုကရေစီအင်အားစုများက မြေအောက် (UG) နည်းဖြင့် ဖြည့်ဆီးဝန်းရံကြဖို့ လိုပါသည်။ ပြည်တွင်း ပြည်သူလူထုကြီးနှင့် အနီးကပ်ရှိနေပြီး လာမည့်လူထု တိုက်ပွဲကြီးအတွက် ဝိုင်းဝန်းပြင်ဆင်ရင်း အခွင့်အခါကောင်းကို စောင့်ကြရပါမည်။ ထိုသို့ လက်ဦးမှုရှိစွာ အသင့်ပြင်ဆင် ထားနိုင်မှသာ ဖြစ်ပေါ်လာမည့် လူထုတိုက်ပွဲဒီလှိုင်းကိုစီးကာ NLD အတွက် ဒီမိုကရေစီခရီးလမ်းပေါ်မှာ ပိတ်ဆို့နေသည့် အတားအဆီးမှန်သမျှကို ဖယ်ရှားပစ်နိုင်မည် ဖြစ်ပါသည်။ ဤသည်မှာ NLD အား ဝန်းရံသည့် အသင့်တော်ဆုံးနည်း ဖြစ်ပါသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် တပါတီကောင်း၊ တဖွဲ့ကောင်းနှင့် မရနိုင်ပါ။ တယောက်တပေါက် ကွဲကွဲကွဲကွဲ ဆောင်ရွက်၍လည်း မအောင်မြင်နိုင်ပါ။ ဒီမိုကရေစီအင်အားစုအားလုံး စုစုစည်းစည်း ညှိနှိုင်းတိုင်ပင် လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

(၄)

အချိန် သိပ်မရှိတော့ပါ။

'NLD နေဝင်ချိန်နီးပြီ' ဟု နအဖ စစ်အုပ်စုက ညာသံပေးခြိမ်းခြောက်နေပါသည်။ ထိုစကား၏ အခြားအဓိပ္ပာယ်မှာ NLD အား ခေါင်းဆောင်ပါတီအဖြစ် ရွေးချယ်လိုက်သော ပြည်သူလူထုကြီးအား စော်ကားခြိမ်းခြောက်လိုက်ခြင်းလည်း ဖြစ်ပါသည်။

ပြည်သူလူထုကြီးအနေဖြင့်လည်း အချိန်သိပ်စောင့်နိုင်တော့မည် မထင်ပါ။ အငတ်တပ်ကြီး တနေ့တခြား ကြီးထွားလာနေပါပြီ။ 'ထမင်းငတ်တဲ့ ဗိုက်ဟာ ကျည်ဆံမကြောက်' ဟူသော လူထုဒေါသသံများကို ကြားရစပြုနေပါပြီ။ စစ်အုပ်စု၏ အပိုင်စီးအသုံးချခံနေရသော တပ်မတော်တွင်းမှ အောက်ခြေတပ်မှူး၊ အကြပ်၊ တပ်သားများ၊ ၎င်းတို့ဇနီးမယားများ၏ ညည်း

ညှာကိုင်ဆဲသံများလည်း ဖုံးဖိထားသည့် ကြားကပင် အပြင်သို့ ထွက်လာနေပါပြီ။

အချိန်မီ စုပေါင်းပြင်ဆင်ကြဖို့ လိုပါသည်။ ပြင်ဆင်မှုနောက်ကျလျှင် ပြည်သူလူထု၏ အသက်သွေးဖြင့် စတေးရယူခဲ့ရသော ၈ လေးလုံး အရေးတော်ပုံကြီး၏ အောင်သီးအောင်နှံ (NLD အပါအဝင် ဥပဒေတွင်းပါတီများ၊ ၉၀ ပြည့် ရွေးကောက်ပွဲရလဒ် စသည်) များ လက်လွှတ်ဆုံးရှုံး သွားနိုင်ပါသည်။ ပြည်သူ့တိုက်ပွဲဖြင့် ရယူထားသော ထိုအရာများကို မြင့်မြင့်မားမား တန်ဖိုးထားကြဖို့ လိုပါသည်။

ပြင်ဆင်မှု အချိန်မမီလျှင် တွေ့ကြုံရမည့် အကြီးဆုံးအန္တရာယ်မှာ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ကာ ပြည်သူများ ဆယ်စုနှစ်များစွာ ဆက်လက် ဒုက္ခပင်လယ်ဝေကြရမည့်အရေး တိုင်းပြည် စုံးစုံးနစ်မည့်အရေး ဖြစ်ပါသည်။

ထိုအန္တရာယ်များကို ကျော်နင်းနိုင်ရေး၊ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပြီး ဒီမိုကရေစီစနစ်နှင့် အစာထိုးနိုင်ရေးအတွက် ကျွန်တော်တို့အတွင်း (ပြည်သူလူထုအတွင်း) မှ ကွဲကွဲမှုများကို စုစည်းညီညွတ်မှုအဖြစ် ပြောင်းလဲပစ်ကြရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် ဂိုဏ်းဂန အာဃာတများကို ဖယ်ရှားကာ အားလုံးလက်ခံနိုင်သော 'ဘုံလုပ်ငန်းစဉ်' တရပ်ဝိုင်းဝန်းညှိနှိုင်းချမှတ်ပြီး လာမည့်လူထုတိုက်ပွဲကြီးအတွက် အချိန်မီအသင့်ပြင်ကြရန်ပင် ဖြစ်ပါသည်။

(၅)

'အမျိုးသားညီလာခံ' ဆိုတာက မကြာမီပြီးပါတော့မည်။ 'ပြည်သူ့ဆန္ဒခံယူပွဲ' ဆိုတာကြီး လာပါတော့မည်။ ဒီတချီ မတိုက်ဖျက်နိုင်လျှင် '၁၀၄ အခြေခံဥပဒေ' အသက်ဝင်လာပါတော့မည်။

ထိုသို့ အသက်ဝင်လှုပ်ရှားလာခဲ့လျှင် ပြည်တွင်းအတိုက်အခံ O/G များအတွက် 'လုပ်ကွက်' ကျဉ်းပါတော့မည်။ NLD သည်ပင် 'တရားဝင်' ရပ်တည်နိုင်ပါ့မလား မသေချာပါ။ ထိုသို့ဖြစ်လာလျှင် ပြည်တွင်း O/G တခန်းရပ်သွားပြီး ပြည်ပ O/G တွေပဲ 'ကြွေးကြော်သံထုတ်' 'ဆန္ဒပြ' လုပ်နိုင်ပါတော့မည်။

မျက်မှောက် နိုင်ငံတကာ့အခြေအနေမျိုးတွင် စစ်အုပ်စုက ပြည်ပဖိအားကို ဂရုထားမှာမဟုတ်ပါ။ 'မဆလအစိုးရ' လိုပဲ ဟိုဘက်ကပ်လိုက် ဒီဘက်ကပ်လိုက် လုပ်နေမှာ ဖြစ်ပါသည်။

ထို့ကြောင့် လာတော့မည့် 'ဆန္ဒခံယူပွဲ' အတွက် ပြင်ကြဖို့နှိုးဆော်လိုက်ရပါသည်။ မှန်ကန်သော ခေါင်းဆောင်မှုပေးဖို့ အဓိကပါတီကြီးများတွင် တာဝန်ရှိနေပါကြောင်း ပွင့်ပွင့်လင်းလင်း တင်ပြလိုက်ရပါသည်။ ။

# ဗကပ ရဲ့ လုပ်ငန်းတာဝန်ကြီး ၄ ရပ်

(၁) မော်ကွန်စ် လီနင်ဝါဒကို ကာကွယ်ရေး၊ ဆိုရှယ်လစ်စနစ်ကို ကာကွယ်ရေး။
(၂) ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရေး။
(၃) ဒီမိုကရေစီရေးအတွက် ဆင်နွဲသော လူထုလှုပ်ရှားမှုများကို အားပေးထောက်ခံရေး။
(၄) အမျိုးသားလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရေး၊ ပြီးပြည့်စုံသော အမျိုးသားလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သွားရေး။

ပါတီကွန်ဖရင့်သို့ တင်သွင်းသည့် ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာ (မတ်လ ၁၉၉၂ ခုနှစ်)

# အခြေခံဥပဒေကိစ္စ

၁။ "ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံသစ် ဖြစ်ပေါ်လာရေး" လို့ ကြွေးကြော်ပြီး "အခြေခံဥပဒေ" (မူကြမ်း) နဝတ/နအဖ က ရေးဆွဲနေတာ ၁၀ စုနှစ် တခုကျော်ခဲ့ပါပြီ။ မပြီးသေးပါ။ ဘယ်တော့ ပြီးမလဲ ဆိုတာလည်း သူတို့ကိုယ်တိုင် ပြောရခက်နေပုံရပါတယ်။

၂။ "အခြေခံဥပဒေ" ဆိုတာ နိုင်ငံရေးအာဏာပြဿနာကို အပြီးအပိုင်ဖြေရှင်းပြီးမှ ရေးဆွဲကြရတဲ့ ထုံးစံဖြစ်တယ်။ ဒါဟာ ကမ္ဘာ့ထုံးစံပါ။ ဗမာပြည်မှာလည်း ဒီထုံးစံကိုလိုက်ပြီး ၁၉၄၇ ခုနှစ်က "အခြေခံဥပဒေ" ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ နေဝင်း၊ စောမောင်၊ သန်းရွှေတို့ ပြောသလို ကမန်းကတန်း ကောက်ကာငင်ကာ ဖြစ်ကတတ်ဆန်း ရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ နယ်ချဲ့အင်္ဂလိပ်နဲ့ ဗမာပြည် ပြည်သူတွေ နိုင်ငံရေးအာဏာပြဿနာကို အပြီးအပိုင် ဖြေရှင်းပြီးမှ ကိုယ့်အတွင်းမှာ အချိန်ယူညှိနှိုင်း စေ့စပ်ကာ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ၁၉၄၅၊ ၁၉၄၆၊ ၁၉၄၇ ဒီ ၃ နှစ်အတွင်းမှာ အင်္ဂလိပ်ဘုရင်ခံ ကိုလိုနီ အစိုးရကတဖက် ဖဆပလ ကတဖက် အကြိမ်ကြိမ်အားစမ်းပြီးမှ နိုင်ငံရေးအာဏာပြဿနာ ပြီးဆုံးပြေလည်သွားတာ ဖြစ်တယ်။ အင်္ဂလိပ်က အလျှော့ပေးသွားရတာ ဖြစ်တယ်။ အိန္ဒိယကို လက်လွှတ်ရမှတော့ ဗမာပြည်ကို ဆက်ပြီး ထိန်းထားလို့ အကျိုးမရှိဘူးဆိုတာ အင်္ဂလိပ်က သိသွားလို့ပါ။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှာ အင်္ဂလိပ်က အိန္ဒိယနဲ့ ပါကစ္စတန် ၂ ပြည်ခွဲပြီး လွတ်လပ်ရေး ပေးလိုက်ရပြီဖြစ်တယ်။ 'ကုလားတပ်' ကို သုံးပြီးသိမ်းခဲ့တဲ့ ဗမာပြည်ကို 'ကုလားတပ်' မသုံးနိုင်တော့ရင် ထိန်းမရဘူးဆိုတာကို အင်္ဂလိပ်သိနေတာပဲ။ ဒါကြောင့် ကမန်းကတန်း ဆုတ်ခွာသွားတာ ဖြစ်တယ်။ အင်္ဂလိပ် အလိုတော်ရိတွေအားလုံး ပက်လက်လန်ကျန်ရစ်ခဲ့တာပါ။ (ဂျွန်စောက ဗိုလ်အောင်ဆန်းတို့ကို လုပ်ကြံတာနဲ့ အိန္ဒိယ လွတ်လပ်ရေး ရတာရဲ့ကြားမှာ တလတောင် မပြည့်ပါဘူး။)

အခြေခံဥပဒေကို ကမန်းကတန်း ရေးတာမဟုတ်ဘူး ဆိုတာကတော့ အင်္ဂလိပ် ပြန်ရောက်လာကတည်းက တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ရေး ကြွေးကြော်သံတင်ပြီးကတည်းက အခြေခံဥပဒေ ဘယ်လိုရေးမလဲဆိုတာကို လေ့လာကြံဆနေကြတာ ဖြစ်လို့ပဲ။ နိုင်ငံတကာ့ အခြေခံဥပဒေတွေကို လေ့လာတာနဲ့ တပြိုင်တည်းမှာ ဗမာပြည်ရဲ့ လက်တွေ့ကိုလည်း လေ့လာနေကြတာ ဖြစ်တယ်။ အဲဒီလို လေ့လာတာထဲမှာ နေဝင်းက ဘာကောင်မှ မဟုတ်လို့ သူမပါတာပဲ။ သူ့ဘာသာ အလေလိုက်နေတာ ဖြစ်တယ်။ နိုင်ငံရေးစင်မြင့်ပေါ်မှာ သူမရှိပါဘူး။ ဖဆပလ ညီလာခံတွေမှာ သူပါခဲ့ရဲ့လား။ မပါဘူး။

အဲဒီတော့ '၁၉၄၇ အခြေခံဥပဒေ' ကို နေဝင်း အပုပ်ချတာ မဆန်းပါဘူး။ သန်းရွှေတို့ကတော့ နေဝင်းရဲ့ 'အာဏာအမွေခံ' တွေမို့ နေဝင်းလိုပဲ လိုက်ပြောနေရတာပါ။

နေဝင်းရဲ့ 'တော်လှန်ရေးကောင်စီ' RC က ရှမ်းတွေ ခွဲထွက်တော့မှာမို့ အာဏာသိမ်းရတာပါလို့ ပြောတာကလည်း လီဆယ်လုပ်ကြံ ပြောကြတာပဲ။

၁၉၄၇ အခြေခံဥပဒေကို ခေတ်နဲ့အညီ ပြုပြင်တာ Update လုပ်တာဟာ လုပ်ရမယ့်ကိစ္စပဲ။ ၁၀ နှစ် နိဂုံးချုပ် လုပ်တာလည်း လုပ်ရမှာပဲ။ အဲဒီလိုလုပ်ဖို့ ၁၉၄၇ အခြေခံဥပဒေက ခွင့်ပြုထားတာဖြစ်တယ်။ ရှမ်းပြည်က တိုးတက်တဲ့ အင်အားစုတွေနဲ့ ဗကပ (ရှမ်းပြည်ကော်မတီ) က ညှိနှိုင်းပြီး အခြေခံဥပဒေ ပြင်ဆင်ရေး (Update လုပ်ရေး) ကို တင်ပြနေတာ ၁၉၅၆၊ ၅၇ ကတည်းကပါ။ တန်းတူတဲ့ သွေးစည်းတဲ့ တလုံးတစည်းထဲဖြစ်တဲ့ နယ်မြေတည်တံ့ခိုင်မာတဲ့ ပြည်ထောင်စုပေါ်ထွက်ဖို့ ကြံဆတာပါ။ အဲဒီလို အခြေခံဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုဟာ ခွဲထွက်ရေး မဟုတ်ဘူး။ SEATO နဲ့ ဘာမှမဆိုင်ဘူး။ "၁၉၄၇ အခြေခံဥပဒေ" က ပေးတဲ့ အခွင့်အာဏာကိုယူပြီး ပြုပြင်ဖို့ Update လုပ်ဖို့ဖြစ်တယ်။

နေဝင်းတို့ "တော်လှန်ရေးကောင်စီ" လုပ်လိုက်မှပဲ ခွဲထွက်ရေးတွေ အုံနဲ့ကျင်းနဲ့ ပေါ်လာတာဖြစ်တယ်။ BIA ကို အတုယူပြီး IA တွေ ပေါ်လာကြတာ ဖြစ်တယ်။ သီးခြားလွတ်လပ်တဲ့နိုင်ငံ ထူထောင်ရေးကို 'ဗကပ' က ဘယ်တုန်းကမှ သဘောမတူပါဘူး။ ဟိုတုန်းကလည်း သဘောမတူဘူး၊ အခုလည်း သဘောမတူဘူး၊ နောင်လည်း သဘောတူမှာ မဟုတ်ပါဘူး။

၃။ ဘာကြောင့် ခွဲထွက်ရေး သဘောမတူတာလဲ။ ဗမာပြည်ရဲ့

လက်တွေ့အရ လုပ်လို့မဖြစ်နိုင်လို့ပါ။ ဗမာပြည်က အိန္ဒိယနဲ့ တရုတ်နဲ့ အရှေ့တောင်အာရှ တိုင်းပြည်တွေနဲ့ တကယ့်ဘဝမှာ မတူလို့ပဲ။ တကယ့်ဘဝကို ဆန္ဒစွဲကင်းကင်းနဲ့ စဉ်းစားကြည့်ကြစေချင်တယ်။

တိုင်းပြည်ကငယ်ငယ်၊ လူမျိုးကများများ၊ သမိုင်းက ရှုပ်ရှုပ်ထွေးထွေး အဲဒီလိုနေရာမျိုးမှာ အိမ်ခွဲကြရင် တကျက်ကျက် ရန်ဖြစ်နေတာနဲ့ပဲ ကျေပြုန်းကြမှာပါ။ ရှမ်းပြည်ထဲမှာ ကချင်ရှိတယ်။ ကချင်ပြည်နယ်ထဲမှာ ရှမ်းရှိတယ်။ ရှမ်းပြည်ကခွဲရင် ပလောင်၊ ပအိုဝ့်၊ ဝ’ တွေကလည်း ခွဲချင်မှာပဲ။ ကရင်နဲ့ မွန်၊ ကရင်နဲ့ ဗမာ ဘယ်လိုနယ်မြေ ပိုင်းခြားကြမလဲ။ မနေနိုင်ထွက်သွားကြဆိုပြီး ချစ်တီးကုလား မောင်းထုတ်သလို လုပ်ကြလို့လည်း မရပါဘူး။ အိန္ဒိယ ပါကစ္စတန် ခွဲသလို လုပ်လို့လည်း မရပါဘူး။

ခွဲခြမ်း ခွဲခြမ်းလုပ်ကြရင် ဗမာစစ်အုပ်စုရဲ့ အကြိုက်ပဲ ဖြစ်ပါလိမ့်မယ်။

၄။ ဗကပ ခွဲထွက်တွေ ပေါ်ခါစက သူတို့တတွေ ခွဲထွက်တာ ‘ဗကပ’ ရဲ့ ဗမာလူမျိုးကြီးဝါဒ ပေါ်လစီကြောင့်လိုလို ပြောကြတယ်။ ရေးကြတယ်။ အခုတော့ ဘယ်သူမှ မပြောကြတော့ဘူး။ မရေးကြတော့ဘူး။ ပြောလို့ရေးလို့လည်း မရတော့ဘူးလေ။

ခွဲထွက်တွေ ဗကပ နဲ့ တွဲခဲ့တဲ့သက်တမ်းနဲ့ အဲဒီအဖွဲ့တွေ နဝတ/နအဖ နဲ့ တွဲခဲ့တဲ့သက်တမ်း နှိုင်းယှဉ်ကြည့်ပါ။ သက်တမ်းချင်း မတိမ်းမယိမ်း ဖြစ်နေပါပြီ။ အဲဒီ ခွဲထွက်တွေဆီက ဗမာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေးစကား တစွန်းတစတောင် ကြားရသေးရဲ့လား။ ဒီမိုကရေစီစကားကော ကြားရသေးသလား။

မကြားရပါဘူး။ စစ်အုပ်စု ငြိုငြင်မယ့်စကား တခွန်းမှ မဟဝံ့တော့ပါဘူး။ စစ်အုပ်စု ကြိုးဆွဲရာ ကနေကြပါတယ်။ ဘယ်လောက်ကြာကြာ ကနိုင်မလဲ။ အခုပဲ အကျပ်တွေ့နေပြီ။

‘ဗကပ’ နဲ့ နဝတ ပဋိပက္ခထဲကနေ အမြတ်ထုတ်ပြီး စစ်အုပ်စုနဲ့ ပလူးခဲ့ကြတယ်။ ခေါင်းဆောင်တွေ သူဌေးဖြစ်ကြတယ်။ နောက်တော့ NLD နဲ့ နဝတ/နအဖ ပဋိပက္ခထဲကနေ အမြတ်ထုတ်ကြတယ်။ အခုတော့ အမြတ်ထုတ်ရမယ့် အချိန်က ကြာလေနည်းလေ ဖြစ်လာနေပြီ။

စစ်အုပ်စုကလည်း “ညောင် ၂ ပင်ပြပွဲ” စခန်းသိမ်းရတော့မယ်။ တွင်း (၁) ဗိုလ်သိန်းစိန်က “‘ဆန္ဒခံယူပွဲ’ ‘ရွေးကောက်ပွဲ’ တွေ လုပ်တော့မယ်။ အဲဒီမှာ လက်နက်တကားကားနဲ့ လုပ်နေတာ မမြင်ချင်ဘူး။ လက်နက်နဲ့ ငြိမ်းချမ်းရေး အပြီးအပိုင်လဲကြတော့” လို့ ရာဇသံပေးနေပြီ။ (လက်နက်နဲ့ ငြိမ်းချမ်းရေး အပြီးအပိုင်လဲတယ်ဆိုတဲ့ ဝေါဟာရကို အင်္ဂလိပ်လို ဘာသာပြန်ထားတာက Unconditional Surrender တဲ့။ ခြွင်းချက်မရှိ လက်နက်ချတာဆိုပဲ)

၅။ အိမ်နီးချင်းနိုင်ငံတွေက ဗမာပြည်မှာ ‘အခြေခံဥပဒေ’ တခု (ဘယ်လိုဟာပဲဖြစ်ဖြစ်) ရှိစေချင်ကြတယ်။ မာရှယ်လော စစ်အစိုးရနဲ့ ဆက်ဆံရတာကို စိတ်မရှည်ကြဘူး။

စစ်အေးခေတ်ကလိုလည်း ဗမာပြည်နဲ့ နယ်ခြားမှာ ကြားခံအင်အားတခု buffer မထားချင်ကြတော့ဘူး။ တရုတ်နယ်စပ်မှာတော့ ‘ဗကပ’ အပြိုမှာ buffer တွေကို တရုတ်က ခပ်ပြတ်ပြတ် ဖြုတ်ပစ်လိုက်တယ်။ အခုတော့ ယိုးဒယား (ထိုင်း) က ဖြုတ်ချင်နေပြီ။ ဒုက္ခသည်စခန်းတွေလည်း ရုပ်သိမ်းချင်နေပြီ။ “အာရှလမ်းမကြီး၊ သံမဏိပိုးလမ်းမကြီး” ဖောက်ဖို့ လွတ်လပ်တဲ့ ဈေးကွက်ကြီး ဖန်တီးဖို့ဘက်ကို အာရုံရောက်နေကြတယ်။ သူတို့က အခြေခံဥပဒေကိစ္စ မြန်မြန်ပြတ်စေချင်ကြတယ်။ ကမ္ဘာ့တဖက်ခြမ်းက အမေရိကန်ကတော့ အခြေခံဥပဒေကိစ္စ ပြတ်စေချင်ပုံမရဘူး။ ဒါကြောင့် အာဏာမဲ့တွေရဲ့ စင်ပြိုင်အခြေခံဥပဒေ တခုပေါ်စေချင်ပုံရတယ်။

၁၉၆၂ ကတည်းက ‘ဗကပ’ က အာဏာမဲ့တွေရဲ့ စင်ပြိုင်အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကို သဘောမတူပါဘူး။ မူအားဖြင့်ပြောရင် အာဏာပြဿနာကို အရင်ရှင်းပြီးမှ အာဏာရသူက အခြေခံဥပဒေ ရေးဆွဲဖို့ပဲ။ အခြေခံဥပဒေဆိုတာ တော်လှန်ရေးအောင်မြင်မှ သရဖူဆောင်းတဲ့ အလုပ်ပါ။ ဒါကြောင့် (အာဏာမဲ့တွေက) အခြေခံဥပဒေ စင်ပြိုင်ရေးဆွဲထားတာတွေနဲ့ ပတ်သတ်ပြီး ဝင်ပြီးအကြံပေးတာ ဝေဖန်တာ မလုပ်ပါဘူး။ ကိုယ့်အတွင်းမှာတော့ (သူများတွေ ကြံဆထားတာကို) လေ့လာတာတော့ လေးလေးစားစား လုပ်ပါတယ်။ တရားဝင်မှတ်ချက်ပေးတာ မလုပ်ပါဘူး။

အာဏာရနေသူ ‘စစ်အုပ်စု’ က ရေးဆွဲတဲ့ အခြေခံဥပဒေကိုတော့ နှိုက်နှိုက်ချွတ်ချွတ် လေ့လာပါတယ်။ တရားဝင်လည်း မှတ်ချက်ပေးပါတယ်။

အခု လမ်းပြမြေပုံ RM အဆင့် (၄) မှာ တိုက်ဖျက်ပစ်ဖို့ ပြင်ဆင်နေပါတယ်။ အခုကစပြီး ပြင်ဆင်နေမှ အချိန်မီပါလိမ့်မယ်။ အာရုံထွေပြားနေကြလို့ မဖြစ်ပါဘူး။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ UNSC ကို မျှော်နေရင်၊ သံရုံးဆန္ဒပြတာနဲ့ အလုပ်ရှုပ်နေကြရင် အခွင့်ကောင်း လက်လွတ်မှာပါ။

စကားကုန်ပြောပါမယ်။ တကယ်လို့ မိမိတို့ညံ့ကြလို့ နအဖရဲ့ ‘၁၀၄ ချက် အခြေခံဥပဒေ’ အတည်ဖြစ်သွားရင်လည်း ၁၉၇၄ မဆလ အခြေခံဥပဒေကို တိုက်ဖျက်ခဲ့သလိုပဲ တိုက်ဖျက်ဖို့အထိ ‘ဗကပ’ က စဉ်းစားထားပါတယ်။ ဘယ်တော့မှ၊ ဘယ်လိုပုံစံနဲ့မှ လက်ခံမှာ မဟုတ်ပါဘူး။ အချိန်ဘယ်လောက်ယူရယူရ တိုက်ဖျက်ပစ်မှာပါ။ ။

ပွင့်ပွင့်လင်းလင်း ပြောပါရစေ

# အင်အားကြီးတွေကြားမှာ ကြားမညပ်စေဖို့

*ဝင်ရိုးတခုကမ္ဘာ့စနစ်လား၊ ဝင်ရိုးအများ ကမ္ဘာ့စနစ်လား တခုခုကတော့ ၂၀၂၅ မတိုင်မီ ပေါ်တော့မှာပဲလို့ တွက်ပါတယ်။*

အခုတော့ လွှန်ပွဲနွှဲနေကြတုန်းပါ။ လွှန်ပွဲက တည်ရှိနေတဲ့ နိုင်ငံတကာ့အဖွဲ့အစည်းတွေ၊ နိုင်ငံစုံအစည်းအဝေးတွေထဲမှာ နွှဲနေကြတာပါ။

နိုင်ငံတကာ့အဖွဲ့အစည်းတွေ၊ နိုင်ငံစုံအစည်းအဝေးတွေကလည်း အခုခေတ်မှာ သိပ်များပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ UNSC ဆိုတာကလည်း နိုင်ငံတကာ့ အဖွဲ့အစည်းတခုပါပဲ။ UNSC ထဲက လွှန်ပွဲမှာ ဗမာပြည်က ကြားညပ်ပါသွားပါပြီ။ အဲဒီလို ကြားညပ်သွားမှာ စိုးလွှန်းလို့ပဲ၊ ‘ဗကပ’ က ‘ပြည်ချစ်ဝါဒလမ်းစဉ်’ တင်ပြခဲ့တာပါ။ နအဖ ကိုလည်း အမြော်အမြင်ရှိဖို့၊ ခေါင်းမမာဖို့၊ NLD နဲ့ စေ့စပ်ဆွေးနွေးဖို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့ပါတယ်။ ဘာတွေဆွေးနွေးမယ်။ ဘာပေးပြီး ဘာယူမယ်ဆိုတာကတော့ ကာယကံရှင်တွေ (နအဖနဲ့ NLD) စဉ်းစားကြဖို့ပါ။ ကာယကံရှင်တွေ ကျေနပ်ရင်ပြီးတာပါပဲ ဆိုတဲ့အထိ ‘ဗကပ’ က တင်ပြခဲ့ပါတယ်။ လွှန်ပွဲမှာ ကြားညပ်မှာစိုးလွှန်းလို့ပါ။ NLD က ပျော့ပျောင်းပေမယ့် နအဖက တင်းမာလွှန်းပါတယ်။ အဲဒီလိုနဲ့ ဗမာပြည်အရေးက UNSC ထဲရောက်ရတော့တာပါ။

လူစိမ်းတွေပါလာရင် ဗမာပြည်ကိစ္စက ဇာတ်မျောတော့မှာပဲ ဆိုတာသိလို့ UNSC ထဲ ဗမာပြည်ကိစ္စ မရောက်စေချင်ပါဘူး။ ဒါပေမဲ့ ရောက်သွားပါပြီ။ ရောက်သွားရင်လည်း ဘယ်တော့မှ ပြီးမှာမဟုတ်ပါဘူး။ တခြားမကြည့်ပါနဲ့ ပါလက်စတိုင်းအစ္စရေး ကိစ္စပဲကြည့်ပါ။ UNSC ထဲမှာ ဗီတိုအထိဆုံးကိစ္စဟာ အဲဒီကိစ္စပါပဲ။ အခုတော့ UNSC ချည်း မနိုင်တော့လို့ အမေရိကန်၊ ရုရှား၊ ဥရောပသမဂ္ဂ စတာတွေပါ ဝင်ပါလာရပြီ။ အဲဒီလိုပါလာတော့လည်း မပြီးပါဘူး။ ကြာလေ ရှုပ်လေ ဖြစ်နေပါပြီ။

ကျွန်တော်တို့ စိတ်ကူးမယဉ်ကြဖို့ လိုပါတယ်။ ကမ္ဘာ့စနစ်လွှန်ပွဲက ပြင်းထန်တော့မှာပါ။ ဘယ်အင်အားကြီးနိုင်ငံကမှ လွှန်ပွဲမှာ လျှော့ပေးကြမှာ မဟုတ်ပါဘူး။ စစ်အေးလွှန်ခေတ် ပျားရည်ဆမ်းချိန် (တရုတ်နဲ့ အမေရိကန်ရဲ့ ပျားရည်ဆမ်းချိန်) ကုန်လွှန်သွားပါပြီ။ ဗမာပြည်ကိစ္စ UNSC မှာ နောက်တခါ

**အရင်တုန်းကတော့ ကမ္ဘာ့စနစ် အကျပ်အတည်း ဖြစ်လာရင် နောက်ဆုံးမှာ စစ်နဲ့ပဲ ရှင်းကြပါတယ်**

တက်လာရင်လည်း တရုတ်က ဗီတိုသုံးဦး မှာပါ။

စစ်အေးခေတ်မှာ ရှုံးသွားတာက ဆိုဗီယက်ကွန်မြူနစ်ပါ။ ရုရှားခေနရှင်က မရှုံးပါဘူး။ သူက နိုင်သူပါ။ ရုရှားခေနရှင်ကလည်း အမေရိကန်ကို အာခံနေပါပြီ။ မကြာခင်က မြူနစ်မှာ သမ္မတပူတင်ပြောသွားတာ သိပ်ပြတ်ပါတယ်။ ကမ္ဘာ့စနစ်လွန်ပွဲကို ရုရှားကလည်း ပြတ်ပြတ်သားသား နွှဲတော့မှာပါ။

ကျွန်တော်တို့ရဲ့ အိမ်နီးချင်း အိန္ဒိယကြီးကလည်း လွန်ပွဲမှာ ဝင်နွှဲမှာပါ။ အားလုံးက ကိုယ့်အမျိုးသား အကျိုးစီးပွားကိုပဲ ဦးထိပ်ထားပြီး နွှဲကြမှာပါ။ တောင်အာဖရိကတို့ ဘရာဇီးတို့ကလည်း ဝင်ရိုးအများစနစ်ဖြစ်လာရင် ဝင်ရိုးဖြစ်လာနိုင်သူတွေပါ။ သူတို့ကလည်း လွန်ပွဲမှာ ဝင်နွှဲကြမှာပါ။

အရင်တုန်းကတော့ ကမ္ဘာ့စနစ် အကျပ်အတည်း ဖြစ်လာရင် နောက်ဆုံးမှာ စစ်နဲ့ပဲရှင်းကြပါတယ်။ အခုကော ဘယ်လိုရှင်းကြမလဲ။ မပြောတတ်ပါ။ စစ်နဲ့ရှင်းကြရင် (ဗမာပြည် ကြားညပ်ရင်) နာမှာကို သိပါတယ်။ အခုတော့ သံရေးတမန်ရေး ဒစ်ပလိုမေစီ လွန်ပွဲပဲဖြစ်နေလို့ စိတ်ကူးတွေယဉ်လို့ ကောင်းပေမယ့် စစ်ရေးစစ်ရာ လွန်ပွဲဖြစ်လာပြီး (ကြားညပ်ရင်) တော့ ၁၉၄၂ – ၄၅ ကထက်နာမှာ သေချာပါတယ်။

ထိပ်သီးချင်း ထိပ်တိုက်မတွေ့ဘဲ ကိုယ်စားလှယ်ထားပြီး ဒေသန္တရစစ်တိုက်ရင်လည်း ဗမာပြည် (ကြားညပ်ရင်) နာမှာပါပဲ။

ဒါကြောင့် ကြားမညပ်ရေးကို အလေးပေးကြရပါမယ်။

## ကြားမညပ်အောင် ဘယ်လိုရှောင်မလဲ။

နအဖ ဟာ အဓိကပါ။ သူ့အနေနဲ့ အမြော်အမြင်ရှိစေချင်တယ်။ "နအဖလက်ထက်မှာ ဘယ်ခေတ်ကမှမရှိဖူးတဲ့ တည်ငြိမ်၊ ငြိမ်းချမ်းမှု ရနေတယ်။ အဖွဲ့ကြီး '၁၇' ဖွဲ့ကို စည်းရုံးထားနိုင်တယ်" ဆိုတဲ့ ထင်ယောင်မှားမှုကို ပယ်စေချင်တယ်။ "တို့လုပ်ရင် ဘာမဆိုဖြစ်တယ်" ဆိုတဲ့ စိတ်ကူးယဉ်မှုလည်း မရှိစေချင်ဘူး။ လမ်းပြမြေပုံ '၇' ချက်ရဲ့ အဆင့် '၁' က ပြီးတော့မှာပါ။ ကိုယ်ကြိုက်တဲ့အချိန်မှာ ကိုယ်စိတ်တိုင်းကျတဲ့လူကိုဖိတ်ပြီး ကိုယ်ကြိုက်တဲ့နေရာမှာ ကိုယ်ချပေးတဲ့ စည်းကမ်းအတိုင်း လုပ်တဲ့ 'အမျိုးသားညီလာခံ' ဖြစ်လို့ နအဖ စိတ်ကြိုက်ဖြစ်မှာပါ။ အဆင့် ၂ နဲ့ ၃ ကတော့ ပိုတောင် လွယ်ပါလိမ့်မယ်။ အဆင့် '၄' မှာ NLD ကသာ (အခုလို) (ဘာရှေ့ဆောင်မှုမှ မပေးဘဲ) ငုတ်တုတ်ထိုင်နေရင် နအဖ ရဲ့ စိတ်ကြိုက်ဖြစ်သွားနိုင်ပါတယ်။ 'ဗကပ' ကတော့ မြေအောက်ယူဂျီနည်းနဲ့ လူထုကို "ကန့်ကွက်မဲပေးကြ" ဖို့ စည်းရုံးမှာပါ။ 'ဗကပ' ချည်းလုပ်ရရင် အတော်ခက်မှာပါ။ အခုကတည်းက NLD (ဗဟို) က အဆင့် (၄) မှာ ပြည်သူလူထု ဘာလုပ်သင့်တယ်ဆိုတာကို ရှေ့ဆောင်မှုပေးစေချင်ပါတယ်။ ပြည်ပရောက် NLD အင်အားစုတွေကိုပဲ လွှဲထားတာ လုပ်နေရင်တော့ (ပြည်ပရောက်တွေမှာ အကန့်အသတ် အများကြီးရှိလို့) ဘာမှ ဖြစ်မြောက်လာမယ် မထင်ပါဘူး။

ပြည်ပရောက် NLD တွေကိုလည်း ပန်ကြားလိုပါတယ်။ ဝဲ၊ ယာ ခွဲပြီး လုပ်နေကြရင် နအဖ စိတ်တိုင်းကျ ဖြစ်ပါလိမ့်မယ်။ "၁၉၄၈– ၄၉ ဗမာပြည်တော်လှန်ရေး" အောင်ပွဲရသင့်ပါလျက် မရတာဟာ ဝဲ ယာ ခွဲနေကြလို့ပါ။ အခုလည်း အဲဒီလိုပဲ ခွဲနေကြရင် RM '၇' ချက် ရှောရှောရှူရှူ ဖြစ်မြောက်သွားပြီး စစ်အာဏာရှင်စနစ် အထိုင်ကျသွားပါလိမ့်မယ်။ ။

# ပါတီစုံဒီမိုကရေစီစနစ်သို့ အကူးအပြောင်းနှင့် နီပေါမော်ဝါဒီများ

(၁)

၂၀၀၆ ခုနှစ် ဧပြီလ လူထုအုံကြွမှုကြောင့် နီပေါဘုရင် ဂျာနင်ဒရာဟာ အာဏာ သိမ်းပြီး ၁၅ လ ကြာ တိုက်ရိုက်အုပ်ချုပ်ခဲ့တာကို အဆုံးသတ်ခဲ့ရပြီး သူဖျက်သိမ်းခဲ့တဲ့ ပါလီမန်ကို အာဏာပြန်လွှဲခဲ့ရပါတယ်။ ဒီနောက်မှာ အာဏာရလာတဲ့ ၇ ပါတီ မဟာမိတ်အဖွဲ့ (SPA) ဟာ ၁၉၉၆ ခုနှစ်ကတည်းက လက်နက်ကိုင်တိုက်ပွဲ ဝင်နေတဲ့ နီပေါမော်ဝါဒီများနဲ့ စေ့စပ် ဆွေးနွေးခဲ့တယ်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှာတော့ ၇ ပါတီမဟာမိတ်အဖွဲ့နဲ့ မော်ဝါဒီတွေဟာ ၁၂ ချက်ပါ သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီလိုနဲ့ လူပေါင်း ၁၃၀၀၀ သေဆုံးခဲ့ရတယ်လို့ဆိုတဲ့ ၁၀ နှစ်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်လိုက်နိုင်ပါတယ်။

ဒီသဘောတူညီချက် ၁၂ ချက် ထဲမှာ အဓိကအချက်တွေကတော့ ကြားကာလ ဖွဲ့စည်းအုပ်ချုပ်ပုံတရပ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှာ လက်ရှိလွှတ်တော်က ကြေညာမယ်။ အဲဒီဖွဲ့စည်းပုံအရ ကိုယ်စားလှယ် ၃၃၀ ပါတဲ့ ကြားကာလ လွှတ်တော်တရပ်ကို ဖွဲ့စည်းမယ်။ အဲဒီ ကိုယ်စားလှယ်တွေထဲမှာ လက်ရှိလွှတ်တော် ကိုယ်စားလှယ် ၂၀၉ ယောက် ပါဝင်မယ်။ မော်ဝါဒီတွေက အဆိုပြုတဲ့ ၇၃ ယောက် ပါမယ်။ နောက်နှစ်ဘက်လုံးက သဘောတူတဲ့ ကိုယ်စားလှယ်က ၄၈ ယောက် ပါမယ်။ အဲဒီလွှတ်တော်က ကြားကာလ အစိုးရတရပ် ဖွဲ့စည်းရမယ်။ အစိုးရအဖွဲ့ထဲမှာ မော်ဝါဒီတွေလည်းပါမှာ ဖြစ်တယ်။ အဲဒီအစိုးရက ၂၀၀၇ ခုနှစ် ဇွန်လ ဒုတိယအပတ်ထဲမှာ တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းဖို့အတွက် ရွေးကောက်ပွဲကို ကြီးကြပ်ကျင်းပပေးရမယ်။ ဒီရွေးကောက်ပွဲကို ကုလသမဂ္ဂက စောင့်ကြည့်ပေးမှာ ဖြစ်တယ်။ တိုင်းပြုပြည်ပြုလွှတ်တော်က နီပေါနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို ရေးဆွဲသွားမယ်စတာတွေ ဖြစ်တယ်။

နီပေါမော်ဝါဒီတွေအနေနဲ့ သူတို့ရဲ့လက်နက်တွေကို ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ဆီမှာ အပ်နှံထားရမှာ ဖြစ်တယ်။ လက်နက်ဂိုဒေါင်သော့ကိုတော့ မော်ဝါဒီတွေက ကိုင်ထားမှာ ဖြစ်တယ်။ မော်ဝါဒီတွေအပ်တဲ့ လက်နက်အရေအတွက်နဲ့ တူညီတဲ့အရေအတွက်ရှိတဲ့ လက်နက်တွေကို နီပေါဘုရင့် တပ်မတော်ကလည်း အပ်နှံထားရမှာ ဖြစ်ပါတယ်။ မော်ဝါဒီတပ်သားတွေကိုတော့ မှတ်ပုံတင်ပြီး သတ်မှတ်ထားတဲ့ စခန်းတွေမှာ နေထိုင်စေမှာ ဖြစ်တယ်။ ဒီသဘောတူညီချက်ကို လက်မှတ်ထိုးထားတဲ့ အဖွဲ့အားလုံး လိုက်နာစောင့်ထိန်းမှုရှိမရှိ ဆိုတာကို စောင့်ကြည့်ဖို့အတွက် ပူးတွဲစောင့်ကြည့်ညှိနှိုင်းရေး ကော်မတီ (Joint Monitoring Coordinating Committee-JMCC) ကို ဖွဲ့စည်းထားမယ်။ ဒီကော်မတီမှာ အဖွဲ့အားလုံးက ကိုယ်စားလှယ်တွေပါဝင်ပြီး ကုလသမဂ္ဂကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာ ဖြစ်တယ်။ နီပေါအစိုးရတပ်နဲ့ နီပေါမော်ဝါဒီတွေအကြား ရန်ဘက်ဖြစ်မှုကို အဆုံးသတ်ဖို့အတွက်နဲ့ JMCC ကို အထောက်အကူပေးနိုင်ဖို့ ပူးတွဲစောင့်ကြည့်ရေးအဖွဲ့တွေ (Joint Monitoring Teams - JMT) ဖွဲ့ထားမယ်။ ဒီအဖွဲ့တွေမှာ နီပေါတပ်မတော်နဲ့ မော်ဝါဒီတွေရဲ့ ကိုယ်စားလှယ် တယောက်စီ ပါဝင်ပြီး ကုလသမဂ္ဂကိုယ်စားလှယ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်မှာဖြစ်တယ်။

အခုအချိန်မှာ ဒီသဘောတူညီချက်ကို အကောင်အထည်ဖော်တာ

အတော်လေးခရီးရောက်နေပြီဖြစ်ပါတယ်။ မော်ဝါဒီတွေက လက်နက်စုစုပေါင်း ၃၄၃၀ နဲ့ ဖောက်ခွဲရေးပစ္စည်းထောင်ပေါင်းများစွာ အပ်နှံခဲ့ပါတယ်။ မော်ဝါဒီတပ်မတော်သားတွေအဖြစ် မှတ်ပုံတင်တဲ့ အရေအတွက်က



ပရာချန်ဒါ

၁၀၀၀၀ ကျော် ရှိပါတယ်။

ဒါကြောင့် မော်ဝါဒီတွေဟာ လက်နက်အကုန်မအပ်ဘဲ ခြွင်းချန်ထားတယ်လို့ တချို့က ဆိုကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ဒီမိုကရေစီသို့ကူးပြောင်းရေးမဟာဗျူဟာ အလုပ်မဖြစ်ခဲ့ရင် ပြန်တိုက်နိုင်အောင် လက်နက်တွေ ဝှက်ထားတယ်လို့ ယူဆကြတာ ဖြစ်ပါတယ်။

မော်ဝါဒီဝန်ကြီး ၅ ဦး ပါဝင်တဲ့ အစိုးရအဖွဲ့လည်း ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဒါကြောင့် သဘောတူညီချက်ရဲ့ အဆင့်အတော်များများကတော့ အကောင်အထည် ဖော်ပြီးပြီလို့ ဆိုနိုင်ပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့နဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲဖို့ပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ ဒီအဆင့်တွေကလည်း အရေးကြီးတဲ့အဆင့်တွေပါ။ ဘယ်လိုအဖုအထစ်တွေ ပေါ်လာဦးမလဲ၊ ဘယ်လိုအခက်အခဲတွေ တွေ့ဦးမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

(၂)

နီပေါနိုင်ငံဟာ သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်တဲ့စနစ်ကနေ ဒီမိုကရေစီသို့ကူးပြောင်းရေးခရီးမှာ အခက်အခဲပေါင်းစုံကို ကျော်ဖြတ်လာခဲ့ရတာ ဖြစ်ပါတယ်။ ဘုရင်စနစ်ဘက်တော်သားတွေနဲ့ ဒီမိုကရေစီဘက်တော်သားတွေဟာ ဘတပြန် ကျားတပြန် တိုက်ပွဲဆင်လာခဲ့ကြရတာပါ။

ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ချီတက်ရာ ခရီးရှည်ကြီးမှာ တခန်းတကဏ္ဍက ပါဝင်ခဲ့တဲ့ မော်ဝါဒီတွေ အကြောင်းကို အနည်းငယ် မိတ်ဆက် ပေးလိုပါတယ်။ အထူးသဖြင့် သူတို့ရဲ့ သဘောထားအမြင်တွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ သဘောထားအမြင် ဆိုရာမှာလည်း မော်ဝါဒီဥက္ကဋ္ဌ ပရာချန်ဒါရဲ့ ပြောကြားချက်တွေကို ကိုးကားဖော်ပြသွားမှာ ဖြစ်ပါတယ်။ သူက ပါတီကိုကိုယ်စားပြုပြီး ပြောတာတွေဖြစ်လို့ သူတို့ပါတီရဲ့ အမြင်ပဲ ဖြစ်ပါတယ်။

ပရာချန်ဒါဟာ ဆင်းရဲလယ်သမားက မွေးဖွားလာတာဖြစ်တယ်။ ဒီနောက် သူတို့မိသားစုဟာ ချစ်ဝမ်ခရိုင်မြို့ကို ပြောင်းလာခဲ့တယ်။ အဲဒီမှာ သူတို့မိသားစုဟာ အလတ်တန်းစားလယ်သမားအဆင့် ဖြစ်လာတယ်။ ချစ်ဝမ်ဟာ အသစ်ဖွဲ့စည်းလိုက်တဲ့ ခရိုင်ဖြစ်တာကြောင့် အဲဒီမှာ ကျေးလက်အနှံ့အပြားက ရောက်လာတဲ့ အလွှာမျိုးစုံ၊ ဇာတ်မျိုးစုံနဲ့ ယဉ်ကျေးမှုဓလေ့မျိုးစုံရှိတဲ့ လူအမျိုးမျိုးကို ပရာချန်ဒါဟာ တွေ့ဆုံခွင့်ရခဲ့တယ်။ အထက်တန်းကျောင်းသားဘဝမှာ ကွန်မြူနစ် ဝါဒနဲ့ စတင်ထိတွေ့ခဲ့တယ်။ နောက်ကျောင်းသားလှုပ်ရှားမှုတွေထဲမှာ ဝင်ပါတယ်။ ဘွဲ့ရလာတဲ့အခါမှာတော့ သူဟာ ကွန်မြူနစ်တယောက်ဖြစ်နေပါပြီ။ ဒီနောက်မှာတော့ သူဟာ တိုက်ပွဲအမျိုးစုံမှာ ဝင်ပါခဲ့တယ်။ ဒီလိုတိုက်ပွဲမျိုးစုံကို ဖြတ်သန်းလာပြီးနောက်မှာ အခုလို နီပေါမော်ဝါဒီပါတီရဲ့ ဥက္ကဋ္ဌဖြစ်လာပါတယ်။

နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) [CPN (M)]ဟာ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်ရေးဗဟို) [CPN(Unity Centre)] ကွဲသွားရာက ပေါ်လာခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။

၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလမှာ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲခဲ့တယ်။ နီပေါနိုင်ငံမှာ ခရိုင် ၇၅ ခု ရှိတဲ့ အနက် ခရိုင် ၅၀ ကျော်မှာ ဒီလက်နက်ကိုင်တိုက်ပွဲဟာ ပျံ့နှံ့သွားပါတယ်။ "ကျွန်တော်တို့ ဘယ်အချိန်မှာ အကြမ်းဖက်မှုကို ကျင့်သုံးခဲ့ကြသလဲ။ အုပ်ချုပ်သူတွေက လူထုအပေါ်မှာ အကြမ်းဖက်မှုကို ကျင့်သုံးလာတဲ့ အခါကျမှသာ ဖြစ်တယ်" လို့ ပရာချန်ဒါက ၂၀၀၆ ခုနှစ် ဘီဘီစီနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။ "ပုန်ကန်ခွင့်ဟာ ပြည်သူတွေရဲ့အခွင့်အရေး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောနေတာက လက်ရှိနီပေါနိုင်ငံရဲ့အခြေအနေအောက်မှာ အဖိနှိပ်ခံတွေရဲ့ ပုန်ကန်ခွင့်ဟာ လူ့အခွင့်အရေး ဖြစ်တယ်။ ပြည်သူတွေရဲ့ အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်ခွင့်ထက် ကြီးမြတ်တဲ့ လူ့အခွင့်အရေး မရှိပါဘူး။" လို့ သူက ဆက်ပြောပါတယ်။

လက်နက်ကိုင်တိုက်ပွဲစခါစမှာ မော်ဝါဒီတွေဟာ ခတ်မန်ဒူကို လက်နက်ကိုင်တိုက်ပွဲနည်းဖြင့် အောင်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အမေရိကန်၊ ဗြိတိန်နဲ့ အိန္ဒိယစတဲ့ နိုင်ငံတွေက မော်ဝါဒီတွေရဲ့ ပြည်သူ့စစ်ပွဲကို ဆန့်ကျင်ပြီး နီပေါဘုရင်တပ်မတော်ကို စစ်ရေးအရ အကူအညီပေးလာတဲ့အခါ



**နီပေါဝန်ကြီးချုပ် ကိုအီရာလာနှင့် ပရာချန်ဒါတို့ သဘောတူညီချက်ကို လက်မှတ်ထိုးအပြီး**

မှာ သူတို့အတွက် အခက်အခဲတချို့ တွေ့လာရတယ်။ “ဒါကြောင့် မျက်မှောက်ကမ္ဘာမှာ စစ်ရေးနည်း တခုတည်းဖြင့် ရှေ့တိုးလို့ မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့က ယုံကြည်တာ ဖြစ်ပါတယ်။ ဒီနေ့ အခြေအနေအရ စစ်ရေးအရရော၊ နိုင်ငံရေးအရပါ ရှေ့တိုးရမှာ ဖြစ်တယ်။ ဒီနှစ်ခု အချိုးညီညီနဲ့ သွားရမှာပဲ” လို့ ပရာချန်ဒါက ပြောပါတယ်။ ဒီလိုနဲ့ သူတို့ရဲ့ ဗျူဟာကို အပြောင်းအလဲ လုပ်လိုက်ကြပါတယ်။

(၃)

၂၀၀၃ ခုနှစ်အတွင်းမှာ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဗဟိုကော်မတီအားလုံးရဲ့ တညီတညွတ်တည်း သဘောတူညီချက်နဲ့ ‘၂၁ ရာစုအတွင်း ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး’ ဆိုတဲ့ အဆိုပြုချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီအဆိုပြုချက်ရဲ့ စိတ်ဓာတ်ကတော့ ပဒေသရာဇ်စနစ်နဲ့ နိုင်ငံခြားနယ်ချဲ့အင်အားစုတွေကို ဆန့်ကျင်တဲ့နိုင်ငံရေးပါတီတွေ အကြားမှာ ငြိမ်းချမ်းတဲ့ယှဉ်ပြိုင်မှု ရှိသင့်တယ် ဆိုတာပဲ ဖြစ်ပါတယ်။ “ပဒေသရာဇ်စနစ်ကို ဆန့်ကျင်နေသမျှ၊ နိုင်ငံခြားနယ်ချဲ့ရဲ့ ဝင်စွက်ဖက်မှုကို ဆန့်ကျင်နေသမျှ ဖွဲ့စည်းအုပ်ချုပ်ပုံ တရပ်ရဲ့ ပြဋ္ဌာန်းဘောင်အတွင်းမှာ ပါတီစုံယှဉ်ပြိုင်မှု တည်ရှိသင့်တယ်၊ နိုင်ငံရေးပါတီတွေအားလုံး တပါတီနဲ့တပါတီ အပြန်အလှန် ယှဉ်ပြိုင်နိုင်ကြတယ်လို့ အဲဒီအချိန်ကစပြီး ကျွန်တော်တို့ ပြောလာခဲ့တာ ဖြစ်တယ်။” လို့ ပရာချန်ဒါက ပြောပါတယ်။

“၂၀ ရာစုအတွင်း တွေ့မြင်ရတာတွေရယ်၊ ၂၀ ရာစုအတွေ့အကြုံတွေက ကျွန်တော်တို့ရရှိတဲ့ သင်ခန်းစာတွေအရ အလွန်အရေးကြီးတဲ့ ပြဿနာကတော့ – ဒီမိုကရေစီနဲ့ အာဏာရှင်စနစ်ပြဿနာကို နားလည်ဖို့ဆိုရင် သိမြင်မှုအသစ်ကို ဖော်ထုတ်ရမယ်” လို့ သူက ဆက်ပြောပါတယ်။ “၂၁ ရာစုအတွင်းမှာ ဖြစ်နိုင်တဲ့ နိုင်ငံတော်အမျိုးအစားကို ကျွန်တော်တို့ ကြည့်မြင်နေတာ ဖြစ်တယ်။ ပြည်သူတွေကို အမြင့်ဆုံးအခွင့်အရေးတွေ ဘယ်လိုပေးမလဲ။ ပြိုင်ဆိုင်မှုကို ဘယ်လိုဖော်ဆောင်မလဲ။ အဲဒီ ပြိုင်ဆိုင်မှုက ဖိနှိပ်ချုပ်ချယ်မှုဆီ ဦးတည်မသွားအောင် ဘယ်လိုလုပ်မလဲ။ အချုပ်ပြောရရင်တော့ ဒီမိုကရေစီနဲ့ အာဏာရှင်စနစ် ... အဲဒီနှစ်ခုအကြားက ပဋိပက္ခကို ဘယ်လိုအသုံးချမလဲ။” လို့ သူက ဆိုပါတယ်။

‘၂၁ ရာစုအတွင်း ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး’ က နိုင်ငံတော်အစိုးရအမျိုးအစားသစ်ဟာ အထွေထွေပြည်သူလူထုကြီးရဲ့ စောင့်ကြည့်၊ ထိန်းချုပ်၊ လွှမ်းမိုးမှုအောက်မှာရှိနေစေဖို့ အာမခံမှာ ဖြစ်တယ်။ ပဒေသရာဇ်စနစ်နဲ့ နယ်ချဲ့စနစ်ကို ဆန့်ကျင်မယ်ဆိုရင်၊ ပြည်သူတွေအကျိုးကို သယ်ပိုးမယ်ဆိုရင် နိုင်ငံရေးပါတီတွေအကြားမှာ လွတ်လပ်တဲ့ယှဉ်ပြိုင်မှုရှိရမယ်။ ပါတီကို နှစ်ပိုင်းခွဲထားဖို့လည်း မော်ဝါဒီတွေက အဆိုပြုပါတယ်။ တပိုင်းက လူထုတွေအကြားမှာ အလုပ်လုပ်ကြမယ်။ တပိုင်းကတော့ အစိုးရလုပ်ငန်းတွေကို ကိုင်တွယ်မှာ ဖြစ်တယ်။ ကာလတခုပြီးရင် သူတို့နှစ်ပိုင်းဟာ နေရာအလဲအလှယ်လုပ်ကြရမယ်။ ဒီလိုနည်းနဲ့ ပါတီနဲ့ နိုင်ငံတော် အစိုးရဟာ ဗျူရိုကရက်အရင်းရှင်စနစ်နဲ့ အာဏာရှင်စနစ်ရဲ့ ဘေးအန္တရာယ်တွေအကြား မသက်ဆင်းသွားအောင်

ထိန်းသွားနိုင်မယ်။ ဒါဟာ မော်ဝါဒီတွေရဲ့ အမြင်ပဲ ဖြစ်ပါတယ်။

သဘောတရားရေးနဲ့ လူတန်းစားတိုက်ပွဲတွေအကြားမှာ ကိုယ့်ကိုယ်ကို အဆက်မပြတ်တော်လှန်ပြောင်းလဲနေတဲ့ အမျိုးအစားသစ် ပါတီတရပ်ကိုလည်း ကြိုးစားတည်ဆောက်နေပါတယ်လို့ ပရာချန်ဒါက ဆိုပါတယ်။ လိုအပ်တဲ့ဗဟိုချုပ်ကိုင်မှု ရှိတဲ့ ခေါင်းဆောင်မှုအဖွဲ့ကလွဲလို့ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုမရှိစေရဘူးလို့ သူက ဆိုပါတယ်။ စုပေါင်းခေါင်းဆောင်မှုနဲ့ အရိုက်အရာ ဆက်ခံမယ့်သူတွေ အဆက်မပြတ်စေတဲ့ စနစ်တရပ်ကို ဖော်ထုတ်နိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစားနေပါတယ်လို့ ဆိုတယ်။

အခုလိုပြောတာတွေဟာ ဒီမိုကရေစီကိုတကယ်မယုံဘဲ ပရိယာယ်ဆင် ပြောတယ်လို့ပဲဆိုဆို၊ သူပြောသလို ၂၀ ရာစုနှစ်ကို အသေအချာ ခွဲခြမ်းစိတ်ဖြာပြီး ရလာတဲ့ အမြင်ပဲဆိုဆို အခုအခါမှာတော့ နီပေါမော်ဝါဒီတွေဟာ လက်နက်တွေအပ်ပြီး နီပေါ အစိုးအဖွဲ့ထဲမှာ ဝင်ပါနေပါပြီ။

(၄)

နီပေါနိုင်ငံရဲ့ သက်ဦးဆံပိုင် ဘုရင်စနစ်ကနေ ပါတီစုံဒီမိုကရေစီစနစ်သို့ အကူးအပြောင်းမှာ အကြမ်းအားဖြင့် အဆင့်နှစ်ရပ် ဖြတ်ခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။ တဆင့်က ဘုရင်စနစ်ဘက်တော်သားတွေနဲ့ ဒီမိုကရေစီဘက်တော်သားတွေအကြား ပဋိပက္ခကို ဖြေရှင်းတဲ့အဆင့် ဖြစ်ပါတယ်။ ဒါကတော့ ရန်ဘက်ပဋိပက္ခ အသွင်ဆောင်ပါတယ်။ နောက်တဆင့်ကတော့ ဒီမိုကရေစီ ဘက်တော်သားတွေ အကြားမှာရှိတဲ့ ပဋိပက္ခကို ဖြေရှင်းတဲ့ အဆင့်ပါ။ ဒါကတော့ ပြည်သူတွင်းပဋိပက္ခ၊ တနည်းအားဖြင့် မိတ်ဘက် ပဋိပက္ခပါ။

ပထမအဆင့်ဖြစ်တဲ့ ဘုရင်စနစ် ဘက်တော်သားတွေနဲ့ ဒီမိုကရေစီဘက် တော်သားတွေအကြား ပဋိပက္ခကို ဖြေရှင်းရာမှာ ရန်ဘက်ပဋိပက္ခမို့ သွေးထွက်သံယို အကြမ်းဖက်မှုတွေကို တွေ့ဆုံဖြတ်သန်းခဲ့ရပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ ခရီးရှည်ကြီး ဖြတ်သန်း အပြီးမှာတော့ ဒီ ပဋိပက္ခကို ဖြေရှင်းလိုက်နိုင်ပြီလို့ ဆိုနိုင်ပါတယ်။ အတိုက်အခံတွေ ညီညီညွတ်ညွတ်ရှိကြပြီး ပြည်သူတွေ တစည်း တလုံးတည်း တိုက်ပွဲဝင်ခဲ့ကြလို့ အောင်ပွဲရခဲ့တာပါ။ ဒါပေမဲ့ ဘုရင်က ရှိနေဆဲ ဖြစ်ပါတယ်။ အခွင့်သာရင် ဘုရင်စနစ် ဘက်သားတွေ ပြန်ခေါင်းထောင်လာနိုင်ပါတယ်။ ဒီမိုကရေစီဘက်တော်သားတွေအကြား ပဋိပက္ခကို ဖြေရှင်းရာမှာ အထစ်အငေါ့တွေ ရှိလာခဲ့ရင်၊ ဒီမိုကရေစီဘက်သားတွေ အကြားမှာ ညီညွတ်မှုပြိုကွဲတဲ့ အထိဖြစ်ပြီး အင်အားလျော့နည်းသွားမယ်ဆိုရင် ဘုရင့်ဘက်တော် သားတွေက အခွင့်ကောင်း ယူလာနိုင်ပါတယ်။ ဒါကို သတိချပ်ရပါမယ်။ အခုအချိန်အထိတော့ ဒီ ဒုတိယအဆင့်ဟာ အဆင်ချောနေ တယ်လို့ ပြောရမှာပါ။

လက်နက်ကိုင်တိုက်နေတဲ့ မော်ဝါဒီတွေနဲ့ ၇ ပါတီမဟာမိတ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ပြီး သဘောတူညီချက် တရပ် ရရှိလိုက်တာတွေဟာ အရေးကြီးတဲ့ ကိစ္စတွေပါ။ ဒီလိုအဆင်ပြေ ချောမွေ့တယ်ဆိုတာဟာလည်း နှစ်ဘက်စလုံးဟာ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်မယ် ဆိုတဲ့ ရည်မှန်းချက်ချင်း တူညီနေကြလို့ ဖြစ်ပါတယ်။ ရည်မှန်းချက်ချင်း တူညီနေတော့ ပြဿနာတွေဖြေရှင်း ရာမှာ နှိုင်းယှဉ်ချက် လွယ်ကူချောမွေ့ပါတယ်။ ကျွန်တော်တို့ ဗမာပြည်မှာတော့ ဒီလောက်နှစ်တွေအများကြီး ကြာလာတာတောင်မှ စစ်အစိုးရနဲ့ အတိုက်အခံတွေကြားမှာ တွေ့ဆုံဆွေးနွေးပွဲတောင် မဖြစ်မြောက်နိုင်သေးပါ။ ဒီလို ဖြစ်နေတာလည်း မထူးဆန်းပါဘူး။ ရည်မှန်းချက်ချင်းက ပြဒါးတလမ်း သံတလမ်းမို့လို့ အခုလို ဖြစ်နေရတာပါပဲ။

**ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒကို စွဲမြဲစွာလိုက်နာကျင့်သုံးမည်။**
**တချိန်တည်းတွင် တော်လှန်သော ပြည်ချစ်ဝါဒကို ကျင့်သုံးမည်။**
**[‘ဗကပ’ အထွေထွေလုပ်ငန်းစဉ် (Update) ၂၀၀၇] မှ**



# စစ်မှုရေးရာ

## နိုင်ငံကြီးများရဲ့ အားပြိုင်မှုကို တလွဲအဓိပ္ပာယ်ကောက်ပြီး မိုက်တွင်းနက်နေတဲ့ နအဖ

စစ်အေးခေတ်လွန်လာပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးကြားမှာ စစ်အေး ခေတ်ကာလကရှိခဲ့တဲ့ အချုပ်အနှောင် အတားအဆီး၊ အကန့်အသတ်တွေဟာ အတော်များများ လျော့ပါးသွားပါတယ်။ ဒါကြောင့် နိုင်ငံအချင်းချင်း နယ်ပယ် အတော်များများမှာ လွတ်လပ်စွာ ဆက်သွယ် လုပ်ကိုင်နိုင်လာခဲ့တာပါ။ ဒီအခြေအနေ အပြောင်းအလဲကို အခွင့်ကောင်း ယူပြီး နိုင်ငံတိုင်းက မိမိတို့နိုင်ငံအတွက် လိုအပ်တဲ့အရာမှန်သမျှရရှိဖို့ အစွမ်းရှိသမျှ ကြိုးစားလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ အလှုပ်ရှားဆုံး နယ်ပယ်တွေကတော့ စီးပွားရေး၊ စစ်ရေး၊ ခေတ်မီသိပ္ပံ နည်းပညာနဲ့ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွေပါပဲ။

ဒီနေ့ကာလ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကြီးထဲမှာ နိုင်ငံ အတော်များများဟာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိအောင် ကြိုးပမ်းတာ၊ ဒီရင်းနှီးမြှုပ်နှံမှုများနဲ့ တည်ဆောက်လုပ်ကိုင်လိုက်တဲ့ စက်မှုလုပ်ငန်းများအတွက် လိုအပ်တဲ့ ကုန်ကြမ်းနဲ့ လောင်စာများရရှိဖို့ ကမ္ဘာအနှံ့ရှာဖွေတာ၊ ဒီနောက်မှာ ထွက်ရှိလာတဲ့ ကုန်စည်များ ပြန်လည်ရောင်းချနိုင်ဖို့ ဈေးကွက်ရှာဖွေတာနဲ့ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့အောင် လုပ်ကြတာ စတဲ့ဖြစ်စဉ်ကြီးထဲမှာ လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်အပြင် တခြားဖြစ်စဉ်တခုလည်း ရှိပါသေးတယ်။ ဒါကတော့ စစ်လက်နက်ထုတ်လုပ်ရောင်းဝယ်ပြီး စစ်အင်အားတည်ဆောက်တာ ဖြစ်ပါတယ်။ အတိတ်သမိုင်းမှာ သာလွန်တဲ့စစ်အင်အားကို အသုံးချပြီး ကျူးကျော်တိုက်ခိုက် သိမ်းပိုက်တာခံခဲ့ကြရတဲ့ အတွေ့အကြုံများအရ ဒီကာလမှာရှိနေတဲ့ အခွင့်ကောင်းများကို အသုံးချပြီး ကိုယ့်နိုင်ငံ ကိုယ့်စစ်အင်အား ခေတ်မီကြံ့ခိုင်အောင် တည်ဆောက်ဖို့

# ကမ္ဘာ့နိုင်ငံများ အကြားမှာ စစ်လက်နက်၊ စစ်အင်အား အပြိုင်အဆိုင် တပ်ဆင်မှုဟာ ကြီးသထက် ကြီးလာပါတယ်

ကြိုးပမ်းကြတာ ဖြစ်ပါတယ်။ ဒီစစ်အင်အား တည်ဆောက်ကြတာဟာလည်း စစ်အေးလွန်ကာလမှာ ရေစီးကြောင်းတခု ပါပဲ။

ဒီအခြေအနေတွေကြောင့် နိုင်ငံကြီးများအကြား အားပြိုင်မှုဟာလည်း မလွဲမရှောင်သာ တည်ရှိနေတာ ဖြစ်ပါတယ်။ ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်က သူ့စိတ်ကြိုက် စီမံခြယ်လှယ်နိုင်မယ့် ကမ္ဘာ့အစီအစဉ်သစ်တခုကို အကောင် အထည်ဖော်ဖို့ ကြိုးစားနေတာကြောင့် နိုင်ငံကြီးများအကြား ပြိုင်ဆိုင်မှုဟာ ပိုမို ပြင်းထန်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ အီရတ်တို့ကို အမေရိကန်က ဝင်ရောက်ကျူးကျော်တိုက်ခိုက် သိမ်းပိုက်မှု ဖြစ်ခဲ့ပြီးတဲ့နောက် ကမ္ဘာ့နိုင်ငံများအကြားမှာ စစ်လက်နက်၊ စစ်အင်အား အပြိုင်အဆိုင်တပ်ဆင်မှုဟာ ကြီးသထက် ကြီးလာပါတယ်။ ရှေးကအတိုင်း အမေရိကန်ဟာ သူ့ရဲ့ ခေတ်အမီဆုံးနည်းပညာများနဲ့ ကြီးမားတဲ့ စစ်အင်အားတို့ကို အားကိုးပြီး ကမ္ဘာကို ဗိုလ်ကျလွှမ်းမိုးဖို့ ကြိုးစားနေတာပါ။ အမေရိကန်ရဲ့ အာကာသနည်းပညာ ရှေ့တန်းရောက်မှုဟာ သူ့ရဲ့ကမ္ဘာလွှမ်းမိုးရေး လုပ်ငန်းစဉ်ကြီးကို ကြီးမားတဲ့ အထောက်အကူပေးပါတယ်။ ဒီနယ်ပယ်မှာ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံကလည်း အလွန်နည်းတာမို့ ကြီးမားတဲ့ စွမ်းရည်သာလွန်မှု ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ခုတလောမှာ တရုတ်ပြည်က ဒီနယ်ပယ်မှာ ဝင်ရောက်ထိုးဖောက်လာခဲ့ပါတယ်။ ဒါကတော့ ဂြိုဟ်တုတိုက်ဖျက်ရေး စနစ်တခုကို အောင်မြင်စွာ စမ်းသပ်နိုင်လိုက်တာ ဖြစ်ပါတယ်။ အာကာသနည်းပညာမှာ အမေရိကန်ကို ပြိုင်ဆိုင်တဲ့ အင်အားတခုတိုးလာတဲ့ သဘောပါပဲ။

၂၀၀၇ ဇန်နဝါရီလ၊ ၁၇ ရက်နေ့ထုတ် အမေရိကန်အာကာသ နည်းပညာဆိုင်ရာ မဂ္ဂဇင်းတစောင်မှာ အမေရိကန်ထောက်လှမ်းရေး သတင်းများကို အကိုးအကားပြုပြီး တရုတ်ပြည်က ဂြိုဟ်တုတိုက်ဖျက်ရေးစနစ်တရပ်ကို ၂၀၀၇ ဇန်နဝါရီလ ၁၁ ရက်နေ့က အောင်မြင်စွာ စမ်းသပ်ခဲ့တယ်လို့ ရေးသားခဲ့ပါတယ်။ ဒီသတင်းကို တရုတ်ပြည်က ဇန်နဝါရီလ ၂၃ ရက်နေ့က အတည်ပြုခဲ့ပါတယ်။ ဒီစမ်းသပ်မှုမှာ တရုတ်ပြည်က ၁၉၉၉ ခုနှစ်က သူတို့လွှတ်တင်ထားခဲ့တဲ့ FENG YUN 1C ရာသီဥတုတိုင်းထွာရေး ဂြိုဟ်တု အဟောင်းတလုံးကို ကြားဖြတ်ဖျက်ဆီးတာ လုပ်ခဲ့တယ်လို့ ဒီသတင်းက ဆိုပါတယ်။

ဒီသတင်းဟာ အမေရိကန်အတွက် ပြင်းထန်တဲ့ထိုးနှက်ချက်တခု ဖြစ်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာတဝန်းမှာ ဖြန့်ချထားတဲ့ သူ့ရဲ့တပ်ဖွဲ့ အမျိုးမျိုးကို အလျင်အမြန် ဆက်သွယ်ညွှန်ကြား လှုပ်ရှားတိုက်ခိုက်နိုင်တဲ့စွမ်းရည်၊ တကမ္ဘာလုံးကို ထောက်လှမ်းစောင့်ကြပ် ကြည့်ရှုနိုင်တဲ့ စွမ်းရည်၊ ခေတ်မီဒုံးပျံများနဲ့ ပစ်မှတ်ကိုတိုက်ရိုက် ထိမှန်အောင်ပစ်နိုင်တဲ့ စွမ်းရည်တွေဟာ အာကာသနည်းပညာ ရှေ့တန်းရောက်မှု အခြေခံပေါ်ကရရှိထားတာ ဖြစ်ပါတယ်။ ဒီစွမ်းရည်များကို အာကာသတွင်းမှာ လွှတ်တင်ထားကြတဲ့ ဂြိုဟ်တုများက အဓိကနေရာက စွမ်းဆောင်ပေးကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဂြိုဟ်တုများ ဖျက်ဆီးခံခဲ့ရရင် ဒီစွမ်းရည်များ အပြင်းအထန် ထိခိုက်သွားနိုင်ပါတယ်။ ဒီဂြိုဟ်တုတိုက်ဖျက်ရေးစနစ်ဟာ အမေရိကန်နဲ့ ရုရှားတို့မှာ စစ်အေးခေတ်နှောင်းပိုင်းကာလများကတည်းက ပိုင်ဆိုင်ထားကြပြီးသား ဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံဟာ အာကာသစစ်ပွဲများအတွက်ပါ စမ်းသပ်တာ၊ ပြင်ဆင်တာ လုပ်ထားကြတာကြောင့် တရုတ်ပြည်ရဲ့ ဒီအဆင့် စမ်းသပ်အောင်မြင်မှုမျိုးကို သိပ်စိုးရိမ်လှမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တရုတ်ပြည်ရဲ့ ဒီအောင်မြင်မှုဟာ

အမေရိကန်ရဲ့ စွမ်းရည်တချို့ကို ချေဖျက်နိုင်စွမ်းရှိလာတာမို့ အလေးမထားလို့ မရနိုင်တာ သေချာပါတယ်။ အနည်းဆုံး အမေရိကန်ရဲ့ ထိုင်ဝမ်ရေလက်ကြားကို စစ်ရေးအရ လုံးဝစိုးမိုးထားနိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုတဲ့ သုံးသပ်ချက်မျိုးကတော့ ပြန်လည်စိစစ်ရမယ့် အနေအထားကို ရောက်စေလိုက်ပြီ ဖြစ်ပါတယ်။ ဒါဟာ အမေရိကန်ရဲ့ သာလွန်တဲ့နည်းပညာများကို အားကိုးပြီး ပိုလ်ကျလွှမ်းမိုးလိုမှုကို တစုံတရာတုံ့ပြန်လာနိုင်တဲ့ အခြေအနေတခု ပါပဲ။ ဒါဟာ နိုင်ငံကြီးများအကြားက စစ်ရေးအရ အားပြိုင်မှုတခု ဖြစ်ပါတယ်။

နောက်တခုက နိုင်ငံရေးအရ အားပြိုင်မှုပါ။ အမေရိကန်ဟာ ၂၀၀၁ ခုနှစ်က ၉/၁၁ အဖြစ်အပျက် ဖြစ်ပျက်ခဲ့ပြီးနောက် ရရှိလာတဲ့ နိုင်ငံတကာရဲ့ စာနာမှုများကို အခွင့်ကောင်းယူပြီး အာဖဂန်နစ္စတန်ကို ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ပါတယ်။ ဒီနောက် ၂၀၀၃ ခုနှစ်မှာ ကမ္ဘာကို လိမ်လည်အကြောင်းပြပြီး၊ ကုလသမဂ္ဂကိုဘေးချိတ်ကာ အီရတ်ကို ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ပြန်ပါတယ်။ ဒီနေ့ထိ ဒီနှစ်နိုင်ငံစလုံးမှာ စစ်ပွဲအဆုံးမသတ်နိုင်ပါဘူး။ နှစ်နိုင်ငံစလုံးက ပြည်သူလူထုတွေ နေ့စဉ်နဲ့အမျှ သေကြေနေကြပါတယ်။ ဒါကြောင့်လည်း ဒီလိုငွေကုန်၊ လူသေပြီး တိုင်းပြည်ကြေမွပျက်စီးတဲ့ အဖြစ်အပျက်နဲ့ လုပ်ရပ်ကြောင့် အမေရိကန်ကို ကမ္ဘာတဝန်းနဲ့ အမေရိကန်က ပြည်သူလူထုတွေကပါ ဆန့်ကျင်နေကြတာ ဖြစ်ပါတယ်။ ဒီအခြေအနေမှာ ဘုရှ်အစိုးရဟာ ရိုးရိုးသားသား အမှားပြင်ဖို့မကြိုးစားဘဲ၊ နာမည်ပျက်နေတဲ့ ဒီနည်းအစား နောက်တနည်း ပြောင်းဖို့ကြံစည်နေပါတယ်။ ဒါကတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အခွင့်အာဏာကို ချုပ်ကိုင်ပြီး မိမိ ရည်ရွယ်ချက်ကို ရှေ့ဆက်အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်တွင်းမှာ ပြဿနာအများဆုံးနဲ့ အင်အားအချည့်နဲ့ဆုံး ဗမာပြည်ကို အဆင်သင့်တွေ့ပြီး ကောက်ကိုင်တာ ဖြစ်ပါတယ်။ သူ့အဆိုပြုချက်သာ အောင်မြင်ခဲ့ရင် အာဖဂန်နဲ့ အီရတ်တို့မှာ လုပ်တဲ့ပုံစံနဲ့ မတူတဲ့နည်းနဲ့ လုပ်လာတာကို မြင်ကြရမှာပါ။ ဗမာပြည်အရေး အောင်မြင်ခဲ့ရင်တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီခုံရုံးမှာ အမေရိကန်က မိစ္ဆာဝင်ရိုးတန်းနိုင်ငံများလို့ ခေါ်နေတဲ့ နိုင်ငံများကို ခုံရုံးတင်တာ ဖြစ်လာနိုင်ပါတယ်။ ဒီနောက်မှာတော့ သမ္မတဘုရှ်က ပစ်မှတ်အဖြစ်သတ်မှတ်ထားတဲ့ နိုင်ငံပေါင်း ၆၀ ရဲ့ အလှည့် ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ အမေရိကန်ရဲ့ အစီအစဉ်ဟာ ရုရှားနဲ့ တရုတ်က ဗီတိုအာဏာနဲ့ ပယ်လိုက်လို့ ပျက်သွားပါတယ်။ ဒီတချီအားပြိုင်ပွဲမှာ အမေရိကန်ဟာ အရေးနိမ့်သွားပေမယ့် အမေရိကန်စိုးမိုးတဲ့ ကမ္ဘာ့စနစ်ဖြစ်ရေး အကြံအစည်စွဲကိုင်ထားဆဲဖြစ်လို့ နောက်တချီ ထပ်ကြိုးစားလာနိုင်စရာရှိနေဆဲ ဖြစ်ပါတယ်။

ဒီလိုနိုင်ငံကြီးများက အမေရိကန်ရဲ့ ပိုလ်ကျစိုးမိုးရေး လုပ်ဆောင်မှုတွေကို ယှဉ်ပြိုင်ပြီး ဟန့်တားထားနိုင်လို့ ကမ္ဘာ့နိုင်ငံများအတွက် ဝမ်းသာစရာ ဖြစ်ပေမယ့် ဗမာပြည် ပြည်သူများအတွက်တော့ ဝမ်းသာစရာ မဟုတ်ပါဘူး။ စစ်အုပ်စုဟာ စစ်အေးခေတ်ပြီးဆုံးခြင်းရဲ့ အကျိုးကျေးဇူးအဖြစ် (၁၉၈၉) ခုနှစ်က အမြတ်ရလိုက်သလို ရှိပါတယ်။ တရုတ်နယ်စပ်မှာရှိတဲ့ လူမျိုးစုလက်နက်ကိုင်တပ်တွေကို 'ဗကပ' ရဲ့ လက်အောက်ကနေ သူ့လက်အောက်ကို လွှဲပြောင်းရယူနိုင်ခဲ့ပါတယ်။ "ဘယ်တုန်းကမှ မရခဲ့တဲ့ 'ပြည်တွင်းငြိမ်းချမ်းရေး' ကို သူတို့ခေတ်ကျမှ ရလိုက်ပြီ" လို့ တစာစာ ကြွေးကြော် နိုင်ခဲ့ပါတယ်။ အဖွဲ့ကြီး '၁၇' ဖွဲ့နဲ့ 'ငြိမ်းချမ်းရေး' ရလိုက်ပြီလို့ ကြွားဝါပါတယ်။ ဒါပေမဲ့ သူတို့ဟာ တချိန်တည်းမှာ အမေရိကန်ရဲ့ "လူဆိုးစာရင်း" ဝင်ဖြစ်သွားတာကိုတော့ မေ့နေဟန်ရှိပါတယ်။

နအဖ စစ်အုပ်စုက UNSC မှာ ဗမာပြည်အရေး ဆွေးနွေးဖို့တင်ပြချက် ပယ်ချခံရတာဟာ သူတို့ (နအဖ) ရဲ့ လုပ်ဆောင်မှုများကို ထောက်ခံကာကွယ်ပေးတာပါလို့ အဓိပ္ပာယ်ကောက်ပြီး ရှေ့ဆက်မိုက်ဖို့ အားယူနေပါတယ်။ အမေရိကန်ရဲ့ အဆိုကိုပယ်ချခဲ့တဲ့ တရုတ်၊ ရုရှား၊ တောင်အာဖရိက နိုင်ငံများက ဗမာပြည်အရေးကိစ္စဟာ နိုင်ငံတကာ့လုံခြုံရေးကို ထိခိုက်နိုင်တဲ့ အခြေအနေမရှိလို့ UNSC မှာတင်ပြီး ဆွေးနွေး ဖြေရှင်းစေလိုတဲ့ ဆန္ဒမရှိပေမယ့်၊ ဗမာပြည်တွင်းမှာ ပြဿနာတွေအများအပြား ရှိနေတာကို သိရှိပါတယ်လို့ ပြောဆိုသွားကြတာရဲ့ အဓိပ္ပာယ်ကို နအဖ ဟာ လေးလေးနက်နက် သဘောပေါက်သင့်ပါတယ်။ ပြည်တွင်းကာယကံရှင်များအနေနဲ့ ပြည်တွင်းမှာတည်ရှိနေတဲ့ ပြဿနာများကို ပြည်တွင်းမှာ ကျေလည်အောင် ဖြေရှင်းရေးဟာ အဓိကကျတာကို လက်ခံသဘောပေါက်သင့်ပါတယ်။ အဓိပ္ပာယ်တလွဲကောက်ပြီး ဆက်မိုက်တွင်းနက်ဖို့ အားမယူဘဲ၊ ရိုးရိုးသားသား လုပ်သင့်ပါတယ်။ နအဖ က အာဏာသိမ်းချုပ်ကိုင်ပြီး လုပ်နေတဲ့ အဓိပ္ပာယ်မရှိတဲ့ ညောင် ၂ ပင်ညီလာခံနဲ့ စစ်အုပ်စု နန်းဆက်တည်မြဲရေးအတွက် ရေးဆွဲထားပြီးဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့ကို ရပ်လိုက်သင့်ပါတယ်။ ပြည်တွင်းပြဿနာအားလုံးဟာ ဒီအချက်ကနေ ပေါ်ထွက်နေတာ ဖြစ်ပါတယ်။ နအဖ ဟာ ၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရထားတဲ့ NLD နဲ့ တွေ့ဆုံဆွေးနွေးပြီး ပြဿနာများကို ဒီမိုကရေစီနည်းကျ ဖြေရှင်းမှသာ ပြည်တွင်းပြဿနာများကို အခြေခံကျကျ ဖြေရှင်းနိုင်မှာဖြစ်ကြောင်း သိရှိလက်ခံသင့်ပြီ ဖြစ်ပါတယ်။ ။ ■

# အီရန်ကို
# ဝင်ရောက်တိုက်ခိုက်ဖို့
# အခွင့်ကောင်းစောင့်နေတဲ့ အမေရိကန်နယ်ချဲ့

၂၀၀၆– ၂၀၀၇ အတွင်း ကမ္ဘာ့သတင်းတွေထဲမှာ အီရတ်၊ အီရန်နဲ့ မြောက်ကိုရီးယား သတင်းတွေဟာ အဆက်မပြတ်ဆိုသလို ကြားနေရပါတယ်။ ဒီ (၃) နိုင်ငံစလုံးဟာ အမေရိကန်နဲ့ ပတ်သက်ပြီး ပြဿနာပေါ်နေကြရတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ အမေရိကန်က ပြဿနာရှာခံနေရတဲ့ နိုင်ငံများ ဆိုရင်မမှားပါဘူး။ အီရတ်ဟာ အမေရိကန်ရဲ့ ကျူးကျော်သိမ်းပိုက်တာ ခံထားရပြီး အီရတ်မှာ အမေရိကန်ဩဇာခံအစိုးရ တင်ဖို့ ကြိုးစားတဲ့ ဖြစ်စဉ်အတွင်း လက်မခံတဲ့ အီရတ်ပြည်သူတွေရဲ့ တုံ့ပြန်တိုက်ခိုက်မှုကြောင့် ပြည်တွင်းစစ်တပိုင်း ဖြစ်နေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီစစ်ပွဲအတွင်း နေ့စဉ်လိုပုံးကွဲ၊ တိုက်ပွဲဖြစ်ပြီး လူတွေ သေနေကြတဲ့ သတင်းဟာ အီရတ်ရဲ့ နေ့စဉ်သတင်း ဖြစ်ပါတယ်။ မြောက်ကိုရီးယားနဲ့ အီရန်ကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြဿနာ၊ နျူကလီးယား ပြဿနာများနဲ့ ပတ်သက်ပြီး အမေရိကန်က သတ်မှတ်တောင်းဆိုတဲ့အတိုင်း မလိုက်နာလို့ အမေရိကန်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီနဲ့ နိုင်ငံတကာအနုမြူ စွမ်းအင် အေဂျင်စီတို့ကို စုံစမ်းစစ်ဆေးဖို့ အရေးယူဖို့ ဖိအားပေးရာက ပေါ်လာနေတဲ့ သတင်းများ ဖြစ်ပါတယ်။ သတိပြုစရာကောင်းတာက ဒီ (၃) နိုင်ငံစလုံးဟာ အမေရိကန်သမ္မတဘုရှ်က မိစ္ဆာဝင်ရိုးတန်း (၃) နိုင်ငံလို့ ခေါ်ဝေါ်သတ်မှတ်ပြီး တိုက်ခိုက်ချေမှုန်းပစ်ဖို့ ပထမဆုံးဦးစားပေးအဖြစ် သတ်မှတ်ထားတဲ့ နိုင်ငံတွေဖြစ်နေပြီး ဘုရှ်ဟာ သူပြောထားတဲ့အတိုင်း တဖက်သတ် လုပ်ခွင့်ရနေတာ ဖြစ်ပါတယ်။

အမေရိကန်သမ္မတဘုရှ်ဟာ အီရတ်ကို ဖိအားပေးနေစဉ်က ကုလသမဂ္ဂကိုအသုံးချပြီး ဆက်ဒမ်ဟူစိန်ကို နာခံခိုင်းပေမယ့် သူအီရတ်ကို ဝင်တိုက်တဲ့အချိန်မှာ ကုလသမဂ္ဂတားတာကို အရေးမစိုက်ခဲ့ပါဘူး။ ဘုရှ်က အီရတ်ကိုတိုက်ဖို့ အကြောင်းပြချက်ကို ကြည့်တော့ အစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ လက်နက်များကြောင့် လို့ဆိုတယ်။ ဒါဟာ ပြောင်လိမ်တာပဲ၊ ဒါကြောင့်လည်း အီရတ်က လက်မခံခဲ့တာပါ။ မြောက်ကိုရီးယားဟာ အီရတ်သင်ခန်းစာ ယူထားပုံရပါတယ်။ အမေရိကန်ကျူးကျော်ရင် ခုခံနိုင်ဖို့ စစ်လက်နက်ပြင်ဆင် ထုတ်လုပ်မှုများ လုပ်ပါတယ်။ မြောက်ကိုရီးယားကို ဝင်ရောက်မတိုက်ခိုက်ပါဘူးဆိုတဲ့ ကတိပေးဖို့ အမေရိကန်ကို တောင်းဆိုပါတယ်။ အမေရိကန်က မပေးပါဘူး။ နောက်ဆုံးမှာ ပထမဆုံးအကြိမ် နျူကလီးယားပုံး စမ်းသပ်ဖောက်ခွဲတာ လုပ်လိုက်ပါတယ်။ အမေရိကန်ဟာ မြောက်ကိုရီးယားရဲ့ ထူးခြားတဲ့နိုင်ငံရေးနဲ့ ပထဝီအနေအထားကြောင့် ဝင်ရောက်တိုက်ခိုက်တာ မလုပ်သာသေးဘဲ ပြဿနာမပြီးရုံ မီးထိုးပြီးဆိုင်းငံ့ထားပုံ ရပါတယ်။ အခုမီးရှိန်မြှင့်ထားတာက အီရန်ဖြစ်ပါတယ်။

အီရန်သတင်းတွေကို သာမန်အားဖြင့် ကြည့်ရင်တော့ အမေရိကန်ပြောနေတဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီပြဿနာ၊ အကြမ်းဖက် အဖွဲ့အစည်းများအား လက်နက်ကူညီထောက်ပံ့နေမှုနဲ့ နျူကလီးယားပြဿနာများနဲ့ ပတ်သက်တဲ့ ဟုတ်တယ်၊ မဟုတ်ဘူး အငြင်းပွားနေတဲ့ သတင်းများ အဖြစ်သာတွေ့ရမှာဖြစ်ပါတယ်။ အနှစ်သာရကို ကြည့်ရင်တော့ ဒီသတင်းများဟာ အမေရိကန်နယ်ချဲ့ရဲ့ ဗိုလ်ကျကျူးကျော် စွက်ဖက်မှုများနဲ့ အီရန်ရဲ့ခုခံတွန်းလှန်ဖို့ ရုန်းကန်တိုက်ပွဲဝင်နေတဲ့ သတင်းများ ဖြစ်ပါတယ်။ ဒီနေ့ကာလဟာ အမေရိကန်အနေနဲ့ အီရန်ကို ဝင်ရောက်ကျူးကျော် မတိုက်ခိုက်မိ သူ့စိတ်ကြိုက်အနေအထား ရောက်

အောင် အခြေအနေ အချက်အလက်များ ပြင်ဆင်ဖန်တီးတဲ့ကာလ ဖြစ်ပါတယ်။ အနီးဆုံးဥပမာကတော့ အီရတ် ဖြစ်ပါတယ်။ အမေရိကန်ဟာ အီရတ်ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ဖို့ အာဘော်ဖန်တီးတာ ပြင်ဆင်တာ ၁ နှစ်ခွဲ ကြာပါတယ်။ တာလီဘန်ကို အကြောင်းပြုပြီး အာဖဂန်နစ္စတန်ကို ၂၀၀၁ အောက်တိုဘာမှာ ဝင်ရောက်ကျူးကျော်ပါတယ်။ ဒီတိုက်ပွဲအတွင်းရထားတဲ့ အမေရိကန် စစ်စခန်းသစ်များမှာ တပ်စွဲထားပြီး အီရတ်ပြဿနာ မီးထိုးပါတယ်။ အီရတ်ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြဿနာ၊ ဆက်ဒမ်ဟူစိန်ရဲ့ အာဏာရှင်စနစ်ဆိုးနဲ့ လူအစုအပြုံလိုက် သေကြေပျက်စီးစေနိုင်သော လက်နက်များပြဿနာတို့ကို တမျိုးပြီးတမျိုးလှည့်သုံးကာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အီရတ်အပေါ် စာနာထောက်ထားမှုနဲ့ ပါဝင်ကာကွယ်ပြောလိုစိတ်တွေကို နည်းသွားအောင်နဲ့ လက်ရှောင်အောင် လုပ်ပါတယ်။ ဒီနောက်မှာမှ မရှိပါဘူးလို့ ပြောနေတဲ့ လူအများသေကြေစေနိုင်သော လက်နက်များကို အကြောင်းပြုပြီး ၂၀၀၃ မတ်လမှာ ဇွတ်ဝင်ရောက်ကျူးကျော် တိုက်ခိုက်ပါတယ်။ အီရတ်ကို အမေရိကန်သိမ်းပိုက်ခဲ့တာ ၄ နှစ်ကြာခဲ့ပြီဖြစ်ပေမယ့် ဒီနေ့ထိ လူတွေသေနေကြရဆဲဖြစ်ပါတယ်။ အာဏာရှင်ဆက်ဒမ်ဟူစိန်သတ်ခဲ့တဲ့ အီရတ်ပြည်သူအရေအတွက်ထက် အဆပေါင်းမြောက်များစွာပိုတဲ့ အီရတ်ပြည်သူတွေကို အမေရိကန်သမ္မတသတ်ခဲ့ပါတယ်။ အီရတ်မှာ အမေရိကန်နောက်လိုက်အစိုးရတင်ပြီး ပြန်ဆုတ်သွားပြီးရင်တောင် ပြည်တွင်းစစ်ဆက်ဖြစ်ပြီး လူတွေသေကြေရဦးမှာ သေချာပါတယ်။

အီရန်ရဲ့ လက်ရှိအခြေအနေဟာ အမေရိကန်က ဝင်ရောက်ကျူးကျော်ဖို့ အခွင့်သာအောင် ပြင်ဆင်ဖန်တီးတဲ့ကာလလို့ဆိုနိုင်ပါတယ်။ အဓိကအားဖြင့် စစ်ရေးအရ ပြင်ဆင်မှုနဲ့ နိုင်ငံရေးအရ ပြင်ဆင်မှုများ လုပ်နေတဲ့ကာလ ဖြစ်ပါတယ်။

အမေရိကန်ရဲ့ စစ်ရေးအရ ပြင်ဆင်မှုများကိုကြည့်ရင် ဗြိတိသျှ စစ်ဘက်ဆိုင်ရာ သတင်းဌာနများက NEW STATESMAN ကို ပြောပြတဲ့ သတင်းမှာ ဆက်ဒမ်ဟူစိန်ကို သေဒဏ်ပေးပြီးကတည်းက အမေရိကန်စစ်တပ်ဟာ သူရဲ့ အလေးထားမှုတခုလုံးကို အီရန်ဆီသို့ ပြောင်းရွှေ့လိုက်ပြီဖြစ်ပြီး၊ ဒီအလေးထားမှုကို အမေရိကန်အနေနဲ့ အီရတ်က သောင်းကျန်းမှုတိုက်ခိုက်ရေး စစ်ပွဲအတွင်းမှာ နစ်နေရင်တောင် ဆက်လက်အကောင်အထည်ဖော်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ အမေရိကန် ကြည်းတပ်၊ ရေတပ်၊ လေတပ်နဲ့ ကမ်းတက်တပ်များဟာ “အီရန်လွတ်မြောက်ရေးစစ်ပွဲ” အတွက် အခြေချစခန်းများ တည်ဆောက်ခြင်းနဲ့ လေ့ကျင့်ရေးကို (၄) နှစ်အချိန်ယူပြီး ပြင်ဆင်ထားခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ အလယ်ပိုင်းစစ်ဌာနချုပ်က ခေါင်းဆောင်သစ် ရေကြောင်းဗိုလ်ချုပ် Admiral Fallon က ကွန်ပျူတာနဲ့ ထိန်းချုပ်လုပ်ကိုင်ထားတဲ့ TIRANNT (Theatre Iran Near Term) လို့ နာမည်ပေးထားတဲ့ စီမံကိန်းကို အမွေဆက်ခံထားတယ်လို့ ဆိုပါတယ်။ ဘုရှ်အစိုးရက ပင်လယ်ကွေ့ကို ဒုတိယမြောက် လေယာဉ်တင်သင်္ဘောတစင်း စေလွှတ်ခဲ့ပါတယ်။ ဒါဟာ ပြင်ဆင်မှုရဲ့ သေးငယ်လှတဲ့ အစိတ်အပိုင်းသာ ဖြစ်ပါတယ်။ ၉/၁၁ ပြီးကတည်းက အမေရိကန်ရေတပ်ဟာ တလကြိုတင်သတိပေးရုံနဲ့ လေယာဉ်တင်သင်္ဘော ၆ စင်းကို စစ်ပွဲဝင်နိုင်အောင် စီစဉ်နိုင်စွမ်းရှိနေပြီ ဖြစ်ပါတယ်။ အခုပင်လယ်ကွေ့မှာ USS John C Stennis နဲ့ USS Dwight D Eisenhower တို့ ၂ စင်းရှိနေပြီး USS Ronald Reagan. USS Harry S Truman. USS Theodore Roosevelt နဲ့ USS Nimitz တို့ဟာ ပင်လယ်ပြင်မှာ ရှိနေကြပါတယ်။ ဒါ့အပြင် ကမ်းတက်တပ်များလည်း ရှိပါတယ်။ ဒီကမ်းတက်တပ်တွေဟာလည်း အီရတ်မှာသာ တိုက်ဖို့ ကန့်သတ်ထားတာ မဟုတ်ပါဘူး။ ဒီတပ်တွေဟာ စုစည်းထားပြီးသားဖြစ်ပြီး ဒီတပ်ဖွဲ့တိုင်းမှာ သူတို့ပိုင်လေယာဉ်တင်သင်္ဘောများရှိကြပြီး၊ ခရစ်ဒုံးကျည်များ၊ ကမ်းတက်ယာဉ်များ၊ တင့်ကားများ၊ ဒေါင်လိုက်တက်ဆင်းနိုင်သော လေယာဉ်များနဲ့ ထောင်ချီသောတပ်ဖွဲ့များ ပါရှိကြပြီး၊ ဒီတပ်ဖွဲ့တဖွဲ့ချင်းစီဟာ သီးခြားကမ်းတက် စစ်ဆင်ရေးများ လုပ်နိုင်ကြပါတယ်။ သူတို့ရဲ့ တာဝန်က ရေနံတင်သင်္ဘောများကို တိုက်ခိုက်လာနိုင်သော အီရန်တပ်ဖွဲ့များကို တိုက်ခိုက်ရန်နဲ့ ရေနံမြေနဲ့ ရေနံတွင်းများရဲ့လုံခြုံရေး ဖြစ်ပါတယ်။ ဒီတပ်ဖွဲ့များဟာ ဒီတာဝန်များကို ဆောင်ရွက်ဖို့ အီရန်တော်လှန်ရေး ဖြစ်ခဲ့တဲ့ ၁၉၇၉ ခုနှစ်ကတည်းက လေ့ကျင့်ပေးထားတာ ဖြစ်ပါတယ်။ ဒီနေ့ကမ်းတက်တပ်ဖွဲ့များ တင်ဆောင်ထားတဲ့ USS Boxer နဲ့ USS Bataan တို့ဟာ ပင်လယ်ကွေ့မှာ ရှိနေကြပြီး USS Kearsarge နဲ့ USS Bonhomme Richard တို့ ၂ စင်းကလည်း ပင်လယ်ကွေ့မှာ ရှိနေတာ ဖြစ်နိုင်ပါတယ်။ ကျန် ၃ စင်းဖြစ်တဲ့ USS Peleliu, USS Wasp နဲ့ USS Iwo

**ဒီကမ်းတက်တပ်တွေဟာလည်း အီရတ်မှာသာ တိုက်ဖို့ ကန့်သတ်ထားတာ မဟုတ်ပါဘူး**

Jima တို့ဟာ သူတို့နဲ့ပေါင်းဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီနှစ်စပိုင်းကတည်းက သူတို့ စစ်ဌာနချုပ်က ဒီ (၃) စင်းကို ဗာဂျီးနီးယားကနေ ဘာရိန်းသို့ ပြောင်းရွှေ့ဖို့ စီစဉ်ပြီးပြီလို့ ဆိုပါတယ်။

အစဉ်အလာအားဖြင့် အရေးအကြီးဆုံး နျူကလီးယား လုပ်ငန်းများကို ရေတပ်ရဲ့ ထရိုင်ဒင့်ရေငုပ်သင်္ဘောများရဲ့ တပ်မှူးကိုသော်လည်းကောင်း လေတပ်ရဲ့ ဗုံးကြဲလေယာဉ်နဲ့ ဒုံးပျံတပ်ဖွဲ့များရဲ့ တပ်မှူးကိုသော်လည်းကောင်း ပေးလေ့ရှိပါတယ်။ ဒီနေ့မှာ ဒီတပ်ဖွဲ့များအားလုံးဟာ ကမ်းတက်တပ်ဖွဲ့များရဲ့ ဗိုလ်ချုပ် General James Cartwright ရဲ့ အမိန့်ကို နာခံရပါတယ်။ ဒ့ါအပြင် ဒီတပ်ဖွဲ့များကို "Global Strike" စီမံကိန်းထဲမှာ ပေါင်းထည့်ထားပါတယ်။ ဒီစီမံကိန်းက သေနင်္ဂဗျူဟာ တပ်ဖွဲ့များကို အမြဲတမ်း (၁၂) နာရီ အဆင်သင့် ဖြစ်နေစေရ ပါတယ်။ "Global Strike" ဆိုတာ မည်သည့်သိသာထင်ရှားတဲ့အချက်ပြမှု မရှိဘဲ၊ ဆားဗီးယားနဲ့ လက်ဘနွန်တို့မှာ လုပ်ခဲ့သလို အီရန်တနိုင်ငံလုံးကို ညတွင်းချင်း တိုက်ခိုက် ချေမှုန်းပစ်တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အီရန်တနိုင်ငံလုံးဟာ အမေရိကန်ရဲ့ တချို့အခြေစိုက်စခန်းများနဲ့ လေယာဉ်တင်သင်္ဘောများကနေ ပျံသန်းချိန် (၁) နာရီ ခရီးအတွင်းမှာ ရှိပါတယ်။ ဒီသတင်းအချက်အလက်များအရ အမေရိကန်ရဲ့ အကြံအစည်ကို ပြည့်ဝအောင် အကောင်အထည်ဖော်ဖို့ စစ်ရေးအရ ပြင်ဆင်မှုကတော့ ပြည့်စုံနေပြီဆိုတာ သေချာပါတယ်။

နိုင်ငံရေးအရ ပြင်ဆင်မှုကို ကြည့်ရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်ဟာ ပိတ်ပင်အရေးယူမှုများကို မလိုက်နာဘဲ ကိုယ့်စီမံကိန်းအတိုင်း ဇွတ်တိုးလုပ်နေသော၊ အန္တရာယ်ရှိသော နိုင်ငံလို့ သဘောထားတဲ့ အဆင့်ရောက်အောင် လုပ်ထားနိုင်ပြီ ဖြစ်ပါတယ်။ ဒါ ကြောင့် အီရန်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အရေးယူတဲ့နောက်ဆုံး ဆုံး ဖြတ်ချက်ကို ၂၀၀၇ မတ်လအတွင်းမှာ တညီတညွတ်တည်း ချမှတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီ အရင်က အီရန်ရဲ့ နျူကလီးယား အစီအစဉ်အပေါ် အရေးယူတဲ့ ဆုံးဖြတ်ချက်ချရေးဟာ အဖွဲ့ဝင်နိုင်ငံများအတွင်း သဘောထား မတူကြပါဘူး။ အီရန်ရဲ့ နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်တဲ့ အငြင်းပွားမှုဟာ ၂၀၀၅ ခုနှစ်ကတည်းက အရှိန်မြင့်လာတာဖြစ်ပြီး၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာ အီရန်က နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီက တားဆီးပိတ်ပင်ထားတဲ့ ယူရေနီယံ သန့်စင်ရေးလုပ်ငန်းကို ပြန်လည်လုပ်ဆောင်လိုက်ကတည်းက အငြင်းပွားမှုဟာ ပြင်းထန်လာတာ ဖြစ်ပါတယ်။ အီရန်က သူရဲ့ နျူကလီးယားအစီအစဉ်ဟာ အရပ်ဘက်သုံး နျူကလီးယား ဓာတ်ပေါင်းဖိုအတွက် လောင်စာထုတ်လုပ်နိုင်ရန်သာ ရည်ရွယ်တာဖြစ်ကြောင်း ပြောပေမယ့် အမေရိကန်နဲ့ အနောက်နိုင်ငံများက နျူကလီးယား လက်နက် ထုတ်လုပ်ဖို့ ရည်ရွယ်တယ်လို့ ယူဆနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၆ မေလတွင်းမှာ အီရန်က ယူရေနီယံ သန့်စင်မှုကို မစွန့်လွှတ်လျှင် ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ဖို့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်မူကြမ်း ချခဲ့ပါတယ်။ အဲဒီအချိန်က အမေရိကန်ရဲ့ အီရန်က နျူကလီးယားလက်နက်ထုတ်ရန် လုံးပန်းနေသည် ဆိုတဲ့အချက်ကို အတည်ပြုနိုင်တဲ့ အထောက်အထား လုံးဝမရှိလို့ ရုရှားနဲ့တရုတ်ကဆိုကြပြီး၊ ရုရှားက ထိုဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်း ပြသခဲ့ပါတယ်။ ဒ့ါအပြင် ရုရှားဟာ အီရန်မှာ နျူကလီးယားဆိုင်ရာ ပစ္စည်းများထောက်ပံ့မှုနဲ့ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မှုများလည်း ပြုလုပ်ပါတယ်။ ဒ့ါအပြင် ရုရှားနိုင်ငံတွင်းမှာ အီရန်ရဲ့ ယူရေနီယံ သန့်စင်ရေးစက်ရုံ ဖက်စပ်တည်ဆောက်ဖို့လည်း သဘောတူညီချက် ရယူခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်အတွင်းမှာ ခေတ်မီဒုံးကျည်နဲ့ စစ်လက်နက်ပစ္စည်း အမေရိကန် ဒေါ်လာ ၁ ဘီလီယံဖိုးကိုလည်း အီရန်သို့ ရောင်းချခဲ့ပါတယ်။ အမေရိကန်ရဲ့ ကန့်ကွက်မှုကို ရုရှားက လျစ်လျူရှုခဲ့သလို အီရန်ကလည်း ယူရေနီယံသန့်စင်မှုကို မရပ်စဲနိုင်ကြောင်း ကြေညာပြီး ဆက်လက်လုပ်ဆောင်ခဲ့ကြ ပါတယ်။ ဒါကြောင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၇၃၇ ကို ၂၀၀၆ ဒီဇင်ဘာမှာ ချမှတ်ပြီး ယူရေနီယံသန့်စင်မှုကို ရက်ပေါင်း ၆၀ အတွင်းမှာ ရပ်ဆိုင်းပေးဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒုံးပျံအစီအစဉ်နဲ့ နျူကလီးယား အစီအစဉ်များနဲ့ ဆက်စပ်နေသော တဦးချင်းနဲ့ ကုမ္ပဏီပိုင် လုပ်ငန်းများကိုလည်း တားဆီးပိတ်ပင်ခဲ့ပါတယ်။ အီရန်ရဲ့လက်နက်တင်ပို့မှုများကိုလည်း ပိတ်ပင်ခဲ့ပါတယ်။ ဒါပေမဲ့ အီရန်က သူ့ရဲ့ယူရေနီယံ သန့်စင်မှုကို မရပ်ဆိုင်းတဲ့အတွက် အခုနောက်ဆုံး မတ်လတွင်းမှာ အရေးယူတဲ့ ဆုံးဖြတ်ချက်ကို ထပ်မံချမှတ်တာ ဖြစ်ပါတယ်။ ဒ့ါအပြင် တားဆီးပိတ်ပင်တဲ့ လုပ်ငန်းအရေအတွက်ဟာ ၂၈ ခုအထိရှိလာခဲ့ပါတယ်။ ဒီအခေါက်မှာတော့ အီရန်ဘက်က ဖေးဖေးမမပြောဆိုလုပ်ကိုင်ခဲ့တဲ့ ရုရှားကလည်း အီရန်ကို အရေးယူတာကို ကန့်ကွက်သံ မကြားရတော့ပါဘူး။

အီရန်ဟာ နျူကလီးယား လက်နက် မပြန့်ပွားရေးစာချုပ် လက်မှတ်ထိုးထားတဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ သူရဲ့ နျူကလီးယားစွမ်းအင်ကို အသုံးချနိုင်ဖို့ ကြိုးပမ်းမှုကို အမေရိကန်က ပိတ်ပင်မှု လုပ်တဲ့ ဖြစ်စဉ်အတွင်းမှာ နိုင်ငံအသီးသီးရဲ့ မတူညီတဲ့အမြင်များ ထွက်ပေါ်ခဲ့ပါတယ်။ တရုတ်က အီရန်ရဲ့ နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာရယူအသုံးပြုခွင့်ကို လေးစားသင့်

သလို အီရန်ကလည်း နိုင်ငံတကာ စည်းမျဉ်း စည်းကမ်းများကို လေးလေးနက်နက် လိုက်နာဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။ ဘက်မလိုက် လှုပ်ရှားမှု အဖွဲ့ကလည်း "အနုမြူလက်နက်မပြန့်ပွားရေး သဘောတူ စာချုပ်တွင် လက်မှတ် ထိုးထားသူအားလုံး၏ ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် အနုမြူနည်းပညာရှာဖွေရန် လုပ်ပိုင်ခွင့်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆက်လက် ကာကွယ်သွားမည်" ဟုပြောခဲ့ပါတယ်။ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကူဝိတ်၊ ဘာရိန်း၊ ကာတာနဲ့ အိုမန်တို့ရဲ့ ပင်လယ်ကွေ့ ၆ နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီက ၂၀၀၆ ဒီဇင်ဘာ ၁၀ ရက်မှာ ကျင်းပတဲ့ ထိပ်သီးအစည်းအဝေးမှာ ၎င်းတို့သည် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် ရယူနိုင်ရန်ရည်ရွယ်ထားပြီး ဖြစ်ကြောင်း ယင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု တရပ်လည်း တည်ထောင်မည်ဟု ကြေညာခဲ့ပြီး၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးသည် နိုင်ငံတိုင်း၏ အခွင့်အရေးဖြစ်သည်ဟု ကြေညာခဲ့ပါတယ်။

အီရန်ရဲ့ နျူကလီးယားအရေး ဖြေရှင်းရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက အီရန်၏ နျူကလီးယားကိစ္စနှင့် ပတ်သက်၍ သံတမန်နည်းလမ်းနှင့် တွေ့ဆုံဆွေးနွေးရေး နည်းလမ်းများဖြင့်သာ ဖြေရှင်းသင့်ကြောင်း ဖော်ပြပါတယ်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးက အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်က အီရန်နိုင်ငံအပေါ် အင်အားအသုံးပြုဖွယ်ရာများအား ရုရှားနိုင်ငံက ကာကွယ်ပေးသွားမည်ဟု ၂၀၀၇ ဖေဖော်ဝါရီ ၂၇ ရက်က ပြောသွားပါတယ်။ အမေရိကန်ကတော့ အီရန်သည် နျူကလီးယားဗုံး ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲထားပြီး၊ ၎င်းကိစ္စကို သံတမန်နည်းဖြင့် ဖြေရှင်းသွားမည် ဖြစ်ကြောင်း သို့သော်လည်း အင်အားအသုံးပြုမှုကိုလည်း စွန့်ပယ်ထားမည် မဟုတ်ကြောင်း ပြောပါတယ်။

အမေရိကန်ဟာ အီရန်ရဲ့ နျူကလီးယားအစီအစဉ်အပေါ်မှာ ဒီလို တင်းမာတဲ့ သဘောထားရှိပေမယ့် တဖက်မှာတော့ အစ္စရေး၊ အိန္ဒိယနဲ့ ပါကစ္စတန်တို့ရဲ့ နျူကလီးယားအစီအစဉ်များ အပေါ်မှာတော့ ပူးပေါင်းကူညီထောက်ပံ့တဲ့ သဘောထား, ထားရှိပါတယ်။ နျူကလီးယား လက်နက် မပြန့်ပွားရေးစာချုပ် လက်မှတ်မထိုးထားတဲ့ အိန္ဒိယကို အမေရိကန် နျူကလီးယား ဓာတ်ပေါင်းဖိုများနှင့် နျူကလီးယားလောင်စာများ ရောင်းပေးဖို့ ၂၀၀၆ မတ်လမှာ သမ္မတဘုရှ်က သဘောတူထားပါတယ်။ အီရန်မှာတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ နောက်ဆုံးအရေးယူတဲ့ ဆုံးဖြတ်ချက်ချပြီး နောက်ပိုင်းမှာ အမေရိကန်ဟာ ပိုမိုဖိအားပေးလာပြီး ပင်လယ်ကွေ့ဒေသရှိတပ်များ စစ်လေ့ကျင့်ရေး လုပ်ခဲ့ပါတယ်။ အမေရိကန်ဟာ အရှေ့အလယ်ပိုင်း ဒေသနဲ့ ပတ်သက်တဲ့ သူ့ရဲ့ စိတ်ကူးရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ရလာတော့မယ့် အခွင့်အလမ်းကို အသုံးချဖို့အဆင်သင့် ဖြစ်နေပါပြီ။ အစ္စရေး၊ အိန္ဒိယ၊ ပါကစ္စတန်တို့ကို နိုင်ငံတကာစည်းမျဉ်းများနဲ့ မကိုက်ညီသော်လည်း ခွင့်လွှတ်နိုင်ပေမယ့် သူရဲ့ အနှစ်နှစ်အလလက ချုပ်ကိုင်ဖို့ ရည်မှန်းထားတဲ့ ရေနံဒေသတွင်းက သားကောင်ကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်ခံမှာ မဟုတ်တာ သေချာနေပါတယ်။ ဒါပေမဲ့ အီရန်ဟာ အီရတ်လိုမဟုတ်ဘဲ အဘက်ဘက်က ပြင်ဆင်မှုရှိပြီး သင့်တော်တဲ့ ခွန်အားလည်း ရှိပါတယ်။ ဒါကြောင့် အမေရိကန်ဟာ အီရန်ကို ဝင်တိုက်ခဲ့ရင်တော့ ဘယ်လောက်ပင် စစ်အင်အားကြီးသော်လည်း အီရတ်မှာထက် အထိနာပြီး နောက်ဆုံးရှုံးနိမ့်မှာ သေချာပါတယ်။ ။

**အမေရိကန်ဟာ အရှေ့အလယ်ပိုင်း ဒေသနဲ့ ပတ်သက်တဲ့ သူ့ရဲ့ စိတ်ကူးရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ရလာတော့မယ့် အခွင့်အလမ်းကို အသုံးချဖို့ အဆင်သင့် ဖြစ်နေပါပြီ**



*အရမ်းထဲက*

*အရမ်းသမား*

*ရမ်းစဖဲလ်ဟာ*

# သွားပေတော့

# ရမ်းစဖဲလ်

ကမ္ဘာ့တဦးတည်းသော ဗိုလ်ကြီး ဖြစ်လာတဲ့ အမေရိကန်ဟာ ခြေလှမ်းသွက်သွက်နဲ့ နောက်ပိုင်းမှာ ငါတကော ကောပြီး၊ နယ်ချဲ့ဝါဒကို ကျင့်သုံးလာရာမှာ ကမ္ဘာ့နိုင်ငံတွေ၊ ပြည်သူတွေ ကန့်ကွက်တဲ့ကြားက အီရတ်ကို ဝင်တိုက်သိမ်းပိုက်ခဲ့တယ်။ ၂၁ ရာစု ခေတ်မီ အမေရိကန်တပ်ကို ဦးဆောင်တည်ဆောက်ခဲ့တဲ့ အမာခံ ထဲက အမာခံ၊ အရမ်းထဲက အရမ်းသမား ရမ်းစဖဲလ် ဟာ ပေါင်းဝဲလ်ရဲ့ တွန့်ဆုတ်တွန့်ဆုတ်လမ်းစဉ်ကို ဆန့်ကျင်ပြီး တက်လာခဲ့တယ်။ ခေတ်မီစစ်ရေး လေ့လာ သူတွေအတွက်ကတော့ အီရတ်စစ်ပွဲဟာ လတ်လတ် ဆတ်ဆတ် ကုန်ကြမ်းပါပဲ။ စစ်တပ် ဘယ်လိုတည် ဆောက်တယ်။ ဘယ်လို ပြင်ဆင်တယ်။ ဘယ်လိုစုစည်း အမိန့်ပေးတယ် စသဖြင့်ပေါ့။ နိုင်ငံတနိုင်ငံကို စစ် အင်အား အနည်းဆုံးနဲ့ တိုက်ခိုက်သိမ်းပိုက်ပုံတွေပေါ့။ ဒါပေမဲ့ အမေရိကန်တပ်ဟာ သိမ်းပိုက်လိုက်တဲ့ နိုင်ငံ တခုကို စီမံအုပ်ချုပ်ဖို့ လေ့ကျင့်မှု မရရှိခဲ့ပါဘူးလို့ သုံးသပ်သူတချို့က ဆိုပါတယ်။

အာဖဂန်စစ်ပွဲ အနိုင်ရပြီးနောက်မှာ ကိုယ့် စစ်အင်အားကို အထင်ကြီးပြီး မာန်တက်လာတယ်။

ရမ်းစ်ဖဲလ်ရဲ့ အာဘော် တက်လာတယ်။ ပေါင်းဝဲလ် သဘောက ဆက်ဒမ်အာဏာကို ဖြိုရုံပဲ။ နိုင်ငံတော် အဆောက်အအုံကို ဖြိုဖို့ မဟုတ်ဘူး။ ရမ်းစဖဲလ်က ဒါကို လက်မခံ။ စစ်ဆန့်ကျင်ရေးဂယက်ကို အလေးမထား၊ အီရတ်လူထုက ပြန်ခုခံမှာကို လျှော့တွက်တယ်။ နိုင်ငံရေးပိုင်းကို လျှော့တွက်တယ်။ ကမ္ဘာ့လူထုက တလျှောက်လုံး အီရတ်စစ်ပွဲကို ဆန့်ကျင်နေတာပဲ။ ဒီဂယက်ဟာ အနိုင်နိုင်ငံအစိုးရတွေရဲ့ အာဘော်မှာ တိုက်ရိုက်သက်ရောက်တယ်။ အင်္ဂလိပ် အစိုးရတောင် မနည်းဖြေရှင်းပြနေရတာ ကြည့်ပါ။ အမေရိကန်ပြောတဲ့ ဖျက်အားပြင်း လက်နက်ဆိုတာလည်း ဘယ်လောက် ရှာရှာမတွေ့၊ သုံးနှစ်ကြာတာတောင် အီရတ်မှာ ငြိမ်းချမ်းမှုမရ၊ ဝရုန်းသုန်းကား ဖြစ်နေတော့ အမေရိကန်ပြည်သူတွေကတောင် ဖိအားပေးလာတာ၊ မီဒီယာအာဘော်၊ ပါတီ အာဘော်တွေမှာ တွေ့ နိုင်တယ်။ ဒီတော့ ဘာလုပ်ဖို့လိုလာသလဲ။ ဘုရှ်ကတော့ နုတ်ထွက်တာမျိုး လုပ်ဖို့မလို။ ရမ်းစဖဲလ်က နုတ်ထွက်လိုက်ရတယ်။ ရီပတ်ဘလီကင် ပါတီလည်း သက်တမ်းလယ် ရွေးကောက်ပွဲမှာ ရှုံးခဲ့ပြီးပြီ။

စစ်မာန်တက်ပြီး ဝင်ဝင်ချင်း ဆက်ဒမ်ရုပ်တု ဖြိုချလိုက်တာတောင် ပြည်တွင်းမှာ ဂယက်ကောင်းလှတာ မဟုတ်ဘူး။ အများဆိုင်ရာ အဆောက်အအုံစနစ်ကို မကာကွယ်တာ၊ မင်းမဲ့အခြေအနေ ရောက်သွားတာကြောင့် အီရတ် အထက်လွှာတွေကတောင် အမေရိကန်ကို ခွင့်မလွှတ်နိုင်ဘူး။ အာရပ်ပြန်လည် တိုးတက်ရေးပါတီ၊ အီရတ်စစ်တပ်၊ လုံခြုံရေးတပ်တွေကို ဖျက်သိမ်းပစ်လိုက်တာ ရမ်းစဖဲလ်ရဲ့ မဟာအမှားဘဲ။ အဲဒီပါတီဟာ ဆက်ဒမ်ရဲ့ပါတီဖြစ်ဖြစ် တခြားဘာဖြစ်ဖြစ် အင်အားကြီးပါတီ ဖြစ်တယ်။ ပါတီရဲ့ အမာခံတွေကိုတောင် ဆက်ဒမ်နောက်လိုက်အဖြစ် တထစ်ချ ပြောလို့မရ။ ပညာတတ်တွေနဲ့ အထက်လွှာအများစုလည်း ပါတီဝင်တွေပဲ။ ဒီမိုကရေစီလမ်းစဉ်နဲ့ ခေါင်းဆောင်ရင် လိုက်လုပ်ကြမယ့် လူတွေပဲ။ စစ်တပ်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာလည်း ဒီသဘော ရှိပါတယ်။ ရမ်းစဖဲလ်က မင်းတို့ရှိဖို့ မလိုတော့ဘူး လုပ်ပစ်လိုက်တော့၊ ယာဉ်ထိန်းရဲတောင် ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားတယ်။ ဖြစ်လာတဲ့ပြဿနာကို ကယ်တင်ရှင်ကြီးများ မထိန်းနိုင်ခဲ့ပါ။ ၃ နှစ်ကြာတာတောင် အကန်းငါးစမ်းသလို ဖြစ်နေတုန်းပဲ။ ဒီမိုကရေစီ သွတ်သွင်းပေးနိုင်ဖို့ကတော့ ဝေလာဝေးနေဆဲ။ အီရတ်မှာ အမေရိကန်တပ်ဟာ နေရာပြန့်ကျဲ၊ သွက်လက်မှုမရှိ၊ ရန်သူကို မတိုက်ခိုက်နိုင် ဖြစ်နေတယ်။

ခုတော့ ရီပတ်ဘလီကင်ပါတီဝင်တချို့တောင် ရမ်းစဖဲလ် နုတ်ထွက်သွားတာ ကောင်းတယ်။ ဒီထက်စောရင်ပိုကောင်းတယ် ပြောနေကြတယ်။ ပေါင်းဝဲလ်မရှိဘဲနဲ့ ပေါင်းဝဲလ်လမ်းစဉ်ကို ဘုရှ်တို့ကျင့်သုံးရတော့မယ်။ နိုင်ငံတော်စနစ် ပုံမှန်ရှိတဲ့ ဂျာမဏီ၊ ဂျပန်၊ ကိုရီးယားတို့မှာ အမေရိကန်တပ် နှစ်လေးငါးဆယ် တပ်စွဲနေနိုင်ခဲ့တယ်။ အီရတ်လို နိုင်ငံကို ဒီမိုကရေစီဖခင်တပ်ကြီးက တိုက်ခိုက်သိမ်းပိုက်ကယ်တင်တဲ့ ဇာတ်လမ်းကိုတော့ သုံးနှစ်ကြည့်လိုက်ရပြီ။ ရမ်းစဖဲလ်လည်း သွားရှာပြီ။ ဆက်လက်ရှုစားရင်း ဗမာပြည်အတွက် သင်ခန်းစာယူကြပါစို့လား။ ။

တရုတ်ပြည် World View မဂ္ဂဇင်းမှ ‘သွားပေတော့ ရမ်းစဖဲလ်’ ဆောင်းပါးများကို ကိုးကားရေးသားထားခြင်း ဖြစ်သည်။

**အများဆိုင်ရာ အဆောက်အအုံစနစ်ကို မကာကွယ်တာ၊ မင်းမဲ့အခြေအနေ ရောက်သွားတာကြောင့်**

# ဗမာပြည်ခေတ်သစ်သမိုင်း
# လေ့လာရာမှာ
# အထောက်အကူဖြစ်နိုင်တဲ့ စာအုပ်တအုပ်




ဗမာပြည်ရဲ့ခေတ်သစ်သမိုင်းရော ခေတ်ဟောင်းသမိုင်းပါ ဖြုတ်–ဖြည့် သုတ်သင်ခံနေရတဲ့ ဒီနေ့ကာလမှာ တလောက မောရစ် ကောလစ် ရေးပြီး ဦးခင်မောင်ကြီး(မိုးဝေ) ဘာသာပြန်တဲ့ “အင်္ဂလိပ် – မြန်မာနောက်ဆုံးတိုက်ပွဲ” (Last and First in Burma) စာအုပ်ကိုဖတ်လိုက်ရတော့ နဂိုက သိထားပေမယ့် စစ်အုပ်စုအဆက်ဆက်က ဖုံးကွယ်ထားတဲ့အချက်တွေ ပြန်ပေါ်လာပါတယ်။ နောက်ပြီး ဒီစာအုပ်ထဲကအချက်တွေဟာ ဒီနေ့မှာ ပြည်တွင်းလုပ်ငန်းစဉ်အတွက် စဉ်းစားပြင်ဆင်နေသူတွေ အတွက်လည်း အထောက်အကူ ဖြစ်မှာပဲလို့ သတိထားလိုက်မိပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စခေါင်းထောင်လာတဲ့ အချိန်ကစပြီး ဗမာပြည်က ထွက်ခွာရတဲ့ အချိန်အထိ ၆ နှစ်တာကာလအတွင်း ကိုလိုနီအုပ်စိုးသူအထက်ပိုင်းထဲက အဖြစ်အပျက်တွေ၊ စဉ်းစားတွေးခေါ်နည်းတွေကို ဖော်ပြထားတဲ့ ဒီစာအုပ်ပါ အချက်တွေဟာ ဗမာပြည်သူတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုအခန်းတွေကို ပြက်ပြက်ထင်ထင် ဖော်ပြနေပါတယ်။

ဒီစာအုပ်ရဲ့ ရှေ့ပိုင်းမှာက ဗြိတိသျှကိုလိုနီသမားတွေ မာနတလူလူနဲ့ ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး ဂျပန်ကိုလျှော့တွက်ခဲ့တာတွေ၊ နယ်ချဲ့လောကထဲကို နောက်မှတိုးဝင်လာတဲ့ အမေရိကန်ကိုအထင်သေးပုံတွေ တွေ့ရပါတယ်။ ဒါပေမဲ့ စစ်ရယ်လို့

တကယ် ဖြစ်လာတော့ နေမဝင်အင်ပါယာရှင်တွေ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကြတာ၊ အမေရိကန်ကို စစ်ထဲဝင်လာဖို့ မျှော်လင့်ကြရတာ၊ စစ်ဦးစီးသူတွေအချင်းချင်း သြဇာမကိုက်ကြတော့တာ၊ ကိုယ့်ကိုလိုနီ လုံခြုံရေးကိုသာ အဓိကထားကြတော့တာ – ဥပမာ ရန်ကုန်မြို့ ကာကွယ်ရေးအတွက် သြစတြေးလျားတပ်ကို ပို့ပေးဖို့ငြင်းဆိုတာ – စတာတွေ တွေ့ရပါတယ်။ သီပေါမင်းတို့ အင်္ဂလိပ်အန္တရာယ်ကို တကယ် မြင်လာတဲ့အခါမှာ ပြင်သစ်ကိုချဉ်းကပ်ကြတာ၊ ပြင်သစ်ကို မိတ်ဖွဲ့ကြဖြစ်ကုန်တာတွေကို ပြက်ရယ်ပြုခဲ့ကြတဲ့ ကိုလိုနီသမိုင်း ဆရာတွေ ဒီစာအုပ်ထဲက အချက်တွေကို သတိထားမိကြရဲ့လား မသိဘူး။ အိန္ဒိယက တပ်ကြီးပဲ ရောက်လာတော့မလိုလို၊ အာဖရိကက တပ်တွေပဲရောက်လာတော့မလိုလို မျှော်ကိုးကြတဲ့အဖြစ်တွေကို ဖတ်ကြည့်ကြစမ်းစေချင်ပါတယ်။

အဲဒီနောက်ပိုင်းမှာ နာမည်ကြီးလှတဲ့ "အောင်မြင်စွာဆုတ်ခွာခြင်း" ဆိုတဲ့ ခရီးစဉ်ကြီးတလျှောက် လမ်းဘေးမှာတင် အသေတွေရော မသေမရှင်တွေပါ အစီအရီပုံနေတာတွေလို တုန်လှုပ်ချောက်ချားဖွယ်ရာ ဖတ်ရပါသေးတယ်။ စစ်ရှုံးပတဲ့ဆိုရင် ဘယ်တပ်မဆို ကသောင်းကနင်းချည့်ပါပဲ။ ဒါကို အမှန်အတိုင်းရေးပြပြီး နောင်မှာ ကျူးကျော်စစ်နယ်ချဲ့စစ်တွေ မပေါ်ပေါက်အောင် တားဆီးကြရမှာပါ။ အဲဒီလိုမပြောဘဲ ရှေ့နှစ်လှမ်းတိုးမှာမို့ နောက်ကိုနှစ်လမ်းဆုတ်တယ်ဆိုတာမျိုး ကြွားဝါနေလို့ကတော့ ရယ်စရာပဲ ဖြစ်မှာပါ။ ဒါဟာ သမိုင်းဆရာရဲ့ ကျင့်ဝတ်နဲ့ ဆိုင်ပါတယ်။

ဒီစာအုပ်ထဲမှာ အထင်အရှားတွေ့ရတာတခုက အင်္ဂလိပ်ဟာ ကမ္ဘာစစ်ကြီး ဖြစ်လာမှ ဗမာနိုင်ငံသားတွေရဲ့ လွတ်လပ်ရေးအတွက် ပိုင်းဖြတ်မှုနဲ့ စည်းလုံးညီညွတ်မှုကို တကယ်သဘောပေါက်လာတယ် ဆိုတာပါပဲ။ ဗမာ့ခေါင်းဆောင်တွေ ဂျပန်နဲ့ပေါင်းတယ် ဆိုတာလည်း ကိုယ့်နိုင်ငံလွတ်လပ်ဖို့ပဲ ဖြစ်တယ်၊ ဂျပန်ကို တွယ်ပစ်ဖို့ ဗမာတွေရဲ့ခေါင်းထဲမှာ အစောကြီးကတည်းက ရှိတယ်၊ ဂျပန် ခန့်လိုက်တဲ့ အဓိပတိ ဒေါက်တာဘမော်ကတောင် ဂျပန်ကို အပေါ်ယံသာပေါင်းပြီး ဗမာ့ပြည်ချစ်တွေကိုကြိတ်ပြီး အားပေး ကူညီနေတာ၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်မြစတဲ့ ပြည်ချစ်တွေကိုဝန်ကြီးရာထူးတွေပေးပြီး လွတ်လပ်ရေးလုပ်ငန်းအတွက် အကာအကွယ်ပေးတာ စသဖြင့် ဝန်ခံထားတာတွေလည်း တွေ့ရပါတယ်။

ဦးစောနဲ့ ပတ်သက်လို့ မှတ်သားစရာကောင်းတာက သူဟာ နန်းရင်းဝန်ရာထူးရနေခိုက်မှာ ဗမာပြည်သူတွေကို ချွေးသိပ်နိုင်ဖို့အတွက် အင်္ဂလိပ် အစိုးရဆီမှာစျေးဆစ်ပါတယ်။ သူက ဒေါမီနီယံကို နားပူနားဆာလုပ်လွန်းတော့ ဒေါမီနီယံကလည်း နားအေးသွားအောင်ဆိုပြီး ဦးစောကို ချာချီရှိရာ အင်္ဂလန်လွှတ်လိုက်ပါတယ်။ အဲဒီမှာ ဦးစောဟာ သူလိုရာမရတော့ အမေရိကန်ဆီပြေးပြီး နားပူနားဆာ လုပ်ပြန်တယ်။ ဒါပေမဲ့ ဘာမှမထူးတော့ တခါ အဲဒီကအပြန် ပေါ်တူဂီမှာ ဂျပန်အစိုးရနဲ့ တိတ်တိတ်ဆက်ပါတယ်။ ဒါကို ဦးစောသွားတွေ့တဲ့ ဂျပန်သံရုံးက သူ့အစိုးရကို ပြန်အစီရင်ခံရာမှာ ဗြိတိသျှဖြတ်သတင်းဖမ်းသူတွေက ဖမ်းမိတာနဲ့ ဦးစောရယ် သူနဲ့အတူ ပါသွားတဲ့ ဦးတင်ထွတ်တို့ကို အင်္ဂလိပ်ကဖမ်းပြီး အာဖရိက က သူတို့ရဲ့ ကိုလိုနီတခုဖြစ်တဲ့ ယူဂန်ဒါနိုင်ငံ ပို့ထားလိုက်ပါတယ်။ ဒါဟာ နိုင်ငံကြီးတွေအကြားမှာ မလည်ရှုပ်လုပ်လို့ ဒုက္ခလှလှတွေ့တဲ့ သင်ခန်းစာပါပဲ။

နောက်ပြီး အင်္ဂလိပ်ကိုလိုနီသမားဟာ ဗမာလူမျိုးတွေကို မယုံလို့ စစ်တပ်ထဲ မထည့်တာ၊ လူမျိုးစုတပ်ရင်းအမျိုးမျိုးရှိပေမယ့် ဗမာတပ်ရင်းဆိုလို့ တရင်းမှ မရှိတာ၊ နောက်ဆုံးမှာ မတတ်သာတော့မှ ဗမာလူမျိုးတပ်တွေဖွဲ့ပေးတာ၊ ဖွဲ့ပေးပြီးတော့လည်း သူတို့ကိုပြန်ချမယ်လို့ပဲ ထင်နေတာ၊ မယုံတာစတဲ့ ကိုလိုနီသမားတွေထဲရဲ့ ခေါင်းထဲမှာရှိတာတွေကို ဒီစာအုပ်ထဲမှာ ထူးထူးခြားခြား ဖတ်ရပါတယ်။ မောရစ်ကောလစ်ဟာ ဘုရင်ခံ ဒေါမီနီယံရဲ့မှတ်တမ်းတွေကို အခြေခံရေးထားတာဆိုတော့ ဘုရင့်ခံ့ ရှုဒေါင့်က စဉ်းစားနည်း၊ လန်ဒန်ကချာချီတို့ စဉ်းစားနည်းတွေ အကုန်တွေ့ရပါတယ်။ လွတ်လပ်ရေးအတွက် ပြတ်ပြတ်သန္နိဋ္ဌာန်ချထားတဲ့ ဗမာနိုင်ငံသားတွေနဲ့ လက်တွေ့ရင်ဆိုင်နေရတဲ့ ဒေါမီနီယံနဲ့ "ပင်လယ်ပြင်များကို ဗြိတိန်က စိုးမိုးတယ်" (Britain rules the waves) လို့ အင်ပါယာအစွဲမကျွတ်နိုင်တဲ့ လန်ဒန်က လူတွေ အမြင်ချင်းကွာခြားကြတာတွေဟာလည်း စိတ်ဝင်စားစရာပါ။

**ဗမာနိုင်ငံသားတွေရဲ့ လွတ်လပ်ရေးအတွက် ပိုင်းဖြတ်မှုနဲ့ စည်းလုံးညီညွတ်မှုကို တကယ်သဘောပေါက်လာတယ် ဆိုတာပါပဲ**

အဲဒီတုန်းကတည်းက ကိုလိုနီအုပ်စိုးသူတွေဟာ သူတို့ကို အဓိကအကျဆုံး ဆန့်ကျင်နေသူတွေဟာ လက်ဝဲစွန်း သခင်တွေပဲရယ်လို့ အတိအကျသိနေ၊ ပြောနေကြတာပါ။ ဗမာပြည်နိုင်ငံရေး ခေါင်းဆောင်တွေအထဲမှာ ဘယ်သူက ဘယ်လိုဆိုတာ ဒီအချိန်ကျတော့ သူတို့သိနေပါပြီ။ ဒီစာအုပ်ထဲမှာ ဦးစောရဲ့ မရိုးသားမှု၊ ကလိမ်ကျမှုတွေ၊ ဆာပေါ်ထွန်း၊

**‘လက်ဝဲအစွန်း’ တွေဟာ အင်္ဂလိပ်အုပ်စိုးမှုအတွက် အဓိက ဆူးငြောင့်ခလုတ်လို့လည်း အမြဲထောက်ပြနေခဲ့ပါတယ်**

သခင်ထွန်းအုပ်စတဲ့ အလိုတော်ရိ အမျိုးမျိုးတွေအကြောင်းကို လက်တွေ့အနေအထားနဲ့ မြင်ရတာအင်မတန် ဗဟုသုတရပါတယ်။ ကွန်မြူနစ်ကပြောရင် မလိုလို့ ပြောတာလို့ ထင်ကောင်းထင်မှာပါ၊ အခုတော့ အင်္ဂလိပ်တွေကိုယ်တိုင်က ပြောတာတွေ ဖတ်ရတာပါ။ ချန်ကေရှိတ်စကားမတည်ပုံ၊ ကလိမ်ကျပုံတွေအကြောင်း ရေးထားတာများဆိုရင် တရုတ်ကွန်မြူနစ်များထက်တောင် ပြင်းထန်တယ် အောက်မေ့ရပါတယ်။

ပြောလောက်စရာ နောက်တချက်ကတော့ စာမျက်နှာ ၂၀၈ မှာ *“မြန်မာတပ်များသည် ပုန်ကန်မှုစလျှင် စချင်း ဂျပန်တပ်သား စစ်ဗိုလ်ပေါင်း ၇၀၀ ကျော်ကို သတ်ဖြတ်သုတ်သင်ကာ ထိုစာရင်းတွင် ဗိုလ်ချုပ် ၂ ယောက်ပါ ပါဝင်သည်ဟု မောင့်ဘက်တင်က မှတ်တမ်းတင်ခဲ့လေသည်”* လို့ ဖော်ပြထားတာဖြစ်ပါတယ်။ အင်္ဂလိပ်သမိုင်းဆရာတွေနဲ့ အဲဒီသမိုင်းဆရာတွေရဲ့ မှတ်တမ်းတွေအပေါ်အခြေပြု ရေးသားနေကြသူတွေဟာ ဗမာပြည်သူတွေရဲ့ ဂျပန်ဖက်ဆစ်တော်လှန်ရေးအခန်းကို ချောင်းမြောင်းပစ်တာလောက်သာ ရှိသယောင်ယောင်၊ မှေးမှိန်အောင်ရေးနေကြတာနဲ့ အခုမောင့်ဘက်တင်ရဲ့ မှတ်တမ်းဆိုတာတို့ဟာ ဖြောင့်ဖြောင့်ပဲ ဆန့်ကျင်နေပါတယ်။

ဘာပဲပြောပြော ဒီစာအုပ်မှာ တန်ဖိုးအရှိဆုံးကတော့ ဗမာပြည်ပြည်သူတွေ လွတ်လပ်ရေး ရရှိကြပုံနဲ့ပတ်သက်လို့ တဆင့်ချင်း အသေးစိတ်နီးပါး ပါရှိနေတာပါပဲ။ အင်္ဂလိပ်က ဘာကြောင့်လွတ်လပ်ရေး ပေးရတယ်။ သူတို့ ဘယ်သူ့ကို၊ ဘာကို အကြောက်ဆုံးလဲ၊ နောက်ဆုံးအချိန်မှာ သူတို့ခေါင်းထဲ ဘာတွေစဉ်းစားနေကြသလဲ ဆိုတာတွေ တွေ့ရပါတယ်။ တချိန်တည်းမှာ မောရစ်ကောလစ်နဲ့ ဒေါ်မံစမစ်တို့က သခင်အောင်ဆန်းနဲ့ သခင်သန်းထွန်းကို လေးစားအသိအမှတ်ပြုပုံတွေဟာလည်း တခြားအနောက်တိုင်းသားတွေ ရေးတာနဲ့ ကွာခြားလှပါတယ်။

တကယ်က အင်္ဂလိပ်ဟာ ဂျပန့်ရန်ကနေ ဒရောသောပါးထွက်ပြေးခဲ့ရပေမယ့် သူတို့ရဲ့ အင်ပါယာအိပ်မက်ကို မြင်မက်ဆဲဖြစ်ပါတယ်။ အိန္ဒိယကနေ ဆင်ကြံ ကြံနေတာပါ။ ဒီတခါ သူတို့ ဗမာပြည်ထဲကို ပြန်ဝင်ရင် ရင်ဆိုင်ရမှာဟာ ဂျပန်သာမကဘဲ လက်နက်တွေကိုင်ထားကြတဲ့ ဗမာနိုင်ငံသားတွေကိုပါ ရင်ဆိုင်ရမလို ဖြစ်နေပါတယ်။ လက်နက်တွေဟာ ဘီအိုင်အေတပ်မှာသာမကပဲ သာမန်လူထုလက်ထဲမှာလည်း လက်နက်တွေ အများအပြားရှိနေတယ်ဆိုတာ ဗြိတိသျှတပ်တွေ သိနေပါတယ်။ သူတို့တပ်တွေဟာ ဂျပန်ကို တိုက်ရတာထက် အဲဒီလူတွေကို တိုက်ရတာ ပိုခက်မယ်ဆိုတာ သိကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကလည်း ဒီလက်နက်တွေ ရှိနေတယ်ဆိုတာကို အင်္ဂလိပ်အာဏာပိုင်တွေနဲ့ တွေ့တိုင်း သွယ်ဝိုက်သတိပေးနေတာပါ။

ကိုလိုနီသမားတွေ စိုးရိမ်တဲ့ နောက်တချက်က လွတ်လပ်ရေးအတွက် လှုပ်ရှားမှုဟာ မြေအောက်သဏ္ဌာန်အဖြစ်နဲ့ အခိုင်အမာ၊ အနှံ့အပြား ရှိနေတယ်၊ တပ်တွေထဲမှာလည်း ရှိနေတယ်၊ ဒါဟာ နောက်ပိုင်းမှာ ဖဆပလ အဖြစ်နဲ့ တပြည်လုံးကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းကြီးအဖြစ် ပေါ်ထွက်လာတာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတဲ့ အခါမှာ နောက်ဆုံးရလဒ်ကို မမှန်းနိုင်သေးတဲ့ အင်္ဂလိပ်အာဏာပိုင်များအနေနဲ့ ဗမာနိုင်ငံက တောင်းနေတဲ့ လွတ်လပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး မြွေမသေတုတ်မကျိုး အဖြေပေးထားပြီး မျှော်ပြီးစောင့်ကြည့်ချင်တာပါ။ ဗမာပြည်ကို သူတို့ပြန်သိမ်းပြီးရင် သူတို့ထွက်မသွားရခင်က အုပ်ချုပ်မှုပုံစံနဲ့ပဲ ပြန်အုပ်ချုပ်နိုင်မယ်လို့ ထင်နေပါတယ်။ ဒါကြောင့် ဒေါ်မံစမစ်ကိုရော ဦးစောကိုပါ ဒီအတိုင်းပဲ အဖြေပေးထားပါတယ်။ ကိုလိုနီသခင်တွေဟာ စစ်တပ်နဲ့သာ ဆွေးနွေးညှိနှိုင်း လုပ်နေပြီး ဗမာပြည်တွင်း အခြေအနေကို နီးနီးကပ်ကပ်နေပြီး သိနေလို့ ဗမာပြည်သူတွေကို မျှော်လင့်ချက်ကလေး ပေးထားချင်တဲ့ ဒေါ်မံစမစ်ကိုတော့ ဆင်းမလားမှာ မဗေဒါရေခပ်သလို စစ်ပြီးကာလအတွက် စီမံကိန်းတွေ ဆွဲခိုင်းထားလိုက်ပါတယ်။ စီမံကိန်းတွေဆိုတာကလည်း ဗမာပြည်ကို ပြန်သိမ်းပြီးနောက် ဘယ်လိုအုပ်ချုပ်မလဲ ဆိုတာတွေပါ။ စစ်ကြီးဘယ်လိုပြီးဆုံးမလဲ၊ သူတို့အင်ပါယာကြီးဘယ်လိုဖြစ်ဦးမလဲ၊ အင်္ဂလန်ကျွန်း ကိုယ်တိုင်ပဲ ဟစ်တလာ သိမ်းပိုက်တာခံရမလား မသေချာ၊ မရေရာတဲ့ အနေအထားမှာ လန်ဒန်အနေနဲ့ စစ်ကြီးပြီးရင် ဗမာပြည်ကို လွတ်လပ်ရေးပေးပါ့မယ်လို့ ကတိမပေးနိုင်တာဟာ ဆန်းတော့မဆန်းဘူးလို့ ဆိုနိုင်ပါတယ်။

ဘယ်လိုပဲဆိုပစေ အင်္ဂလိပ်တွေဟာ တကယ်တမ်းဗမာပြည်ထဲကို ပြန်ဝင်မယ်ဆိုတော့ ဗမာပြည်ထဲက ဂျပန်ဆန့်ကျင်ရေး အင်အားစုတွေနဲ့ လက်တွဲရပါတယ်။ ဒေါ်မံစမစ်နဲ့ ကောလစ်အဆိုအရ ‘လက်ဝဲအစွန်း’ တွေပေါ့။ ဒါပေမဲ့ သူတို့

ဟာ ဗမာပြည်အရေးကို သခင်သိန်းဖေ၊ သခင်တင်ရွှေတို့လို သူတို့အနား၊ အိန္ဒိယမှာ ရှိတဲ့ဂျပန်ဆန့်ကျင်ရေးသမားတွေနဲ့ မတိုင်ပင်ပါဘူး။ ဆာပေါ်ထွန်းလို တို့ဗမာအစည်းအရုံး ဆန့်ကျင်ရေးသမား ဗြိတိသျှအလိုတော်ရိတွေနဲ့ပဲ တိုင်ပင်ပါတယ်။ ဆာပေါ်ထွန်းလိုလူက ပြည်ချစ်အင်အားစုတွေကို သူခိုးဂျပိုးလောက်ပြောချင်တာပါ။ ဒါပေမဲ့ တချိန်တည်းမှာပဲ ‘လက်ဝဲအစွန်း’ တွေဟာ အင်္ဂလိပ်အုပ်စိုးမှုအတွက် အဓိကဆူးငြောင့်ခလုတ်လို့လည်း အမြဲထောက်ပြနေခဲ့ပါတယ်။ တကယ်က အင်္ဂလိပ်နဲ့အတူပြည်သူတွေကိုပစ်ပြီး နိုင်ငံခြားကို ထွက်ပြေးသွားတဲ့ အလိုတော်ရိတွေဟာ သူတို့ပြန်ဝင်ရင် ရင်ဆိုင်ရမယ်လို့ တွက်ထားတဲ့ ဆူးငြောင့်ခလုတ်တွေကို အင်္ဂလိပ်လက်နဲ့ ပြာပူယက်ချင်တာပါ။

လန်ဒန်ဟာ ဒေါ်မံစမစ်ကိုပဲ ဘုရင်ခံပြန်လုပ်ခိုင်းပြီး လွတ်လပ်ရေးရလိုစိတ် ပြင်းပြနေတဲ့ပြည်သူတွေကို စက္ကူဖြူစီမံကိန်းနဲ့ ဝမ်းချစေပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှု အပြည့်ရှိနေတဲ့ ဗမာပြည်သူတွေဟာ လုံးဝလွတ်လပ်ရေးကနေ တပြားမှ မလျှော့တော့ပါဘူး။ လက်နက်လည်း လက်ထဲမှာ ရှိနေပြီ၊ စစ်လည်း တိုက်တတ်နေပြီ မဟုတ်လား။ ကမ္ဘာစစ်ကြီးအတွင်း ဒုက္ခမျိုးစုံ ခံစားပြီးမှတော့ နောက်ထပ်အင်္ဂလိပ်ကို တိုက်ရရင်လည်း တိုက်မယ်လို့ ပိုင်းဖြတ်ထားကြပါပြီ။ ကိုလိုနီအာဏာပိုင်တွေအထဲမှာ ဒီပိုင်းဖြတ်ချက်ကို အစောဆုံးသတိပြုမိသူဟာ အထက်က ညွှန်ကြားချက်အရ သခင်အောင်ဆန်း၊ သခင်သန်းထွန်းတို့နဲ့ မကြာ ခဏတွေ့ဆုံနေတဲ့ ဒေါ်မံစမစ်ပါပဲ။ အင်္ဂလိပ်ဟာ နောက်ဆုံးမှာ ဗမာပြည်ကို လွတ်လပ်ရေးရပြီးနောက် ဗြိတိသျှ ဓနသဟာယထဲနေဖို့ ဈေးဆစ်ပါသေးတယ်။ ဒါပေမဲ့ သခင်အောင်ဆန်းကတော့ မရရေးချ၊ မရပါပဲ။ ဒ့ါအပြင် လက်နက်တွေ ရှိနေတယ်ဆိုတာကိုလည်း သွယ်ဝိုက်ဝန်ခံပြနေပါတယ်။ မောရစ်ကောလစ်ရေးတဲ့ အတိုင်းပါပဲ။ အင်္ဂလိပ်ကို အရေးဆိုတာမှာ ‘အကြမ်းမဖက်ရေး’ ချည်း မဟုတ်ပါဘူး။ လက်နက်အားပြတာလည်း ပါတယ်လို့ အတိအကျပြောလို့ ရပါတယ်။

နောက်ပိုင်းမှာ အခြေအနေတွေက ဘယ်အထိ ဖြစ်လာသလဲဆိုရင် ထန်းတပင်လူထုတိုက်ပွဲမှာ ပုလိပ်ကပစ်လို့ လယ်သမား ၃ ယောက်သေတော့ ဘုရင်ခံက သခင်အောင်ဆန်းကိုခေါ်ပြီး *“ဒီတိုက်ပွဲက စပြီး လွတ်လပ်ရေးအတွက် လူထုအုံကြွမှုကြီး စီစဉ်ထားတာလား၊ ဒီအချိန်မှာလူထုကို ဒီလိုမလှုံ့ဆော်ပါနဲ့ဦး”* ဆိုပြီး တောင်းပန်ဖျောင်းဖျတဲ့အကြောင်း စာအုပ်ရဲ့ စာမျက်နှာ ၂၄၄ – ၅ မှာ ပါ ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒေါ်မံစမစ်ရှေ့မှာ လျှော့လျှော့ပေါ့ပေါ့ လှုံ့ဆော်ပ့ါမယ်လို့ ပြောသွားပေမယ့် လက်တွေ့ကျတော့ အပြတ်လှုံ့ဆော်တာပါပဲ၊ ဒါပေမဲ့ တဖက်မှာလည်း ဘာမှမဖြစ်အောင် ထိန်းသွားတယ်လို့ စာအုပ်မှာ ဆက်ရေးထားပါတယ်။

တဖက်မှာတော့ အင်္ဂလိပ်ဟာ နိုင်ငံရေးအရလည်း သခင်အောင်ဆန်းရဲ့ ဩဇာကိုယှဉ်ဖို့ စင်ပြိုင်ထောင်ဖို့ ကြိုးစားပါသေးတယ်။ အဲဒါကတော့ ကြားအင်အားစု တရပ် ထူထောင်ပေးဖို့ ဖြစ်ပါတယ် (ဒီနေ့ နအဖ ကလည်း အလားတူပဲ ကြားအင်အားစုထောင်ပေးဖို့ လုံးပန်းနေတာနဲ့ ယှဉ်ပြီး စဉ်းစားသင့်ပါတယ်)။ အတိုင်ပင်ခံကောင်စီဆိုတာဖွဲ့ပြီး ဖဆပလ ရဲ့ အင်အားကို ထိန်းထားတဲ့နည်းပါ။ သူတို့ အားကိုးတာက သခင်တွေနဲ့တသားတည်း မဟုတ်တဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေ ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီအထဲကို နောက်ထပ် လုပ်နိုင်ကိုင်နိုင်သူတွေ ဖြည့်ပေးဖို့စဉ်းစားထားပါတယ်။ မောရစ်ကောလစ် ကိုးကားတဲ့ ဒေါ်မံစမစ်ရဲ့ စကားအတိုင်းဆိုရင်– *“ဥပမာဆိုလျှင် မိမိသည် ဦးစောအား ပြန်ခေါ်နိုင်ပေမည်။ အောင်ဆန်း၏ တောင်းဆိုချက်များကို ‘တက်(စ်)’ **TEST** လုပ်ရန်လူမှာ ဦးစောပင်လျှင် ဖြစ်ပေလိမ့်မည်။”*

ဒီလိုနဲ့ ယူဂန်ဒါမှာ ပြည်နှင်ဒဏ်ထိနေတဲ့ ဦးစောတယောက် ဗမာပြည်ထဲကို ပြန်ရောက်လာပါတာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကို ရင်ဆိုင်ဖို့ အင်္ဂလိပ်က ပြန်ခေါ်လို့ ရောက်လာတဲ့ ဦးစောကလည်း *“မိမိ၏ မျိုးချစ်ပါတီကို ပေါ်ထွန်း၏ပါတီနှင့် ညီညွတ်ရေးလုပ်ပါမည်”* လို့ ပြောပါတယ်။ ဒီလိုအနေအထားမှာ သူတို့တတွေ ဒီလိုအားတက်စေတဲ့ အချက်တချက်ကတော့ ဖဆပလ ထဲကနေ ကွန်မြူနစ်ကို ထုတ်ပစ်လိုက်တာပါပဲ။ ဒါကို မောရစ်ကောလစ်က – *“‘ဖဆပလ ၏ ‘ဦးနှောက်’ ဟု အသိအမှတ်ပြုခံရသူသန်းထွန်းသည် ဖဆပလ မှ ခွဲထွက်သွားလေသည်။”* လို့ ရေးထားပါတယ်။

စဉ်းစားစရာ ကောင်းတာက ဒေါ်မံစမစ်ဆီကို သခင်အောင်ဆန်းသွားပြီး ညည်းတွားတဲ့ စကားတွေပါပဲ။ ဒါကို မောရစ်ကောလစ်က *“သူ့တွင်တိုင်ပင်ဖော် တိုင်ပင်ဘက်မရှိဘဲ တကိုယ်တည်း*

**အင်္ဂလိပ်ကို အရေးဆိုတာမှာ ‘အကြမ်းမဖက်ရေး’ ချည်း မဟုတ်ပါဘူး**

**ပိုမိုတုန်လှုပ်သွားစေတဲ့ ခြေလှမ်းကတော့ အစိုးရယန္တရားကြီးကို သွက်ချာပါဒလိုက်သွားစေတဲ့ အထွေထွေသပိတ်ကြီးပါပဲ**

*သာ ရှိနေရကြောင်း”* ပြောတယ်လို့ ရေးထားပါတယ်။ ဒီထက် ပိုပြီးစဥ်းစားစရာကောင်းတဲ့စကားတွေလည်း ဒီနေရာမှာ တဆက်တည်း ဖော်ပြထားပါတယ်။ အဲဒါကတော့ သခင်အောင်ဆန်းက ဒေါ်မံစမစ်ကို ပြောတယ်ဆိုတဲ့ “*အမျိုးသား အာဇာနည် ခေါင်းဆောင်တွေဟာ ဘယ်လောက်ကြာကြာခံသလဲ၊ ဒီတိုင်းပြည်မှာတော့ သိပ်မခံပါဘူး။ သူတို့မှာ ရန်သူတွေ သိပ်များလှတာကလား၊ အလွန်ဆုံးခံလှရင် ၃ နှစ်ပါပဲ၊ ကျုပ်အတွက်ဆိုရင် နောက်ဆက်အသက်ရှင်လှ တနှစ်ခွဲပေ့ါ*”ဆိုတဲ့ စကားတွေပါပဲ။ ဒီစာအုပ်အရဆိုရင် ဒီစကားတွေကို သူက ၄၆ ခုနှစ်ထဲမှာ ပြောခဲ့တာပါ။

စစ်ကြီးနဲ့တောင် ကိုလိုနီတခုမှ လက်မလွှတ်ခဲ့ရတဲ့ အင်္ဂလိပ်ဟာ အခုကျမှ ကိုလိုနီတွေကို လက်လွှတ်ရဖို့ဆိုတာဟာ မဖြစ်နိုင်လောက်အောင်မို့ နည်းနာမျိုးစုံကို အသုံးပြုဖို့ ကြိုးစားပါတယ်။ တခုကတော့ သခင်အောင်ဆန်းကိုအမှုဆင်ပြီး ဖမ်းဖို့ ကြိုးစားတာပါ။ ဒါပေမဲ့ ဒီစီမံကိန်းကို အဲဒီတုန်းက ပုလိပ်မင်းကြီး ချက်ဘဲလ်ကိုယ်တိုင်က “*အကယ်၍ အောင်ဆန်းအား ဖမ်းလိုက်ပါလျှင် တိုင်းပြည်၌ ပုန်ကန်ထကြွမှု ဖြစ်လိမ့်မည် ထင်ကြောင်း*” တင်ပြခဲ့ပါတယ်။ အဲဒီတုန်းက ဗမာပြည် အတွင်းရှိ ဗြိတိသျှတပ်တွေကို ကိုင်နေတဲ့ ဂျင်နရယ်ဘရစ် (ဂ်စ်) နဲ့ သူ့ရဲ့အရာရှိကြီးတွေကလည်း “*အောင်ဆန်းအား ဖမ်းလိုက်ပါလျှင် ဗမာ့တပ်မတော် အတွင်း၌ ပုန်ကန်ထကြွမှုများ ဖြစ်ပေါ်လာစရာ ရှိသည်*” လို့ ဆိုကြပါတယ်။ စီအိုင်ဒီ ထောက်လှမ်းရေးအဖွဲ့ရဲ့အကြီးအကဲ အော ကလည်း “*တိုင်းပြည်တွင် ဆူပူမှုမှုချဖြစ်လာမည်*” လို့ ထောက်ခံပါတယ်။ အဲဒါတွေထက် တိကျတာတခုက ဗိုက်စ်ဆိုသူ ပြောတာပါ။ သူက “*အောင်ဆန်းအား ဖမ်းသည်ဖြစ်စေ၊ မဖမ်းသည်ဖြစ်စေ ပုန်ကန်ထကြွမှုကတော့ ဖြစ်ရမည်*”လို့ အတိအကျ ဟောကိန်း ထုတ်လိုက်ပါတယ်။ အိန္ဒိယရှိ ဗြိတိသျှသေနာပတိကတော့ “မြန်မာပြည်တွင် သူပုန်ထပါက အိန္ဒိယစစ်တပ်များကို အသုံးပြုမည်မဟုတ်” လို့ အတိအကျ ပြောလိုက်ပါတယ်။

ဒါတွေကြောင့်လည်းပဲ သခင်အောင်ဆန်းကို ဖမ်းယူရေးအတွက် လန်ဒန်ဟာ ကြေးနန်းရိုက်ပြီး ဝရမ်းထုတ်ဖမ်းခိုင်းလိုက်ပြီးမှ သွားအကောင်အထည်ဖော်တဲ့လူကို နောက်ကပြန်လိုက်ခေါ်ယူရအောင် အမိန့်ကို ပြန်ရုပ်သိမ်းတဲ့ ကြေးနန်း ချက်ချင်းပြန်ရိုက်ရတဲ့ အခြေအထိ ပုံပျက်ပန်းပျက်ဖြစ်ကုန်ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို လူသတ်မှုနဲ့ စွဲချက်တင်ဖို့မှာ သူတို့လက်ထဲမှာ ရှိနေတဲ့ အဓိကသက်သေ (ဖော်ကောင်) သခင်ထွန်းအုပ်နဲ့ပတ်သက်လို့ မောရစ်ကောလစ်က ဒီလိုရေးထားတာပါ။ “ထွန်းအုပ် ကိုယ်တိုင်ကလည်း သိပ်ယုံကြည်ရသူ မဟုတ်”တဲ့။

အဲဒီလိုအခြေအနေမှာ နယ်ချဲ့သမားတွေကို နောက်တဆင့် ပိုမိုတုန်လှုပ်သွားစေတဲ့ ခြေလှမ်းကတော့ အစိုးရယန္တရားကြီးကို သွက်ချာပါဒလိုက်သွားစေတဲ့ အထွေထွေသပိတ်ကြီးပါပဲ။ ဒါနဲ့ပတ်သက်လို့ ဒီစာအုပ်ထဲမှာ – “*ကြီးကျယ်သော သပိတ်မှောက်ခြင်းပင် ဖြစ်လေသည်။ . . . . . . . . . . ၎င်း၏ဩဇာအရှိန်မှာလည်း အစိုးရဌာနများနှင့် ပုလိပ်အမှုထမ်းများထဲသို့ ထိုးဖောက် ပျံ့နှံ့လာလေသည်။ ၎င်းအားထောက်ခံသူများသည် တိုင်းပြည်အတွင်း၌ ရှိနေသည်သာမက ဗြိတိသျှပါလီမန်လွှတ်တော်အတွင်းမှာပင် ရှိလာကြလေသည်။ ၎င်းတို့သည် လွှတ်တော်တွင်ထ၍ လေဘာအစိုးရအား မြန်မာပြည်ပေါ်လစီပြောင်းလဲပြင်ဆင်ရန် တိုက်တွန်းနှိုးဆော်ခဲ့ကြလေသည်။*” လို့ ပါပါတယ်။ နောက်ပြီး စာမျက်နှာ ၂၅၇ မှာတော့ “*ဗြိတိသျှအစိုးရအဖွဲ့မှာ အောင်ဆန်းတောင်းသောဈေးကို လိုက်လျောတော့မည် ဆိုသည်ကို နားလည်စ ပြုနေပြီဖြစ်သည်။ ဤသို့ဗြိတိသျှအစိုးရ ယုံကြည်လာစေရန် အထောက်အပံ့ပြုခဲ့သည့် အကြောင်းအချက်များအထဲတွင် နိုက်က ယာယီဘုရင်ခံအဖြစ်စတင်ဆောင်ရွက်ပြီး တလအကြာ၌ ဖြစ်ပေါ်ခဲ့သော အထွေထွေသပိတ်ကြီးသည်လည်း အပါအဝင်ဖြစ်ခဲ့လေသည်။ ထိုသပိတ်ကြီးတွင် အလုပ်သမားများသာမက ပုလိပ်များပင်မကျန် အစိုးရအမှုထမ်းများပါ ပါဝင်ခဲ့ပေရာ အုပ်ချုပ်ရေးယန္တရားကြီး တခုလုံးမှာရပ်စဲသွားခဲ့ရလေတော့သည်။*” လို့ ရေးထားပါတယ်။

ဒီလို ရှေ့မီးနောက်မီး ဝိုင်းနေချိန်မှာ ဒေါ်မံစမစ်က “မြန်မာအမျိုးသားကြားဖြတ်အစိုးရဖွဲ့ပြီး လုံးဝအာဏာလွှဲအပ်ပေးမှသာလျှင် ပြဿနာပြေလည်မည် ဖြစ်သည်။” လို့ အားလျော့စွာနဲ့ ဂိုက်ဟောလ် (လန်ဒန်ရှိအစိုးရရုံးများစုဝေးရာ ရပ်ကွက်) ကို စောစောကပဲ အစီရင်ခံပြီး ဖြစ်ပါတယ်။

ဗမာပြည် ပြည်သူတွေက ဒီသပိတ်ကြီးနဲ့ အင်အားပြပြီးနောက် တနှစ်မရှိခင်မှာပဲ လွတ်လပ်ရေးရခဲ့ကြပါတယ်။

# ကားလ်မာ့က်စ်ရဲ့ကဗျာ
# တစေ့တစောင်း


၁၈၃၉ ခုနှစ်က မာ့က်စ်

ကွန်မြူနစ်ဝါဒကို မျိုးစေ့ချသူတဦးဖြစ်တဲ့ ကားလ်မာ့က်စ် ငယ်ရွယ်စဉ်မှာ ဘယ်လိုစဉ်းစားနည်းတွေ ရှိခဲ့သလဲ။ ၂၀ ရာစု နှစ်ရဲ့ ဩဇာအကြီးမားဆုံး အဘိဓမ္မာပညာရှင်ကြီးရဲ့ ဆယ်ကျော်သက်အရွယ် ခေါင်းထဲမှာ ဘာတွေရှိသလဲ။ ဒါတွေကို သိချင်ရင် အဲဒီအရွယ်တွေတုန်းက သူရေးတဲ့ ကဗျာတွေထဲမှာ တွေ့နိုင်တယ်လို့ဆိုရင် မမှားပါဘူး။ ၁၈၁၈ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ကားလ်မာ့က်စ်တယောက် ဆယ်ကျော်သက်အရွယ်မှာ ရေးသားထားတဲ့ ကဗျာပေါင်း မြောက်မြားစွာကို သူကွယ်လွန်ပြီးနောက်မှာ သူ့ရဲ့သမီး လော်ရာလာဖာ့ဂ် (Laura Lafargue) နဲ့ သူ့အကြောင်း ရေးသားပြုစုသူ ဖရန့်ဇ်မေးရင်း (Franz Mehring) တို့က သူချန်ထားခဲ့တဲ့ရေးသားချက် တပုံတခေါင်းကြီးကို လှန်လှောရှာဖွေကြရင်း တွေ့မိကြပါတယ်။

ကဗျာတွေဟာ ၁၈၃၆ ဆောင်းဦးနဲ့ ၁၈၃၆ –၃၇ ဆောင်းတွင်းတို့မှာ ရေးထားတာတွေ ဖြစ်ပါတယ်။ တနှစ်မရှိတဲ့ကာလအတွင်း ရေးခဲ့တာတွေလို့ ဆိုနိုင်ပါတယ်။ ၁၈၁၈ ခုမှာ မွေးခဲ့တာဆိုတော့ အဲဒီတုန်းက မာ့က်စ်ရဲ့အသက်ဟာ ၁၈ နှစ်ပဲ ရှိသေးတာပါ။ သူဟာ အဲဒီအလျင် တနှစ်ကမှ ဘွန်းတက္ကသိုလ်မှာ ဥပဒေတက်ဖို့ ရောက် လာပါတယ်။ (နောက်ကျမှ မာ့က်စ်ရဲ့အဖေက သူ့ကိုပိုကောင်းတဲ့ ဘာလင်တက္ကသိုလ်ကို ပို့ပြီး ပညာသင်စေခဲ့ပါတယ်။) သူ ကဗျာ ရေးတယ်ဆိုတာကို အလွယ်တကူ၊ ပေါ့ပေါ့ရေးတာလို့ မမှတ်လိုက်ပါနဲ့။ စာအုပ်သုံးအုပ်စာ ရေးခဲ့တာပါ။ ရေးတဲ့ကဗျာတွေကလည်း အဲဒီခေတ်က ဂန္ထဝင်ဟန်တွေလို့ ဆိုရမယ့် ဘဲလက်ဒ်(ballad)၊ ဆောန်နက် (sonnet) စတဲ့ပုံစံတွေနဲ့ ဖြစ်ပါတယ်။ မာ့က်စ်က သူ့ရဲ့ယောက္ခမလောင်း လုဒ်ဝစ်ဂ်ဝက်စ်ဖယ်လင် (Ludwig von Westphalen) ဆီကို မကြာခဏသွားပြီး အဘိဓမ္မာဆွေးနွေးတဲ့အခါမှာ အဲဒီလူကြီးက ဟိုးမား (Homer)နဲ့ ရှိတ်စပီးယား (Shakespeare) တို့ရဲ့ ကဗျာတွေကို မူရင်းအတိုင်း အရှည်ကြီး ရွတ်ပြလေ့ ရှိပါတယ်။ စာဖတ် အင်မတန်ဝါသနာပါတဲ့ လူငယ်လေး မာ့က်စ်ဟာ အဲဒီခေတ် ဂျာမဏီနိုင်ငံမှာ ပွဲလယ်တင့်နေတဲ့ ကဗျာဆိုတဲ့အရာနဲ့ အဲဒီလို ရေစက်ဆုံမိကြတာ ဖြစ်ပါတယ်။ သူ့သမီး အီလီယော်နာကတော့ သူ့အဖေဟာ သူမတူအောင် ပုံပြောကောင်းသူ တယောက် ဖြစ်တယ်လို့ သူတို့ငယ်ငယ်က ဘဝတွေကို ပြောရင်း ပြောပြဖူးပါတယ်။ ဒါကြောင့်ပဲ ထင်ပါတယ်၊ မာ့က်စ်ရေးတဲ့ ကဗျာတွေထဲမှာ ပုံပြင်သဖွယ်ရေးတဲ့ ဘဲလက်ဒ်တွေ တွေ့ရတာပါပဲ။ သူတက္ကသိုလ်ကိုရောက်တဲ့ ပထမနှစ်မှာပဲ ဘွန်းမြို့က ကဗျာဆရာကလပ်မှာ ပါဝင်ခဲ့တယ်လို့ မှတ်တမ်းတချို့မှာ တွေ့ရပါတယ်။

မာ့က်စ်ရဲ့ပြဇာတ်နဲ့ ကဗျာတွေကို ၁၉၂၀ ခုနှစ်များအတွင်းကျမှ ပြန်ရှာတွေ့ကြတာ ဖြစ်ပါတယ်။ ဒီအလျင်ကတော့ ၂



ဂျင်နီမာ့က်စ်

ပုဒ် လောက်ပဲ တွေ့ထားကြတာပါ။ ဒီလိုနဲ့ ၁၉၂၉ ခုနှစ်မှာ အပုဒ်ပေါင်း ၆၀ ကိုစုပြီး စာအုပ်ထုတ်ခဲ့ပါတယ်။

လော်ရာလာဖာဂ်က သူတို့တွေ့ရှိတဲ့ သုံးတွဲထဲက နှစ်တွဲကို "အချစ်အကြောင်း – ၁", "အချစ် အကြောင်း – ၂" လို့ နာမည်ပေးထားပြီး ကျန်တဲ့အတွဲကိုတော့ "သီချင်းများ"ဆိုတဲ့ နာမည်တွေ ပေးထားတယ်လို့ ဆိုပါတယ်။ အဲဒီအထဲက အထူဆုံး အတွဲကတော့ သူ့ချစ်သူဂျင်နီအတွက် ရေးတဲ့ကဗျာတွေပါပဲ။ မာ့က်စ်ဟာ သူနဲ့တတန်းတည်းတက်၊ တခုံတည်းထိုင်တဲ့ သူနဲ့အင်မတန် ခင်တဲ့သူငယ်ချင်း အက်ဂါရဲ့အစ်မဖြစ်သူ ဂျင်နီဗွန်ဝက်စ်ဖယ်လင်ကို သိပ်ပြီးချစ်ခင် စွဲလန်းတာပါ။ သူတို့သုံးယောက်စလုံးဟာ ငယ်သူငယ်ချင်းတွေလို့ ပြောရင်လည်း ရနိုင်ပါတယ်။ မာ့က်စ်ရဲ့ပထမဆုံးနဲ့ တသက်ပတ်လုံးချစ်သူဖြစ်တဲ့ ဂျင်နီဟာ ကားလ်ထက် လေးနှစ်ကြီးပါတယ်။ မာ့က်စ်ရေးခဲ့တဲ့ "ဂျင်နီသို့"ဆိုတဲ့ကဗျာရဲ့ အဆုံးမှာမာ့က်စ်က အခုလို ရေးထားပါတယ်။

"လာမယ့်ရာစုနှစ်ပေါင်းများစွာဝယ်၊ ဒီလိုတွေ့ကြပေလိမ့်မယ်။ For the coming centuries to see
အချစ်ဆိုတာ ဂျင်နီ၊ ဂျင်နီဆိုတာ အချစ်ရဲ့အမည်။" FOR LOVE IS JENNY. JENNY IS LOVE'S NAME

သူကဒုတိယစာကြောင်းကို စာလုံးအကြီးတွေနဲ့တမင်ရေးပြီး အလေးထားဖော်ပြခဲ့ပါတယ်။

သူကဗျာရေးဖြစ်တာရဲ့ အဓိကအကြောင်းရင်းတွေထဲမှာ ဂျင်နီကိုကြိုက်မိတာဟာလည်း တချက်ဖြစ်ပါတယ်။

သူ့ရဲ့ ဂျင်နီသို့ ဆိုတဲ့ကဗျာတွေထဲက တပုဒ်မှာတော့ ဒီလိုရေးထားပါတယ်။

ဂျင်နီ၊ မင်းကငါ့ကိုစ'တဲ့အနေနဲ့ မေးကောင်းမေးမယ် "Jenny! Teasingly you may inquire
ငါ့သီချင်းတွေကိုဘာလို့"ဂျင်နီသို့"လို့ လိပ်မူသလဲလို့ Why my songs "To Jenny" I address,
မင်းတယောက်ထဲအတွက်သာ ငါ့နှလုံးခုန်ချက်ပိုမြန်တာ When for you alone my pulse beats higher,
မင်းတယောက်အတွက်ပဲ ငါ့သီချင်းတွေမှာ ဆွေးသံပါတာ When my songs for you alone despair"

မာ့က်စ်လည်း ငယ်စဉ်ကသူလိုကိုယ်လိုမေတ္တာမောင်ရုံတောကို ဖြတ်သန်းခဲ့ရပြီး၊ သူလိုကိုယ်လိုပဲ ချစ်သူတွေရဲ့စိတ်ကူးတွေ၊ ခံစားမှုတွေရှိခဲ့ကြောင်း သူ့ကဗျာတွေက ဖော်ပြနေပါတယ်။ " ဂျင်နီသို့"ဆိုတဲ့ထဲကပဲ တပုဒ်မှာဆိုရင်သူက –

"ငါဟာစာအုပ်တထောင်မှာ ဂျင်နီဆိုတဲ့စာလုံးတွေနဲ့ချည်း "See! I could a thousand volumes fill,
ပြည့်အောင်ရေးနိုင်တယ်ဆိုတာ တွေ့လား။" Writing only "Jenny" in each line"
လို့ ရေးထားပါတယ်။

ဒါပေမဲ့ မာ့က်စ်ဟာ အချစ်ကဗျာတွေကိုချည်း ရေးခဲ့တာ မဟုတ်ပါဘူး။ သူငယ်ငယ်တုန်းက သူ့ကိုယ်သူအတွက် ထုတ်ထားတဲ့ ကြွေးကြော်သံကိုက "ငါ့ဘဝမှာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေပါစေ" လို့ ဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ဘဝတိုက်ပွဲတွေနဲ့ ပတ်သက်တဲ့ ကဗျာတွေလည်း တော်တော်များများရေးခဲ့ပါတယ်။ ဒီဆယ်ကျော်သက်လူငယ်ရဲ့ ဘဝအမြင်တွေနဲ့ပတ်သက်ပြီး အမျိုးမျိုးသုံးသပ်၊ ဆွေးနွေးမှုတွေရှိကြပေမယ့် အားလုံးမှာတူညီတာတခုကတော့ သူ့ရင်ထဲမှာ မကျေနပ်မှုတွေအပြည့်ရှိတယ်၊ ပုန်ကန်ထကြွလိုစိတ်တွေ အမြဲကိန်းအောင်းနေတယ် ဆိုတာပါပဲ။

အဲဒီအထဲက"ငါ့ကမ္ဘာ"ဆိုတဲ့ကဗျာမှာသူက –

"ကြယ်များဖြာလွှတ်သော အလင်းရောင်အားလုံးနှင့် "Drank I all the stars' radiance,
နေမှဖြာထွက်သော ရောင်ခြည်အားလုံးကို မှီဝဲတာတောင်မှ All the light by sun's o'erspilled

| | |
|---|---|
| ငါ့နာကျင်မှုတွေအတွက် ကျေအောင်မပေးဆပ်နိုင်သလို | Still my pains would want for recompense |
| ငါ့မျှော်မှန်းချက်တွေလည်းအကောင်အထည်မပေါ်သေးဘူး။” | And my dreams be unfulfilled” |

လို့ ရေးပါတယ်။

“ပြောင်းလဲခြင်း”ဆိုတဲ့ သူ့ကဗျာတပုဒ်မှာတော့ သူက အောက်ပါအတိုင်းရေးထားပါတယ်။

| | |
|---|---|
| “ငါဟာတွေးခေါ်မှုရဲ့အတောင်ပံများပေါ်စီးရင်း | “I clung to Thought high-soaring, |
| အမြင့်မှာဝဲပျံတယ် | On its two wings did ride, |
| မုန်တိုင်းတွေအော်မြည်တိုက်ခိုက်နေပေမယ့် | And though storm winds were roaring, |
| အန္တရာယ်မှန်သမျှကို ငါအန်တု | All danger I defied. |
| ငါမတုံ့ဆိုင်းဘဲ | I did not falter there, |
| အတိုင်းအဆမရှိတဲ့ခရီးစဉ်ကြီးကို | But ever on did press |
| လင်းယုန်ရိုင်းရဲ့စိုက်ကြည့်မှုမျိုးနဲ့ကြည့်ပြီး | With the wild eagle's stare |
| ရှေ့ကိုသာဆက်တက်တယ်။” | On journeys limitless.” |

အဲဒီကဗျာရဲ့ နောက်ဆုံးနားမှာတော့ သူက ဒီလိုလှုံ့ဆော်ထားပါတယ်။

| | |
|---|---|
| “ဒါကြောင့်မို့ ဘာမှမလုပ်၊ စိတ်မပါဘဲ | “Therefore let us risk our all, |
| ငူငူငိုင်ငိုင်၊ ထိုင်းထိုင်းမှိုင်းမှိုင်းမဟုတ်ဘဲ | Never resting, never tiring; |
| မနားတမ်း၊ မမောတမ်း | Not in silence dismal, dull, |
| ငါတို့ရှိသမျှကို ပုံအောကြပါစို့” | Without action or desiring;” |

မာ့က်စ်ဘဝကို သုတေသနပြုသူတဦးဖြစ်တဲ့ဝါနာဘလွမ်းဘာ့ဂ် (Werner Blumenberg) က မာ့က်စ်ရဲ့စိတ်ဟာ သူ တက္ကသိုလ်တက်နေတဲ့ ကာလတလျှောက် အဘိဓမ္မာနဲ့ကဗျာအကြား ကူးချည်သန်းချည်သွားနေတယ်လို့ ရေးထားပါတယ်။ သူသာ အဘိဓမ္မာနဲ့ နိုင်ငံရေးလိုင်းကို မလိုက်ဘဲ ကဗျာကိုဖိရေးရင် ကဗျာဆရာကျော်တယောက်ဖြစ်မယ်လို့ တွက်ကြသူတွေလည်း မနည်းပါဘူး။

မာ့က်စ်ဟာ သူ့ကဗျာစာအုပ်တအုပ်ကို “အဖေသို့” ဆိုပြီး ညွှန်းခဲ့ပါတယ်။ သူ့အဖေဟာသူ့အပေါ်အင်မတန်မှ ကောင်းခဲ့တာပါ။ မကြောင့်မကြ၊ မပူမပင် ပညာသင်နိုင်အောင်လည်း ထောက်ပံ့ခဲ့သူဖြစ်ပါတယ်။ ဒါပေမဲ့ မာ့က်စ်ဟာ အိမ်ကိုပြန်လှည့်မကြည့်နိုင်ဘဲ နိုင်ငံတကာမှာ ဝရမ်းပြေးကြီးလုပ်၊ လန်ဒန်စာကြည့်တိုက်မှာ မနက် ၁၀ နာရီကနေ ည ၁၁ နာရီအထိ စာဖတ်လုပ်နေတော့ အိမ်အပေါ် စိမ်းကားတယ်လို့ လူတချို့က ဆိုချင်ပါတယ်။ ဒါပေမဲ့ မာ့က်စ်ကွယ်လွန်တဲ့အခါကျတော့ သူ့အင်္ကျီရင်ဘတ်က အိတ်ထဲမှာ သူ့အဖေ ဓာတ်ပုံကို တွေ့ကြရလို့ သူ့ကိုမြှုပ်နှံတဲ့အခါမှာ အဲဒီဓာတ်ပုံကို သူ့ခေါင်းထဲမှာ ထည့်ပေးလိုက်ပါတယ်။

မာ့က်စ်ဟာ သူငယ်ငယ်၊ နုစဉ်က ရေးခဲ့တဲ့ကဗျာတွေရဲ့အရည်အချင်းကို ဝေဖန်ရေးမျက်စိနဲ့ပဲ ပြန်ကြည့်ပါတယ်။ ဒါပေမဲ့ သူက အဲဒီ ကဗျာတွေကို သူ့အနေနဲ့ရိုးရိုးသားသား၊ ထက်သန်စိတ်နဲ့ ရေးခဲ့တာပါလို့လည်း ပြောပါတယ်။ ဒီလိုနဲ့ မာ့က်စ် အသက်ကြီးလာတဲ့ အခါကျတော့ သူရောသူ့ဇနီးဂျင်နီဟာ အဲဒီကဗျာတွေကို ပေါ့ပေါ့ပဲသဘောထားလိုက်ကြတယ်လို့ သူ့သမီးလော်ရာက ရေးသားခဲ့ပါတယ်။

သတင်းနဲ့မှတ်ချက်

## ဒိုဟာ Doha အကျော့ WTO ဆွေးနွေးပွဲ ရပ်လိုက်ရခြင်း

ဒိုဟာအကျော့ ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်က ကြီးပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးမှာ ရှိနေတဲ့ အတားအဆီးတွေ ကန့်သတ်ချက်တွေကို လျှော့ချပစ်ဖို့၊ လွတ်လပ်စွာ ကုန်သွယ်ရေးလုပ်ပြီး အားလုံးချမ်းသာကြွယ်ဝစေဖို့ဆိုတဲ့ ရည်ရွယ်ချက်ပါ။

အခုတခါ ဆွေးနွေးတာက စိုက်ပျိုးရေးသီးနှံတွေ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေး ဖြစ်တယ်။ အမတော်ကြေးတွေ နင့်နေအောင်ရနေတဲ့ အမေရိကန် စိုက်ပျိုးရေးသမားနဲ့ EU ဥရောပသမဂ္ဂကတောင် မပြိုင်နိုင်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဘရာဇီးလ်၊ တရုတ်၊ တောင်အာဖရိကတို့ကတော့ ပြောမနေနဲ့ ပိုပြီးမပြိုင်နိုင်ပါဘူး။

အဲဒီတော့ အငြင်းပွားကြတယ်။ ဘယ်သူကမှ လျှော့မပေးဘူး။ ဒါကြောင့် ဖြုန်းစားကြီး ရပ်ပစ်လိုက်ရတယ်။ ခါတိုင်းဆိုရင် နောက်တခါ ဘယ်တော့၊ ဘယ်မှာ ဆွေးနွေးမယ်ဆိုတာ ဆုံးဖြတ်ပြီးမှ ရပ်လိုက်ကြတာ ဖြစ်တယ်။

ဒီတခါထူးတာက အမေရိကန်နဲ့ EU ထိပ်တိုက်တွေ့တာပဲ။ အမေရိကန်နဲ့ အိန္ဒိယလည်း ထိပ်တိုက်တွေ့တာပဲ။ အိန္ဒိယကို ရှေ့တန်းတင်ပြီး တရုတ်တို့ ဘရာဇီးလ်တို့ တောင်အာဖရိကတို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမေရိကန်ကို ရင်ဆိုင်ကြတာပါ။

WTO ထဲက အကျပ်အတည်းကလည်း ကမ္ဘာ့စနစ်သစ် NWO လွန်ပွဲကို ထင်ဟပ်နေတာလို့ ပြောရမယ် ထင်ပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ ယဉ်ကျေးမှုချင်း တိုးတိုက်မိကြတာကလည်း အကျပ်အတည်းတွေပါပဲ။ အကျပ်အတည်းတွေ စုမိလာရင် "အထွေထွေ အကျပ်အတည်းကြီး" ဖြစ်လာပြီး စစ်ကြီးဖြစ်တတ်ပါတယ်။

ဒုတိယကမ္ဘာစစ် အပြီးမှာတော့ အင်အားကြီးတွေက နျူးကလီးယားလက်နက် ပိုင်ရှင်တွေချည်း ဖြစ်နေတော့ စစ်တိုက်ပြီး မရှင်းဝံ့ကြပါဘူး။ နိုင်သူမရှိ ရှုံးသူပဲရှိတဲ့ ၂ ဘက်စလုံး ရှုံးကြတာဆိုပြီး စစ်မတိုက်ဝံ့ကြပါဘူး။ ၂ ဘက်စလုံး သေချာပေါက် ပျက်သုဉ်းကြမှာပါ။ ဒါကို MAD လို့ ဝေါဟာရ ထွင်ထားပါတယ်။ Mutual Assured Destruction MAD လို့ ခေါ်ပါတယ်။ သူမသာ ကိုယ်မသာ အားလုံးမသာဖြစ်မှာ သေချာတယ်ဆိုတဲ့ သဘောပါ။

ဒါပေမဲ့ စစ်အေးခေတ်တုန်းက နျူးကလီးယား လက်နက်ပိုင်ရှင် နည်းတယ်။ အခုတော့ များနေတယ်။ ဟိုတုန်းက MAD ဖြစ်မှာ ကြောက်လို့ ထိန်းထိန်းသိမ်းသိမ်း ရှိကြပေမယ့် အခုတော့ ထိန်းရလွယ်မယ် မထင်ဘူး။ စောင့်ကြည့်ကြရမှာပါ။ ။

---

## စစ်အေးလွန်ခေတ်ပျားရည်ဆမ်းချိန် ကုန်ပြီလော

ဒီနှစ် ဖေဖော်ဝါရီလက ဂျာမဏီနိုင်ငံမှာ ကျင်းပတဲ့ မြူးနစ်မြို့လုံခြုံရေးကွန်ဖရင့်မှာ ရုရှားသမ္မတပူတင်က အမေရိကန်နိုင်ငံနဲ့ သူ့ရဲ့ဝင်ရိုးတခု ကမ္ဘာဖြစ်ရေး လုံးပန်းနေမှုကို ပြင်းပြင်းထန်ထန် ထိုးနှက်ဝေဖန်သွားခဲ့တယ်။ ဒီမိန့်ခွန်းကြောင့် အတော်လေး ဂယက်ထသွားခဲ့တယ်။ ဘာကြောင့်လဲဆိုတာ အောက်ပါ ကောက်နုတ်ချက် တချို့ကိုကြည့်ရင် သိလာပါလိမ့်မယ်။

"ဝင်ရိုးတခုကမ္ဘာဆိုတာ ဘာလဲ။ ဒါကို ဘယ်လိုပဲဝေါဟာရလှလှသုံး၊ သူ့အဓိပ္ပာယ်ကတော့ အာဏာရဲ့တခုတည်းသောဗဟို၊ အင်အားရဲ့ တခုတည်းသောဗဟိုနဲ့ တဦးတည်းသော အရှင်သခင်ပဲ ရှိတယ်ဆိုတာပါ။"

"ဒီနေ့ကမ္ဘာမှာ ဝင်ရိုးတခုပုံစံဟာ လက်မခံနိုင်ရုံသာကမ မဖြစ်လည်းမဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်။"

"တဦးတည်းသဘောနဲ့ အမြဲလိုလို

## သတင်းနဲ့မှတ်ချက်

တရားမဝင်လုပ်ဆောင်တာတွေဟာ ဘယ်ပြဿနာကိုမှ မဖြေရှင်းပေးနိုင်တဲ့အပြင် လူသားတွေရဲ့ ကြေကွဲစရာဖြစ်ရပ်သစ်တွေနဲ့ တင်းမာမှုအသစ်တွေကိုတောင် ဖန်တီးပေးနေပါတယ်”

“ဒီကနေ့နိုင်ငံတကာဆက်ဆံရေးမှာ အထိန်းအချုပ်မရှိတဲ့ အလွန်အကျူး အင်အား – စစ်အင်အား – ကို အသုံးပြုနေတာ တွေ့နေရတယ်။ အဲဒီအင်အားသုံးမှုက ကမ္ဘာကြီးကို အသုတရာနက်တဲ့ ထာဝရတိုက်ခိုက်မှု ချောက်ကမ်းပါးကြီးထဲ တွန်းချနေတယ်။”

“အမေရိကန်နိုင်ငံဟာ နေရာတကာမှာ သူ့နိုင်ငံရဲ့နယ်နိမိတ်ဘောင်တွေကို ကျော်ထွက်နေတယ်။ တခြားနိုင်ငံတွေအပေါ်မှာ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေးပေါ်လစီတွေ သူကချမှတ်သတ်မှတ်ပေးနေတာကို တွေ့နေရတယ်။ ဒါကို ဘယ်သူက ကြိုက်ပါ့မလဲ။ ဘယ်သူက ပျော်ရွှင်နေနိုင်ပါ့မလဲ။”

“နေတိုးအဖွဲ့တိုးချဲ့မှုက အပြန်အလှန်ယုံကြည်မှုအဆင့်ကို လျှော့ကျစေဖို့ အပြင်းအထန်ဆွပေးနေတာပဲ ဖြစ်တယ်။ ကျွန်တော်တို့မှာ အခုလို မေးခွန်းတွေမေးဖို့ အခွင့်အရေးရှိတယ်။ ဘယ်သူ့ကို ဦးတည်ချက်ထားပြီး နေတိုးကို တိုးချဲ့နေတာလဲ။ ဝါဆောအဖွဲ့ ဖျက်လိုက်တုန်းက အနောက်အုပ်စုက ပေးခဲ့တဲ့ အာမခံချက်တွေ ဘာဖြစ်ကုန်ပြီလဲ။ ဒီနေ့ အဲဒီကြေညာချက်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဒါတွေကို ဘယ်သူမှ သတိတောင် မရကြတော့ဘူး။ အဲဒီတုန်းက ဘယ်လို ကတိပေးခဲ့သလဲဆိုတာကို ကျွန်တော်ကပဲ ပရိသတ်ကြီးသတိရအောင် ပြန်ပြောပြပါဦးမယ်။ ၁၉၉၀ မေလ ၁၇ ရက်နေ့က ဘရပ်ဆဲလ်မှာ နေတိုးအဖွဲ့ အထွေထွေအတွင်းရေးမှူး မစ္စတာ ဝိုနာ (Mr Woener) ပြောခဲ့တဲ့မိန့်ခွန်းကို ပြန်ကိုးကားပါရစေ။ အဲဒီတုန်းက သူက အခုလိုပြောခဲ့တယ်။

‘ဂျာမဏီနိုင်ငံနယ်နိမိတ်ရဲ့ အပြင်ဘက်မှာ နေတိုးတပ်တွေ ချထားမှာမဟုတ်ဘူး ဆိုတဲ့အချက်က ဆိုဗီယက်ယူနီယံအတွက် ခိုင်မာတဲ့ လုံခြုံရေးအာမခံချက်ကို ပေးပါလိမ့်မယ်’ တဲ့။ အခု အဲဒီအာမခံချက်တွေ ဘယ်ရောက်ကုန်ပြီလဲ”

ရုရှားသမ္မတပူတင်ရဲ့မိန့်ခွန်းထဲက ကောက်နုတ်ချက်တချို့ကို ဖော်ပြပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေလာဗ်ရော့ဗ်ရေးတဲ့ ဆောင်းပါး (Russia Foreign Policy Imperatives) ထဲကလည်း ကောက်နုတ်ပြချင်ပါသေးတယ်။

“အနာဂတ်ကမ္ဘာ့စနစ်အတွက် ကြည်လင်ရှင်းလင်းတဲ့အမြော်အမြင် ကင်းမဲ့နေတာဟာ အဓိကအားဖြင့် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်မှာ ရုရှားနိုင်ငံ အင်အားချည့်နဲ့သွားတာကြောင့် ဖြစ်တယ်။ နောက်ဇာတ်မြစ်တခုကတော့ အနောက်ရဲ့ စစ်အေး ‘နိုင်’ ရောဂါလက္ခဏာပဲ။ ဒါဟာကမ္ဘာကြီးကို အဖြူအမဲနှစ်မျိုးပဲခွဲမြင်တဲ့ အယူအဆကလာတာ ဖြစ်တယ်။ တရားသေဝါဒအဟောင်းကို ပြန်ရှင်သန်စေဖို့နဲ့ နိုင်ငံတကာဆက်ဆံရေးကို စစ်အသွင်ပြန်သွင်းချင်တဲ့ ဆန္ဒတွေကလာတာ ဖြစ်တယ်။”

“အခု ရုရှားရဲ့ ကြံ့ခိုင်တောင့်တင်းလာမှုက အပေါင်းလက္ခဏာဆန်တဲ့ အပြောင်းအလဲတွေအတွက် ခာတ်ကူပစ္စည်းသဖွယ် ဖြစ်လာနေတယ်။ ကမ္ဘာ့လုပ်ငန်းစဉ်တွေ ဖြစ်ထွန်းစေရေးနဲ့ အကောင်အထည်ဖော်ရေးတွေမှာ တခြားနိုင်ငံတွေနဲ့တန်းတူ ရုရှားနိုင်ငံဟာလည်း ပါဝင်ထမ်းဆောင်နိုင်ပြီ ဖြစ်တယ်။ ရုရှားနိုင်ငံမပါဘဲနဲ့ဖြစ်ဖြစ် ရုရှားနိုင်ငံရဲ့အကျိုးစီးပွားတွေကို

## သတင်းနဲ့ မှတ်ချက်

ဆန့်ကျင်ပြီးတော့ပဲဖြစ်ဖြစ်
ဘယ်နိုင်ငံတကာ့ပြဿနာကိုမှ ဖြေရှင်းလို့ရမှာ
မဟုတ်ဘူး။”
ဒါတွေကိုကြည့်ရင် နိုင်ငံတကာရေးရာနဲ့ပတ်သက်တဲ့
ရုရှားနိုင်ငံရဲ့အမြင်တွေကို မှန်းဆနိုင်ပါလိမ့်မယ်။
သမ္မတပူတင်ကတော့ အမေရိကန်ရဲ့
ဝင်ရိုးတခုကမ္ဘာကို ခပ်ပြတ်ပြတ်ပဲ
တိုက်ရိုက်စိန်ခေါ်လိုက်တာ
တွေ့ရပါတယ်။
ဒုတိယအကျော့စစ်အေးတိုက်ပွဲများ
ပြန်လာဦးမလား။ ပထမအကျော့တုန်းက
အမေရိကန်က သူနိုင်လိုက်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့
အနိုင်အရှုံးက ပြတ်တာမဟုတ်ပါဘူး။
ဒီတချီထပ်ဖြစ်ကြရင်
အနိုင်အရှုံးပြတ်အောင်လုပ်ကြမှာလား။ အခုလို
ဒစ်ပလိုမေစီရန်ပွဲ စကားစစ်ထိုးပွဲကနေ
စစ်ထတိုက်တဲ့ရန်ပွဲအထိ တိုးသွားမလား။
စဉ်းစားတွေးပူစရာတွေပါ။ ကျွန်တော်တို့ကတော့
ကမ္ဘာကြီးငြိမ်းချမ်းတာကိုပဲ မြင်ချင်ပါတယ်။

---

### တံတိုင်းတွေ ခေတ်ထလာပြန်ပြီ

၁၉၈၉ ခုနှစ်မှာ ဘာလင်တံတိုင်းကြီး ပြိုသွားတော့
တံတိုင်းတွေ ခေတ်ကုန်သွားပြီလို့ ထင်ခဲ့ရတယ်။
ဒါပေမဲ့ အခုတော့ တံတိုင်းခတ်တာတွေ
ခေတ်ထလာပြန်ပြီ။
အစ္စရေးလ်က အနောက်ဘက်ကမ်းမှာ
တံတိုင်းခတ်တယ်။ အစ္စရေးလ်ကို
အသေခံဗုံးခွဲတိုက်မယ့်လူတွေ အန္တရာယ်က
ကာကွယ်ဖို့လို့ အကြောင်းပြတယ်။
ဘာလင်တံတိုင်းက အရှည် ၉၆ မိုင် (၁၅၅
ကီလိုမီတာ) ရှိတယ်။ အခု အစ္စရေးလ်က
ဆောက်လုပ်နေတဲ့ တံတိုင်းကတော့ ၄၀၃ မိုင် (၆၅၀
ကီလိုမီတာ) လောက် အရှည်ရှိမယ်လို့
ခန့်မှန်းရတယ်။ ဘာလင်တံတိုင်းရဲ့ ပျမ်းမျှအမြင့်က
၁၁.၈ ပေ (၃.၆ မီတာ) ရှိပြီး
အစ္စရေးလ်ရဲ့တံတိုင်းကတော့ အမြင့်ဆုံးနေရာမှာ ၂၅
ပေ (၈ မီတာ) ရှိတယ်တဲ့။
နိမ့်တဲ့နေရာမှာတောင် ၆ မီတာ
ရှိတယ်လို့ ဆိုတယ်။
ဒီလိုတံတိုင်းဆောက်တာကို ကုလသမဂ္ဂ၊
နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နဲ့
အခြားအဖွဲ့ အတော်များများက
ဆန့်ကျင်ရှုတ်ချကြတယ်။
ဒေသခံပါလက်စတိုင်းတွေကတော့
ပြောမနေနဲ့တော့။
အခု
လောလောလတ်လတ်ဆောက်မယ့်
တံတိုင်းကတော့ အီရတ်နိုင်ငံ
ဘဂ္ဂဒက်မှာပါ။ ဦးဆောင်ကြီးရှင်က
အမေရိကန်ပါ။ ဘဂ္ဂဒက်မြို့က
အဒါမီယာဆိုတဲ့
ဆွန်နီမူဆလင်ရပ်ကွက်ကိုပတ်ပြီး
တံတိုင်းဆောက်မှာ ဖြစ်တယ်။
ပတ်ဝန်းကျင်မှာရှိတဲ့
ရှီအာမူဆလင်တွေနဲ့
ဒီလိုတံတိုင်းခတ်ခွဲထားလိုက်ရင်
အပြန်အလှန်တိုက်ကြမှာတွေကို
ထိန်းချုပ်နိုင်မယ်ဆိုပဲ။ ဒါကိုဧပြီလ ၂၃
ရက်နေ့ကတော့ ဒေသခံပြည်သူတွေက
ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြပါတယ်။
အဲဒီနေ့မတိုင်မီတရက်ကတော့
အီဂျစ်ကို အလည်ရောက်နေတဲ့
အီရတ်ဝန်ကြီးချုပ် မာလီကီက
ဒီတံတိုင်းဆောက်မှာကို ရပ်တန့်ဖို့
အမိန့်ပေးလိုက်ပြီလို့ ဆိုပါတယ်။
အီရတ်နိုင်ငံဆိုင်ရာ
အမေရိကန်သံအမတ်
ရိုင်ယန်ခရော့ကာ (Ryan Crocker)
ကတော့ အဲဒီနေ့မှာပဲ
ဒီလိုတံတိုင်းဆောက်တာဟာ
လုံခြုံရေးအရ အဓိပ္ပာယ်ရှိတယ်ဆိုပြီး
ကာကွယ်ပါတယ်။ သူကကော
အမေရိကန်စစ်ဘက်ဆိုင်ရာ
ပြောရေးဆိုခွင့်ရှိသူ
ရေတပ်ဗိုလ်ချုပ်မာ့ခ်ဖောက်စ် (Mark

## သတင်းနဲ့မှတ်ချက်

Fox) ကပါ ဒီတံတိုင်းစီမံကိန်းရပ်မယ် မရပ်ဘူးဆိုတာ မပြောကြပါဘူး။ ဖောက်စ်က ဒီလိုရပ်ကွက်တွေ၊ ဈေးတွေကို တံတိုင်းခတ်ဖို့ဆိုတာ အီရတ်အစိုးရက သဘောတူပြီးဖြစ်တယ်လို့ ပြောပါတယ်။ အီရတ်ဝန်ကြီးချုပ်က အာဏာပိုင်လား၊ အမေရိကန်က အာဏာပိုင်လားဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

အီရတ်ပြည်သူတွေကတော့ ဒီလိုတံတိုင်းခတ်မှာကို ကန့်ကွက်ကြပါတယ်။ "ဆွန်နီမရှိ၊ ရှီအာမရှိ၊ အစ္စလမ်ညီညွတ်ရေးသာလို" ဆိုတဲ့ ဆိုင်းဘုတ်တွေ ကိုင်ဆောင်ဆန္ဒပြကြတယ်။ ဆွန်နီရော၊ ရှီအာပါ ဒီတံတိုင်းစီမံကိန်းကို ဆန့်ကျင်ဝေဖန်လာကြတာတွေကြောင့် ဝန်ကြီးချုပ် မာလီကီက ဒီစီမံကိန်းကိုရပ်ပစ်ဖို့ အမိန့်ပေးလာတာ ဖြစ်ပါတယ်။ ဒီလို တံတိုင်းခတ်ခြင်းက လူတွေကို အခြားတံတိုင်းတွေကို သွားသတိရစေတယ်လို့ သူက ပြောပါတယ်။ အစ္စရေးလ်က ဆောက်လုပ်နေတဲ့ တံတိုင်းကို ရည်ညွှန်းတာ ဟုတ်မဟုတ်ကတော့ သူပဲ သိပါလိမ့်မယ်။

တံတိုင်းခတ်မယ့် ဒေသတွေအတွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရှိနေတာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ဘာကြောင့် ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုတွေ ရှိနေရတာလဲဆိုတာကို အသေအချာ စူးစမ်းပြီး ဆန့်ကျင်ဘက်ဖြစ်နေတဲ့ဘက်တွေ ဝိုင်းဝန်းညှိနှိုင်းပြီး အပေးအယူရှိရှိ အဖြေရှာကြဖို့ လိုပါတယ်။ အခုလို ဝှမြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုပြီး တဖက်သတ် ဆုံးဖြတ်တံတိုင်းခတ်လို့ကတော့ ပြဿနာမပြေလည်မယ့်အပြင် ပိုဆိုးတဲ့အကျိုးဆက်တွေသာ ပေါ်လာမှာပါ။

---

**သားက ဝန်ကြီးချုပ် အဖေကတော့ ......**

ထိုင်းအာဏာသိမ်းစစ်ကောင်စီက ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာ ကြားကာလအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့တယ်။ အဲဒီအစိုးရအဖွဲ့ရဲ့ဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးဟောင်းဆုရာယွတ်ချူလာနွန့် (Surayud Chulanont) ကို တာဝန်ပေးခဲ့တယ်။ သူဟာ ဗိုလ်ချုပ်ကြီးပရင်တမ်ဆူလာနွန်ဒါရဲ့ ရင်းနှီးတဲ့လက်ထောက်တဦးဖြစ်ခဲ့ပြီး ထိုင်းစစ်တပ်မှာ ကြည်းတပ်ဦးစီးချုပ်၊ စစ်ဦးစီးချုပ်တာဝန်တွေ ထမ်းဆောင်ခဲ့သူ ဖြစ်တယ်။ ၂၀၀၃ ခုနှစ်ကစပြီးတော့ ထိုင်းဘုရင်ရဲ့ အကြံပေးကောင်စီအဖွဲ့ဝင် ဖြစ်ခဲ့တယ်။ လက်ရှိအာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးဆွန်သီ စစ်ဦးစီးချုပ်ဖြစ်လာတာမှာ ဘုရင့်အကြံပေးကောင်စီဥက္ကဋ္ဌဖြစ်တဲ့ ပရင်တင်ဆူလာနွန်ဒါနဲ့ အဖွဲ့ဝင်ချူလာနွန့်တို့ဟာ အဓိကအခန်းက ပါဝင်ခဲ့တယ်လို့ ဆိုကြပါတယ်။

ဝန်ကြီးချုပ်ဖြစ်လာသူ ချူလာနွန့်ရဲ့အဖိုးဟာ စစ်ဘက်အရာရှိတဦးဖြစ်ခဲ့ပြီး ဖခင်ဟာလည်း ထိုင်းစစ်တပ်မှာ ဒုဗိုလ်မှူးကြီးတဦး ဖြစ်ခဲ့ပါတယ်။

## သတင်းနဲ့ မှတ်ချက်

ဒါကြောင့် သူအခုလို ထိုင်းစစ်တပ်ထဲရောက်ပြီး ဗိုလ်ချုပ်ကြီးတဦးဖြစ်ခဲ့တာဟာ ဘာမှ မထူးဆန်းဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ထူးဆန်းတာ ရှိပါတယ်။ ထူးဆန်းရုံမက ကြေကွဲစရာအဖြစ်လို့လည်း ပြောနိုင်ပါတယ်။ သူ့အဖေဖြစ်သူ ဖရွန်ချူလာနွန့် (Payom Chulanont) ဟာ ထိုင်းစစ်တပ်မှာ ဒုဗိုလ်မှူးကြီးအဆင့်အထိ ရောက်ခဲ့သလို ထိုင်းကွန်မြူနစ်ပါတီမှာလည်း ဗဟိုကော်မတီတဦးဖြစ်ပြီး စစ်ဦးစီးချုပ်လည်း ဖြစ်ပါတယ်။

ဖြစ်စဉ်က ဒီလိုပါ။ ၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးပလိတ်ဖီဘာဆုန်ဂရမ်ဦးဆောင်တဲ့ အာဏာသိမ်းပွဲမှာ ဒုဗိုလ်မှူးကြီးဖရွန်ချူလာနွန့်ဟာ ပါဝင်ခဲ့တယ်။ ဒီနောက် သူဟာ အာဏာသိမ်းခေါင်းဆောင်တွေနဲ့ သဘောထားကွဲလွဲတာကြောင့် တန်ပြန်အာဏာသိမ်းဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်တဲ့အတွက် တရုတ်ပြည်ကို ထွက်ပြေးရတယ်။ အဲဒီအချိန်တုန်းက သားဖြစ်သူ ဆုရာယွတ်ဟာ ၆ နှစ်သားပဲ ရှိသေးတယ်။ တရုတ်ပြည်သို့ ထွက်ခွာတော့မယ့် အဖေဖြစ်သူကို ထိုင်းဗမာနယ်စပ်မှာ သွားတွေ့နှုတ်ဆက်ရတယ်။ ၆ နှစ်သားလေး ဆုရာယွတ်ဟာ တောခရီးကြမ်းကို (မြင်းသုံးကြိမ်လဲစီးရတယ်) နှင်ပြီး သွားတွေ့ရတာ ဖြစ်ပါတယ်။

ဒီနောက် ၁၉၅၇ ခုနှစ်မှာ ဖခင်ဖြစ်သူဟာ ထိုင်းပြန်လာပြီး ရွေးကောက်ပွဲဝင်တာ အနိုင်ရလို့ အမတ်ဖြစ်လာပါတယ်။ အဲဒီနှစ်မှာပဲ စစ်အာဏာသိမ်းပွဲဖြစ်ပြီး ဖခင်ဖြစ်သူဟာ တောခိုသွားရပါတော့တယ်။ ရဲဘော်ခမ်တမ် (Comrade Too Khamtan) လို့ အမည်ခံယူတယ်။ ထိုင်းကွန်မြူနစ်ပါတီမှာ ဗဟိုကော်မတီဝင်ဖြစ်လာတယ်။ စစ်ဦးစီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်ရတယ်။

ဒီလိုနဲ့ ဆုရာယွတ်ဟာ သူပုန်ရဲ့သားဖြစ်လာတယ်။ သူ့အိမ်ကို အရှာခံရတယ်။ တပ်ထဲဝင်မယ့် သူ့ရည်ရွယ်ချက်ကိုလည်း သံသယမျက်လုံးတွေနဲ့ ကြည့်လာကြတယ်။ ဒါပေမဲ့ သူကတော့ ဇွဲမလျှော့ဘဲ ထိုင်းဘုရင့်စစ်တက္ကသိုလ်တက်တယ်။ အပတ်စဉ် ၁၂ ကျောင်းဆင်း ဖြစ်လာတယ်။ အစောပိုင်းကျောင်းတက်ရက်တွေမှာ သူ့ဖခင်ကြောင့် သူ့ကို လျှို့ဝှက်စောင့်ကြည့်ခံရတယ်။ သူဟာ သူ့ဖခင်လို အစိုးရအပြောင်းအလဲလုပ်ဖို့ စိတ်ကူးမရှိဘူးဆိုတာကို အထက်လူကြီးတွေ ယုံကြည်လက်ခံလာအောင် ကြိုးစားခဲ့တယ်။

၁၉၇၀ ခုနှစ်တွေမှာ ကွန်မြူနစ်နှိမ်နင်းရေးစစ်ဆင်ရေးတွေထဲမှာ ဆုရာယွတ် ဝင်ပါရတယ်။ ဒါပေမဲ့ သူဟာ သူ့ဖခင်နဲ့ထိပ်တိုက် မတွေ့အောင်ဆိုပြီး ဖခင်ဖြစ်သူ ဘယ်မှာရောက်နေလဲဆိုတာကို အမြဲစုံစမ်းထောက်လှမ်းခဲ့တယ်။

တောထဲမှာ ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ပြီးနောက်မှာ ကျန်းမာရေးချို့ယွင်းလာလို့ ဖခင်ဖြစ်သူဟာ ၁၉၇၈ ခုနှစ်မှာ တရုတ်ပြည်ကို ဆေးကုသဖို့ ထွက်ခွာသွားတယ်။ ၁၉၈၁ ခုနှစ်မှာတော့ ဖခင်ဖြစ်သူဟာ သေကောင်ပေါင်းလဲဖြစ်နေပြီဆိုတာကို ဆုရာယွတ်ဟာ ကြားသိရတယ်။ ဒီအခါမှာ နိုင်ငံရေးအရ ထိခိုက်နိုင်မှန်းသိပေမယ့် ဖခင်ဖြစ်သူကို သွားတွေ့ခွင့်ပေးဖို့ အဲဒီအချိန်က ဝန်ကြီးချုပ်ဖြစ်သူ (သူ့ဆရာလည်းဖြစ်တဲ့) ပရင်တင်ဆူလာနွန်ဒါဆီမှာ ခွင့်တောင်းတယ်။ ခွင့်ပြုတဲ့အတွက် စက်မှုဝန်ကြီးချာတီချိုင်းရဲ့ တရုတ်ပြည်ခရီးစဉ်မှာ အတူလိုက်ပါသွားခဲ့တယ်။

ဆယ်စုနှစ်ပေါင်းများစွာ မတွေ့ရတဲ့ ဖခင်ဖြစ်သူကို မြင်တွေ့ရတဲ့အခါမှာ သူဟာ အလွန်အံ့အားသင့်သွားခဲ့တယ်။

သူ့ဖခင်ဟာ သွေးတိုး၊ ဆီးချို၊ ဂေါက်နဲ့ လေဖြတ်ခံထားရတာတွေကြောင့် ချုံးချုံးကျနေပြီ ဖြစ်တယ်။ အဲဒီမှာ ဖခင်ဖြစ်သူဟာလည်း စစ်မြေပြင်မှာတုန်းက သားဖြစ်သူ ဘယ်နေရာမှာ ရှိနေသလဲဆိုတာကို မပြတ်စုံစမ်းနေခဲ့တယ်ဆိုတဲ့အကြောင်း သိလိုက်ရတယ်။

မခွဲခွာခင်မှာ ဖခင်ဖြစ်သူက သားဖြစ်သူကို ကောင်းကောင်းမွန်မွန်နေဖို့၊ ဒီတကြိမ်ဟာ နောက်ဆုံးတွေ့တာဖြစ်ဖို့များကြောင်း ပြောပါတယ်။ မတ်တပ်ရပ်ပြီး ဓာတ်ပုံအတူတွဲရိုက်ဖို့ ဖခင်ဖြစ်သူဟာ အနိုင်နိုင်ကြိုးစားရရှာတယ်။ ဒါဟာ သူတို့သားအဖနှစ်ယောက်ရဲ့ နောက်ဆုံးအကြိမ် တွေ့ဆုံရခြင်းပဲ ဖြစ်ပါတယ်။ ဒီနောက် မကြာခင်မှာပဲ ဖခင်ဖြစ်သူဟာ ကွယ်လွန်သွားခဲ့ပါတယ်။

သားအဖနှစ်ယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံလေးကိုတော့ ဆုရာယွတ်ဟာ အမြတ်တနိုးသိမ်းထားပါတယ်။ မိသားစုဝင်တွေကလွဲလို့ ဘယ်သူ့ကိုမှ မပြပါဘူးတဲ့။

ဒီလိုဖြစ်ရပ်မျိုးဆန်ဆန် ဗမာပြည်မှာလည်း ရှိပါတယ်။ ပြည်တွင်းစစ်အတွင်းမှာ ဗကပ ရဲဘော်တွေဟာ ငယ်ရွယ်တဲ့သားသမီးတွေကို မလွှဲသာဘဲ နီးစပ်ရာမှာထားရစ်ပြီး ခွဲခွာခဲ့ကြရတယ်။ ရဲဘော်ဗိုလ်ပုဟာလည်း သားဖြစ်သူကို ခွဲထားခဲ့ရတယ်။ ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် မြို့ရောက်တဲ့အခါကျမှ ခွဲခဲ့ရတဲ့ သားဖြစ်သူကို အပြေးအလွှားသွားတွေ့တယ်။ အဲဒီတော့မှ သားဖြစ်သူဟာ အစိုးရတပ်ထဲမှာ အရာရှိတဦးဖြစ်နေမှန်း သိရတယ်။ ဒါပေမဲ့ အဝေးရောက်နေလို့ သားဖြစ်သူကိုတော့ မတွေ့ခဲ့ရပါဘူး။ သားရဲ့စစ်ဝတ်စုံနဲ့ ဓာတ်ပုံကိုပဲ အမှတ်တရအဖြစ် ယူခဲ့ရတယ်။ နောင် ရဲဘော်ဗိုလ်ပုတိုက်ပွဲမှာကျတော့ သူ့ဆီမှာ အဲဒီဓာတ်ပုံကိုတွေ့လို့ သားဖြစ်သူဟာ အစစ်အဆေးခံရသေးတယ်လို့ သိရပါတယ်။

ငြိမ်းချမ်းစွာ သဘောထား ဖော်ထုတ်ခွင့်၊ ငြိမ်းချမ်းစွာသဘောထားကွဲလွဲခွင့်၊ ငြိမ်းချမ်းစွာယှဉ်ပြိုင်ခွင့် စတာစတာတွေ အဖျက်သိမ်းခံရလို့ ပြည်တွင်းစစ်မီးတောက်လောင်ရပြီဆိုရင် အဲဒီလို သားအဖချင်း၊ ညီအစ်ကိုချင်း၊ ဆွေမျိုးအချင်းချင်း၊ သူငယ်ချင်းအချင်းချင်းတွေ တဖက်တချက်ဆီကနေပြီး ထိပ်တိုက်တွေ့ရတဲ့ မဖြစ်သင့်တဲ့ အဖြစ်မျိုးတွေ တွေ့ကြုံကြရတော့တာပါပဲ။

ref: Off the Bench by Jeerawat Na Thalang
The Nation, Oct 14, 2006.

# ပြည်တွင်းသတင်းသုံးသပ်ချက်



## ဘယ်ကလာတဲ့ငွေတွေလဲ
## (စိန်စီသောညရဲ့ သမိုင်းဝင်မှု)

ကြက်ပြေးမြို့တော်စီမံကိန်း အကောင်အထည်ဖော်တာမှာ အစိုးရဘတ်ဂျက်ထဲက မသုံး၊ ရန်ကုန်မှာရှိတဲ့ အစိုးရအဆောက်အဦတွေ ရောင်းရငွေနဲ့ပဲ လုပ်ပါတယ် ... လို့ ဗိုလ်ကျော်ဆန်းက ရှင်းချက်ထုတ်ပါတယ်။ သူရှင်းမှ ပိုရှုပ်သွားပါတယ်။ ပြောင်လိမ်တာပါ။

ဘတ်ဂျက်ဆိုတာ တနှစ်တာအတွက် ရငွေနဲ့သုံးငွေကို ခန့်မှန်းတွက်ချက်ရေးဆွဲထားတဲ့စာရင်းလို့ အဓိပ္ပာယ်ထွက်ပါတယ်။

ဒီတော့ ဒီစီမံကန်းက ၁ နှစ်တည်းနဲ့ ပြီးရောတဲ့လား။ အဆောက်အဦတွေ ရောင်းရငွေနဲ့ပဲ လုပ်ပါတယ်ဆိုတော့ ဘယ်အဆောက်အဦတွေလဲ။ ဒါတွေကလည်း အစိုးရအဆက်ဆက်ရဲ့ ဘတ်ဂျက်ငွေတွေနဲ့ ဆောက်ထားတာမဟုတ်လား။ (အမွေရထားတဲ့ပစ္စည်း သုံးချင်ရာ သုံးနိုင်တယ်လို့များ ယူဆထားသလား မသိ)

အမျိုးသားစာကြည့်တိုက်တို့ မြို့တော်ခန်းမရောင်းဖို့ဆိုတဲ့ ကိစ္စတွေကလည်း မရှင်းမရှင်းပဲ။ ဝန်ကြီးဌာနအသီးသီးရဲ့ ဝင်ငွေထွက်ငွေ ဘတ်ဂျက်တွေထဲမှာ ဘယ်လိုဖော်ပြမလဲ။

(ဒါတွေကို သတင်းစာရှင်းလင်းပွဲမှာ စာနယ်ဇင်းသမားတွေ မမေးရဲကြဘူး)

ကြက်ပြေး မြို့တော်တည်ဆောက်ရာမှာ GDP ရဲ့ ၂% (အမေရိကန်ဒေါ်လာ သန်း ၂၀၀ လောက်) ကုန်ကျခဲ့တယ်လို့ IMF က ခန့်မှန်းတယ်။ ဒါတောင် နှစ်စဉ် တိုးသုံးသွားရမယ့်ငွေတွေ တွက်မကြည့်ရသေးဘူး။ အနှစ် ၂၀ လောက် ဆက်ကုန်ဦးမယ်လို့လည်း ဖော်ကောင်လုပ်ထားတယ်။ ဒီအတိုင်းဆို ဗိုလ်ကျော်ဆန်း ပြောင်လိမ်တာ ထင်ရှားတယ်။ (ဗိုလ်ကျော်ဆန်းပြောရဲရင် ရန်ကုန်မှာ ရောင်းရငွေ ဘယ်လောက်ရတယ်၊ မြို့တော်သစ်အတွက် ကုန်ကျတာ ဘယ်လောက်ဆိုတာကို ထုတ်ပြန်ပေးပါ။)

ငွေတွေသုံးလိုက်ကြတာကတော့ ဒလဟောပဲ။ ကြက်ပြေးအတွက် ငွေတွေအလျှံပယ်သုံးနေစဉ် – ပြင်ဦးလွင်က ရတနာပုံမြို့တော်သစ် စီမံကိန်းဆိုတာကလည်း နည်းနည်းနောနောစီမံကိန်း မဟုတ်။

ကြက်ပြေးစီမံကိန်းတုန်းက တရုတ်ထောက်ပံ့ငွေနဲ့ ချေးငွေတွေကို ဆွဲသုံးလို့ ပူညံပူညံ ဖြစ်ကြသေးတယ်လို့ ကြားလိုက်တယ်။ ဟုတ်မဟုတ် မပြောနိုင်။

ရတနာပုံစီမံကိန်းကိုကော ဘယ်ကငွေနဲ့ အကောင်အထည်ဖော်မှာလဲ။ များများစားစား ရစရာရှိတာက သဘာဝဓာတ်ငွေ့က ဝင်လာမယ့်ငွေပဲ ရှိတယ်။

**စိန်စီသောညှ** – စစ်အာဏာသိမ်းထိပ်တန်းဗိုလ်ချုပ်တွေရဲ့ ကြွယ်ဝချမ်းသာမှုကို မကြာခဏ ကြားကြားနေရပါတယ်။ ၅၈ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလ ခေတ်မှာ သိပ်များများစားစား မတွေ့ရ။ ဗိုလ်နေဝင်း ထင်သလိုသုံးစွဲနေတာတွေပဲ စာရင်းပေါက်ပါတယ်။ နောက်ပိုင်း ဗိုလ်စန်းယုကတော် မြေကွက်တွေ အချောင်ယူလိုက်တဲ့သတင်း၊ ထောက်လှမ်းရေးဗိုလ်မှူးချုပ်တင်ဦးသား မင်္ဂလာဆောင် ငွေကုန်ကြေးကျခံ ကျင်းပတာတွေလောက်ပဲ အပုပ်နံ့ထွက်ပါတယ်။

နဝတ ခေတ်မှာတော့ ဗိုလ်ထွန်းကြည်ရွှေပိဿာချိန် ဘယ်လောက်ရှိတယ်၊ သူ့သမီးမင်္ဂလာဆောင်မှာ ဘယ်လိုကူကြတယ်၊ ကားသော့အချောင်းရေ ဘယ်မျှအထိရှိတယ် ဆိုတဲ့သတင်းတွေ မီဒီယာကနေ ကြားရပါတယ်။

ခုတော့ ဒါတွေဟာ အကင်းဖြစ်သွားပါပြီ။ စံချိန်အားလုံးချိုးဖို့ ကြိတ်ကြံလာတဲ့ ဗိုလ်သန်းရွှေ ခုတော့ အထုပ်ဖြေပြလိုက်ပါပြီ။ မ ၅ လုံးရှောင်၊ က ၄ လုံးကို ဆောင်ထားတဲ့ နံပါတ်ဝမ်းကြီးအဖြစ် ဘွားဘွားကြီး ပေါ်လာခဲ့တယ်။

က ၄ လုံးဆိုတာ "ကြီးကြီးကျယ်ကျယ်" တွေ တွေးပြီး အကုန်လုပ်တယ်။ လျို့လျို့ဝှက်ဝှက်လုပ်တတ်တယ်။

သူ့အနေနဲ့ ထိပ်တန်းရာထူးကြီးမှန်သမျှနဲ့ သမိုင်းမှာ အင်အားအကြီးဆုံးစစ်တပ်ကြီး၊ မြစ်ကူးတံတားကြီးတွေ စသဖြင့် တည်ဆောက်ပိုင်ဆိုင်ခဲ့ပြီ။ ကြက်ဆူပင်မင်းတြားကြီးဘွဲ့လည်း ယူမည်ဆိုက ယူနိုင်ပြီ။ နောက်ဆုံး မျှော်မှန်းထားတာကတော့ "နျူကလီးယား လက်နက်ပိုင်ရှင်" ဖြစ်ပုံရတယ်။

ရောမမြို့တော်ကြီး မီးဟုန်းဟုန်းတောက်နေစဉ် တယောထိုးနေတဲ့ နီရိုးဘုရင်တို့ 'ပေါင်မုံ့မရှိ ကိတ်မုံ့စားပေ့ါ' လို့ ပြောတဲ့ မေရီအင်တွိုင်းနက်တို့ အဖြစ်အပျက်ဟာ ခေတ်တိမ်သေးတာ မဟုတ်။ နအဖ ဗိုလ်ချုပ်ကြီးတွေ ဒီဇာတ်မျိုး ကနေခဲ့ကြတာ အားလုံး သိနေကြတာပါ။ ခုတော့ နံပါတ်ဝမ်းကြီးက စံချိန်သစ်တင်လိုက်ပြန်ပါပြီ။

"စိန်စီသောညှ" အမည်ရအောင် သမီးတော် ထိမ်းမြားမင်္ဂလာပွဲကို ဝှဲချီးကျင်းပပေးခဲ့တယ်။

(ဒီမင်္ဂလာပွဲ ဝင်ငွေထွက်ငွေကိုတော့ ဘတ်ဂျက်ထဲထည့်မပြမှာ သေချာတယ်။)

ဘာပဲပြောပြော မြန်မာ့သမိုင်းက ဘုရင့်သမီးတော်တွေရဲ့ ထိမ်းမြားမင်္ဂလာပွဲတွေမှာ (ယုတ္တိမတန်တာတွေ ဘေးဖယ်ထား) တော့ လက်ဖွဲ့ကြေး အရဆုံးလို့ ပြောရမယ် ထင်တယ်။ လက်ဖွဲ့ငွေ ဒေါ်လာသန်း ၅၀ ဖိုးလောက် ရတယ်ဆိုတာ ကာလပေါက်ဈေးနဲ့ တွက်ရင် ဗမာငွေ ကျပ်သိန်း ၆၅၀၀၀ ခန့် (၆၅၀၀,၀၀၀,၀၀၀) ရှိနေပါတယ်။ (မြစ်ကူးတံတားတစင်း တန်ဖိုးနဲ့ နှိုင်းယှဉ်ကြည့်ပါ။)

ဒီဂယက်ကြောင့်လားမသိ၊ မြန်မာ့အသံ 'သာခု – အာယု' အခန်းမှာ 'အာရှတန်ဖိုးဆိုတာမှာ အကြီးအကဲကို တန်ဖိုးထား လေးစားခြင်း၊ မိသားစုကို တန်ဖိုးထားခြင်း' ဆိုတာတွေပါတယ် ကိုအာယုရဲ့လို့ မျက်ဖြေလက်ာနဲ့ ဖားပေးတာ ကြားလိုက်ရတယ်။

## "အလုပ်ကို ရှုပ်နေတာပဲ"

ဒီနေရာမှာ ပြဿနာတွေနဲ့ ယှဉ်တွဲဖော်ပြမှ ဖြစ်ပါမယ်။

**အကောက်ခွန်အမှုထမ်းများကိစ္စ** – လာဘ်စားတယ်ဆိုတဲ့ ပုဒ်မနဲ့ ဝန်ထမ်း ၆၀၀ ကို သိမ်းကြုံးဖမ်းတယ်။ အတင်းအကျပ်စစ်ဆေးရာက ပုတ်သင်ဥတွေ ပေါ်လာတယ်။ နအဖ ဗိုလ်ချုပ်ကြီးများနဲ့ မိသားစုတွေရဲ့ စားထားဝါးထားတာတွေပါ ရောထွေးပါလာလို့ (ဒါတော့ မလုပ်နဲ့ ကျန်းမာရေးထိခိုက်တယ်) ဆိုပြီး လူ ၄၀၀ ကျော်ကို (ဇန် ၂၆) ရက်နေ့က ပြန်လွှတ်ပေးခဲ့တယ်။

သူတို့နီးစပ်သူ လက်လွှတ်လို့ မဖြစ်သူ ၄၀ ကျော်ကိုသာ ပြန်ခန့်တယ်လို့ ဆိုတယ်။ အဖြုတ်ခံရသူတွေ နေရာမှာ တပ်ထဲ ဆက်သုံးလို့ မဖြစ်သူ ဦးစားပေးအဝါးခိုင်းလိုသူတွေနဲ့ အစားထိုးလိုက်တယ်။ (တချက်ခုတ်နှစ်ချက်ပြတ်ပဲ။)

**ယာဉ်ထိန်းရဲများကိစ္စ** – ရန်ကုန်ယာဉ်ထိန်းရဲ (၅၀၀) ကျော်ကို ရိုးရိုးရဲသားအဖြစ် နယ်တွေခွဲပို့ခဲ့တယ်။ တပ်ကလူတွေနဲ့ အစားထိုးခဲ့တယ်။ ဒါကို မကျေနပ်လို့ ယာဉ်ထိန်းရဲတွေက ဆန္ဒပြကြတယ်။

**တပ်အရာရှိတွေ အနားပေး** – ဖေဖော်ဝါရီ ပထမပတ်အတွင်း စုစုပေါင်း ၃၀၀၀ လောက် တပ်အပြင် ရောက်ကုန်တယ်။ ဒီနေရာမှာ အပေးအယူသဘောပါတာ တွေ့ရတယ်။ အပြင်ဘက်ချထားတဲ့ (အရပ်ဘက်ဝန်ထမ်း) နေရာတွေ ဝင်လုပ်ရင် တပ်လစာ စကေးပေးတာ ဖြစ်တယ်။

တကယ်က တပ်ဟာ ခေါင်းကြီးကိုယ်သေးတပ် ဖြစ်လာနေတယ်။ စက်နဲ့လှည့်ထုတ်နေတဲ့ စစ်ဗိုလ်တွေ တရိပ်ရိပ် များလာသလောက် တပ်သားသစ်က စုမရတော့ဘူး။ တပ်ထဲမှာလည်း ဂျစ်ကန်ကန် အမိန့်မနာခံသူတွေ များလာတယ်။ ခွင့်မဲ့ပျက်ကွက်တွေ၊ တပ်ပြေးတွေ တပ်ကူးတွေ (ဒီတပ်ကပြေး – ဟိုတပ်ဝင်) အောတိုက်နေတယ်။ နာမည်ပျက် စစ်ဗိုလ်တွေကလည်း များမှများ – ကြာရင် တပ်ပျက်တော့မယ်။

ဒါကြောင့် တပ်ကို ကိုင်နိုင်ဖို့ အရာရှိအချို့ထုတ် – နယ်ဘက်ပြောင်း၊ တပ်သားသစ် မရမကစုဖို့ အမိန့်ထုတ်ရတော့တယ်။ အပြောင်းခံလိုက်ရတဲ့ စစ်အရာရှိတွေ ကျေနပ်သွားအောင် ထုံးစံအတိုင်း စစ်တပ်ဦးစားပေး ပေါ်လစီအရ ဌာန၊ အလုပ်ရုံ၊ စက်ရုံတွေမှာ ထိပ်တန်းရာထူးတွေ ပေးလိုက်တယ်။ အရပ်သားဝန်ထမ်းတွေအဖို့တော့ (တချို့) ဖြုတ်တာ၊ ထုတ်တာ၊ ဖမ်းတာ ခံလိုက်ရတယ်။ ကျန်တဲ့ဝန်ထမ်းတွေမှာလည်း လစ်လပ်သွားတဲ့ ရာထူးတွေ မခံစားရ – စစ်ဘက်ကပဲ ဝေစားသွားတော့ မခံမရပ်နိုင် ဖြစ်ကျန်ရစ်တယ်။ တပ်ထဲကအမှိုက် နယ်ပြောင်းလိုက်တော့ တပြည်လုံးအနှံ့ အမှိုက်တွေ ရှုပ်လေရော့ပဲ။

နိုင်ငံရေးအမြင်ရှိသူတွေကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအတွက် ကြိုပြင်ထားတာပါ။ ရွေးကောက်ပွဲမှာ ဌာနဆိုင်ရာတွေပါဝပ်နေအောင် လုပ်တာလို့ တွက်ကြတယ်။

**အမျိုးသမီးများရဲ့ လုံခြုံမှု** – ၂၀၀၇ ခုနှစ်အတွင်း နအဖ ဦးဏှောက်ခြောက်လောက်တဲ့ကိစ္စတခုက နအဖ တပ်က မတော်မတရားလုပ်လို့ လူမျိုးစုများ မခံမရပ်နိုင် ဖြစ်ကြတာပါ။ ကမ္ဘာသိ အပုပ်နံ့ ထွက်သွားခဲ့တယ်။

**ကချင်** – ပူတာအိုမှာ ရဝမ်ကျောင်းသူလေး ၄ ဦးကို စစ်အရာရှိ ၃ ဦးနဲ့ တပ်သား ၄ ဦးက သားမယားပြုကျင့်မှုတရပ်ဖြစ်ခဲ့တယ်။ နအဖ ဖြေရှင်းလိုက်ပုံက အဲဒီကျောင်းသူ ၄ ဦး ကျောင်းထုတ်ခံရတယ်။ ပြည့်တန်ဆာမှုနဲ့တောင် တရားစွဲခံကြရပြီး ထောင်ချလိုက်တယ်။ ခုတော့ လွှတ်ထားလိုက်ပြီ ကြားရတယ်။

**ချင်း** – တခါ နယူးဒေလီမှာ ချင်းအမျိုးသမီးများအဖွဲ့ချုပ်က 'လုံခြုံမှုမရှိတဲ့နိုင်ငံ' အမည်နဲ့ စာအုပ်ထုတ်စွဲချက်တင်တဲ့ဆန္ဒပြမှု ဖြစ်ခဲ့တယ်။ အဓမ္မအစော်ကားခံရတဲ့ ချင်းအမျိုးသမီးများ စာရင်းကို ရသမျှစုဆောင်းပြီး ဖွင့်ချလိုက်တာပါ။

**ရှမ်း** – နအဖ တပ်တွေရဲ့ အမျိုးသမီးများအပေါ်ထားတဲ့ သဘောထားနဲ့ ပြုကျင့်မှုများကို စနစ်တကျမှတ်တမ်းတင်ပြီး ပထမဆုံး ကမ္ဘာသိထုတ်ဖော်တဲ့ အဖွဲ့ကတော့ SWAN ခေါ်တဲ့ ရှမ်းအမျိုးသမီးများအဖွဲ့ ဖြစ်တယ်။

**ကရင် – မွန်** အမျိုးသမီးများအဖွဲ့ကလည်း အလျဉ်းသင့်သလို ဖော်ထုတ်စွဲချက်တင်ခဲ့တာတွေ မပြတ်တွေ့နေရပါတယ်။

တကယ်က ဒီကိစ္စတွေဟာ ခုမှပေါ်လာတဲ့ကိစ္စတွေ မဟုတ်ပါဘူး။ ပြည်တွင်းစစ်စကတည်းက ပြည်မတောင်ပေါ်အနှံ့ကျူးလွန်ခဲ့ကြတာပါ။ ရွာလုံးကျွတ် အပြုကျင့်ခံရတဲ့ အသတ်ခံရတဲ့ ဗမာရွာတွေလည်း နည်းမှမနည်းပဲဟာ။ အခု 'နေပြည်တော်' ဖြစ်နေတဲ့ ပျဉ်းမနားမှာ စာရင်းကောက်ကြည့်ပါလား။

ခုအထိ ဆက်လက်ပေါ်ပေါက်ဆဲဆိုတော့ ဘာ့ကြောင့်လဲ ဆန်းစစ်ဖို့ လိုလာပါပြီ။

"တို့ခိုင်းတာလုပ်၊ တို့ကိုသာ အာမခံနဲ့၊ လုပ်ချင်ရာလုပ် မျက်နှာလွှဲနေမယ်" ဆိုတဲ့ ပေါ်လစီကြောင့်ပဲ ဖြစ်ပါမယ်။

ချင်းအမျိုးသမီးများရဲ့ကောက်ချက်မှာတော့ 'စစ်အစိုးရက ခွင့်ပြုထားလို့ ဒီလိုရဲရဲတင်းတင်း လုပ်ကြတာပဲ' တဲ့။

ဒီလိုဆိုရင် ပေါ်လစီကိစ္စ ဖြစ်သွားပြီ။ နေဝင်း တပ်ကိုင်စဉ်ကတည်းက ခွင့်ပြုခဲ့တာဖြစ်ပြီး အရိုက်အရာခံ ဗိုလ်ချုပ်ကြီးတွေက ဆက်လက်ကိုင်စွဲခဲ့ကြခြင်း ဖြစ်တယ်။

ဒီကာလမှာတော့ ပိုဆိုးလာပါတယ်။ ကိုယ့်တပ်ကိုယ် ဝအောင်လည်းမကျွေးနိုင်၊ လုံအောင်လည်း မဆင်နိုင်တော့ 'တိုက်သာတိုက် – ကျန်တာ မင်းတို့သဘောပဲ' ဆိုတဲ့ခွင့်ပြုချက်ကို ဖြောင်တမျိုး မသိမသာတဖုံ ပေးခဲ့ကြတာကလား။

**လုံခြုံရေးကောင်စီအတင်ခံရခြင်း** – ဒီကိစ္စက ဗမာပြည်နိုင်ငံရေးလောကမှာ သောသောညံသွားတဲ့ ဖြစ်ရပ်ပါ။ ကုလသမဂ္ဂ ကြီး ၅ ကြီး ထိပ်တိုက်တိုးခဲ့ကြရတယ်။ ဖွတ်မွဲနိုင်ငံတခုအတွက် သူ့အားကိုယ့်အားစမ်းပြီး အချေအတင် ဘာ့ကြောင့် ဖြစ်ကြရသလဲ။ ဘယ်သူနိုင်ပြီး ဘယ်သူရှုံးသလဲ။

မဲခွဲရာမှာ အရေအတွက်အရ အမေရိကန်နဲ့ဗြိတိန် နိုင်တယ်။ အဆုံးအဖြတ်အရ တရုတ်နဲ့ရုရှား နိုင်တယ်။

ဖြစ်စေချင်တာ မဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပ အတိုက်အခံ နိုင်ငံရေးသမားတွေ ရှုံးတယ်။ ပြည်သူတွေ မကျေမနပ်ဖြစ်ကြတယ်။ ဖြစ်စေချင်တာ ဖြစ်သွားတဲ့အတွက် စစ်အုပ်စုက 'နိုင်တယ်' လို့ လက်မထောင်တယ်။ 'အောင်ပွဲကို တိုးချဲ့ကြ' လို့ ဗိုလ်သန်းရွှေမိန့်ခွန်းပေးတယ်။

ဒါပေမဲ့ နောက်ဆက်တွဲ အရှုံးအမြတ်တွေလည်းကြည့်ဖို့ လိုပါတယ်။ နိုင်ငံရေးအရ ပထမကြည့်ချင်တယ်။

စစ်အုပ်စုရဲ့ အကျိုးစီးပွားနဲ့ အမြဲဆန့်ကျင်ဘက်ဖြစ်နေတဲ့ ပြည်သူတွေက ဗီတိုနဲ့ ပယ်ချတာကို မကြိုက်ပါဘူး။ ဒါ့ကြောင့် ဒီ ၂ နိုင်ငံ နိုင်ငံရေးအရ ရှုံးပါတယ်။

လွတ်မြောက်ရေးလမ်းအတွက် နိုင်ငံကြီးတွေအပေါ် မှီခိုအားထားနေလို့မဖြစ် – ကိုယ့်ဘာသာတိုက်ယူမှရမယ်ဆိုတဲ့ ဘဝပေးအသိ ရလိုက်ကြတာဟာ အမြတ်ပါ။ လော်ဘီလိုင်း – မှီခိုလိုင်းလောက်နဲ့ အလုပ်မဖြစ်၊ ထကြွကြမှ တိုက်ပွဲဝင်ရဲကြမှ ကောင်းတဲ့အဖြေ ထွက်နိုင်ပါမယ်။ ဗမာပြည်နိုင်ငံရေးဟာ ဒီလမ်းကြောင်းပေါ် ရောက်နေပါပြီ။

လုံခြုံရေးကောင်စီ အဆုံးအဖြတ်ကျပြီးတဲ့နောက် ဒီဆုံးဖြတ်ချက်ကို ကြိုဆိုထောက်ခံကြဖို့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းတွေကို နအဖ က ဖိအားပေးပါတယ်။ တချို့က မလုပ်ကြဘူး။ ပုံသဏ္ဌာန်တမျိုးနဲ့ အာခံကြတယ်။ မတတ်သာလို့ လုပ်ပေးကြရတဲ့အဖွဲ့တွေကလည်း မကျေနပ်ကြပါ။ ဒါ့ကြောင့် နိုင်ငံရေးအရ နအဖ ရှုံးပါတယ်။

စီးပွားရေးဘက် ကြည့်ပြန်တော့ ဗီတိုသုံးပေးတဲ့နိုင်ငံတွေကို အခွင့်အရေးတွေ ပေးရတယ်။ ပေးရမှာပေ့ါဆိုတဲ့ စွပ်စွဲချက်တွေ ထွက်လာပါတယ်။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ကြရတာ အဆန်းမဟုတ်။ ဟုတ်ခဲ့သော် ဒီ ၂ နိုင်ငံ စီးပွားရေးအရ အမြတ်ထွက်ပါတယ်။ နအဖ အဖို့တော့ စီးပွားရေးအရရော၊ နိုင်ငံရေးအရပါ ထပ်ရှုံးပါတယ်။ ဗမာပြည်အရေး UNSC က ကိုင်တွယ်ရန် မအောင်မြင်မှုအပေါ် စိတ်မကောင်း ဖြစ်မိတယ်လို့ ကုလအတွင်းရေးမှူးချုပ်သစ် ဘန်ကီမွန်းက ပြောလာတော့ အဲဒီ ၂ နိုင်ငံရော၊ နအဖ ပါ နိုင်ငံရေးအရ ထပ်ရှုံးပါတယ်။

**ILO နဲ့ အပေးအယူလုပ်ရခြင်း** – အဓမ္မလုပ်အားပေးခိုင်းစေခြင်းနဲ့ ပတ်သက်ပြီး နအဖ ဟာ နိုင်ငံတကာရဲ့ အဆက်မပြတ်ဖိအားပေးခြင်းကို တောက်လျှောက်ခံခဲ့ရပါတယ်။

ဗိုလ်ခင်ညွန့်လက်ထက်တုန်းက 'ဒါဟာ ဗမာပြည်ရဲ့ ရိုးရာအစဉ်အလာပါ' လို့ လျှောက်လဲချက်ပေးကြည့်ပါသေးတယ်။ လက်မခံကြပါ။ နောက် အချိန်ထပ်ဆွဲကြည့်တယ်။ မရတော့တဲ့အခါ 'မလုပ်ရ' လို့ အမိန့်ထုတ်ပြန်ပြခဲ့ရတယ်။ အမိန့်က ဟန်ပြအမိန့်ပါ။ ဒီကိစ္စတွေ ဆက်ရှိမြဲ ရှိခဲ့တယ်။ ဗိုလ်ခင်ညွန့်ပြုတ်သာသွားတယ် 'စစ်တပ်ပေါ်တာ' 'ရပ်ကွက်ခွဲတမ်းချော' 'ရွာလုံးကျွတ်လုပ်အားပေး' စသဖြင့် ပြည်သူတွေ ကျောကော့အောင် အခိုင်းခံနေရတယ်။

ILO က လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းအတိုင်း တရစ်ပြီးတရစ် နအဖ ကို လည်မျိုညှစ်လာခဲ့တယ်။ ရှူးသလိုပေါ သလို လုပ်နေလို့ မရတော့ဘူး။ ပြည်သူတွေကလည်း ပုံသဏ္ဌာန်မျိုးစုံနဲ့အာခံလာကြတယ်။

ခုတော့ မတတ်သာလို့ အဓမ္မစေခိုင်းသူ တချို့တလေကို ထောင်ဒဏ် စတိလောက် ချပြနေရတယ်။ ဒါကလည်း ဝန်ထမ်းအောက်ခြေ အဆင့်လောက်သာ ဒဏ်ထိတာပါ။

တကယ်သေနတ်ပြပြီး ခိုင်းချင်ရာခိုင်းနေတဲ့ ရှေ့တန်း စစ်မြေပြင်တပ်ကက စစ်အရာရှိကြီးတွေ ဘာမှ မဖြစ်သေးပါဘူး။ ကြံ့/ဖွံ့ ဆန္ဒပြပွဲတွေမှာ မတက်မနေရ အမိန့်နဲ့ လူထောင်သောင်းကို အိမ်ထဲက ဆွဲထုတ်နေတဲ့ စစ်တပ်ထိပ်သီးတွေလည်း လွတ်နေပါသေးတယ်။

ILO ကပဲ အကွက်စေ့စေ့နဲ့ ဆက်ပြီးဖိအားပေးနိုင်မလား၊ နအဖ ကပဲ 'ရှောင်လင်' သိုင်းကစားနိုင်မလား၊ စောင့်ကြည့်ရပါမယ်။ မျက်လုံးတော့ ပြူးနေပါပြီ။

**တိုင်ကြားနိုင်** – ပြန်ကြားရေးဗိုလ်ကျော်ဆန်းကစပြီး ပြဿနာရှိလျှင် 'အကြောင်းကြားပါ' ဆိုပြီး တယ်လီဖုန်းနံပါတ်တွေ ပေးထားတာ ကြာပြီ။ ဘာမှ အလုပ်မဖြစ်။ ခုတခါ ဝန်ကြီးဌာန တော်တော်များများက 'ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှု ရှိပါက မည်သူမဆို တိုင်ကြားနိုင်တယ်' လို့ လုပ်လာပြန်တယ်။ စမ်းခေါ်ကြည့်တော့ 'ခေါ်မရတာနဲ့' 'ခေါ်င်းရှောင်တာနဲ့' ချည်း ကြုံကြရလို့ စိတ်ပျက်ကုန်ကြရပြန်တယ်။

'တိုင်ကြားနိုင်သည်' လို့ မကြေညာတဲ့ ဝန်ကြီးဌာနတွေထဲမှာ ကာကွယ်ရေးဝန်ကြီးဌာန မပါဘူး။ နအဖ ရုံး ဝန်ကြီးဌာနလည်း ပါတာမတွေ့မိပါဘူး။ ဒါပေမဲ့ ခုတိုင်ကြားသံတွေမှာ ဦးတည်လိပ်မူထားတာ အများစုက ဗိုလ်သန်းရွှေထံချည်း ဖြစ်နေတာ 'ချက်' ကျလှတယ်။ 'ဘာတွေ ဖြေရှင်းပေးလိုက်တယ်' လို့ ကြေညာတာ မတွေ့ရသေးဘူး။

ခုတခါ ILO နဲ့ သဘောတူညီချက်ယူပြီး အဓမ္မလုပ်အားပေး ခိုင်းစေတာတွေရှိရင် ILO ကို တိုင်ကြားနိုင်တယ်ဆိုတဲ့လမ်းပွင့်သွားတာကတော့ ကောင်းတယ်။ သူတို့ကလည်း မခိုင်းဘဲမနေနိုင်ဆိုတော့ စီစီညံလာစရာ ရှိတယ်။

**'မီးခိုးတွေ အူလာနေပြီ'**

ဝင်ငွေနဲ့ထွက်ငွေမမျှ၊ စားစရာမရှိ၊ နေစရာ သေစရာကလည်း ခက်လာတော့ မကျေလည်တာ၊ မပြေလည်တာ၊ မခံမရပ်

နိုင်တွေက အလွှာအသီးသီး ပြည်သူတွေအကြားမှာ တရစ်ပြီးတရစ် တက်လာခဲ့တယ်။

ဒါတွေကို ကိုယ်စားပြုရပ်ခံလို့ဆော် တိုက်ပွဲဝင်ပေးနေတာကတော့ ၈ လေးလုံး မျိုးဆက် ကျောင်းသားများ၊ နိုင်ငံရေးအဖွဲ့အစည်း တချို့နဲ့ ဝါရင့်ပုဂ္ဂိုလ်ကြီးများ အပါအဝင် တာဝန်သိပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ဦးဆောင်ရဲသူရှိလို့ကတော့ လိုက်ရဲသူတွေရှိတယ်ဆိုတာ မြင်နေရတယ်။ ဦးဆောင်ရဲသူ ခေါင်းဆောင်မှုရမယ်ဆိုတဲ့ သဘောပဲ။

ဒါတွေအပြင် ထူးခြားလာတာက ပြည်သူတွေကိုယ်တိုင် ဘဝပေးအသိနဲ့ တီထွင်ထိုးဖောက်တိုက်ပွဲဝင်လာကြခြင်း ဖြစ်တယ်။ တပြည်လုံးအနှံ့ ဖြစ်လာကြတာပါ။

- မြေအသိမ်းခံရတဲ့ တောင်ဒဂုံမြို့နယ်က လယ်သမား (၃၀၀) ကျော်က လက်မှတ်ထိုးပြီး ဗိုလ်သန်းရွှေဆီ တိုင်ကြားတာ၊
- ဗိုလ်ရွှေမန်းသားက ကျောင်းကုန်းဘက်မှာ မြေဧက ၃၀၀ သိမ်းသွားတာကို လယ်သမားတွေက အာခံကြလို့ အဖမ်းခံကြရတာ၊
- HIV ဝေဒနာရှင်တွေ နယ်က ရန်ကုန်တက်လာပြီး ဆန္ဒပြတောင်းဆိုကြတာ၊
- ကလေးမြို့နယ်ဘက်မှာ စစ်တပ်က ရိက္ခာအတွက်ဆိုပြီး အတင်းအဓမ္မဈေးနှိမ်ပြီး ဝယ်တာကို မကျေနပ်လို့ (မီဒီယာက တဆင့်) ပွက်လောရိုက်ကြတာ၊
- မင်းဘူးဘက်မှာ အိမ်ရှင်မတွေက 'ဆန်မဆိုထားနဲ့ ဆန်ကွဲတောင် နပ်မှန်အောင် မစားရတော့ဘူး' လို့ ရင်ဖွင့်တာ၊ 'ဈေးဝယ်သွားရမှာတောင် ကြောက်နေပါပြီ' လို့ တနိုင်ငံလုံး အိမ်ရှင်မများကိုယ်စား ပြောပေးသွားတာ၊
- ချောက်မြို့မှာ စည်ပင်အခွန်အကောက်တွေ တိုးမြှင့်တာကို အခွန်ထမ်း လူထု (၃၀၀) က စုပေါင်းလက်မှတ်ထိုးပြီး ကန့်ကွက်ခဲ့ကြတာ၊ အလားတူ ညောင်လေးပင်၊ ရမ်းဗြဲ၊ ပခုက္ကူ၊ ရေစကြို၊ ရေနံချောင်း၊ တောင်ကုတ် ... တို့မှာလည်း အကောက်ခွန်ကို ရာခိုင်နှုန်းအရ တက်တာမျိုးမဟုတ်ဘဲ ၃ ဆ၊ ၅ ဆ၊ ၇ ဆ ... စသည် အဆလိုက် တိုးကောက်ခံတာကို ကန့်ကွက်ဆန္ဒပြကြပါတယ်။ တပြည်လုံး ဖြစ်လာမယ့်ကိစ္စတွေလို့ ဆိုချင်ပါတယ်။
- ရန်ကုန်သိမ်ကြီးဈေးဘက်မှာ ပြောင်ထွက်ပြီး လှုပ်ရှားဆန္ဒပြတဲ့ပွဲကို လူအများ စိတ်ဝင်စားကြပါတယ်။ 'ကုန်ဈေးနှုန်းကျဆင်းရေး' '၂၄ နာရီမီးလင်းရေး' 'အခမဲ့ဆေးကုသခွင့်ပေးရေး' စသည့် တောင်းဆိုချက်တွေက ရန်ကုန်လူထုအတွက် သာမက တပြည်လုံးရဲ့ဆန္ဒကို ဖော်ပြရာ ရောက်တဲ့အတွက် အားလုံးရဲ့ ကြိုဆိုမှုကိုခံခဲ့ရပါတယ်။ ထိရောက်တဲ့လှုပ်ရှားမှု တခုပါ။ နအဖ ကလည်း ပြည်ပရောက် အဖွဲ့အစည်းတွေကနေ ဘယ်လောက်အော်နေ – အော်နေ ဂရုစိုက်လှတာ မဟုတ်။ ပြည်တွင်းမှာ လှုပ်ရှား လိုက်တာနဲ့ အကျပ်ရိုက်သွားလေ့ ရှိပါတယ်။

ဒါ့အပြင် ၂၀၀၇ နှစ်ဆန်းကစပြီး 'စားသောက်ကုန်အားလုံးကို အခွန်စည်းကြပ်သွားမည်' လို့ အမိန့်ထုတ်ပါတယ်။ အကြောင်းပြချက်မှာ 'နိုင်ငံတော် ဘဏ္ဍာအခွန်တိုးမြှင့်ရရှိရန်နှင့် တရားမဝင်မှောင်ခိုတင်သွင်းမှုများ တားဆီးရန်' ပါတဲ့။ ဒါတွေက စားကွက်တွေပဲ။ ဒီဌာနကို သွားရည်ယိုကြတာ အဆန်းမဟုတ်။ ဒါ့ကြောင့်လည်း အရပ်သားဝန်ထမ်းတွေ ရှင်းထုတ်ပြီး စစ်ဗိုလ်တွေကို နေရာပေးလိုက်တာပါ။

**လစာသစ်နှင့် ပင်စင်လစာများပြဿနာ** – မဆလ ခေတ် အထက်တန်းပြဆရာတယောက်က ပြောပါတယ်။ လစာသစ်မပြောင်းသေးခင်ကတည်းက ထုတ်လာတဲ့ ပင်စင်လစာက လက်ဖက်ရည်ဆိုင် တခါထိုင်လိုက်တာနဲ့ ကုန်ပြီတဲ့။ ဒါတောင် သူက မြို့ပေါ်မှာနေ မြို့ပေါ်မှာတင် ထုတ်ရလို့ ဖြစ်တယ်။ ခရီးစရိတ်ကုန်စရာ မလိုဘူး။ လစာသစ်ကလည်း သူတို့နဲ့ မဆိုင်ဘူး။ သူတို့နားချိန်က ရတဲ့လစာ ပေါ်ကပဲ တွက်ပါတယ်။

ငွေစာရင်းဌာန တိုင်းအဆင့် အမြင့်ဆုံးအရာရှိကြီးတဦးက ပြောပါတယ်။ သူ့ပင်စင်လစာက ၁၈၀၀ (ဆိုတော့ ဆန် ၂ ပြည်ဖိုးပဲ ရှိပါတယ်။) တောကနေလာထုတ်တာ စရိတ် ၁၀၀၀ နီးပါး ကုန်တယ်။ (ဒါဆို ဆန် ၁ ပြည်ဖိုးပဲ ကျန်ပါမယ်) ဘာနဲ့သွားစားမလဲလို့ မီဒီယာမှာ ညည်းပြပါတယ်။ ဒီနေ့နှုန်းနဲ့ဆိုရင် သူ့ပင်စင်ဟာ ၆၀,၀၀၀ ကျော် ရမှာတဲ့။

ဒါကြောင့်လည်း အရပ်ဘက်ဝန်ထမ်းတွေရဲ့ ပင်စင်လစာ လာထုတ်မယ့်သူတောင် မရှိဘူးလို့ သိရတယ်။

တပ်ဘက်ဝန်ထမ်း (ဟောင်း) တွေကလည်း ပင်စင်လစာကို ထုတ်ရမှာတောင် ရှက်တယ်တဲ့။

ပွင့်ဖြူဘက် စစ်တပ်ဝန်ထမ်းတယောက် ၉ လစာ လာထုတ်တာ အသွားအပြန်စရိတ်နဲ့ ကုန်နေပြီလို့ ဆိုပါတယ်။

၈ လေးလုံးကျောင်းသားတွေရဲ့ ကြိုးပမ်းမှု (ရင်ဖွင့်လွှာ) မှ သိရတာက 'ပင်စင်လစာ ရတာက ငွေ ၃၀၀ – ဆန်လက်တဆုပ်စာပဲရ၊ ရေတွက်ကြည့်တော့ ဆန် ၁၈၄၅ စေ့ပဲရှိ၊ ဘာလုပ်ရမလဲ' လို့ မေးခွန်းထုတ်သွားတယ်။

ကျန်တယောက်ကတော့ လခထုတ်လို့ရတဲ့ငွေ ၃၀၀ နဲ့ ဘာမှလုပ်မဖြစ်လို့ နာမည်ပျက်ရုံပဲ။ ဗိုလ်ချုပ်မှူးကြီးပဲ လှူလိုက်ပါတယ်။ သူတို့ရတဲ့လခနဲ့ ပေါင်းသုံးကြပါစေလို့ စေတနာဗရပွနဲ့ လှူဒါန်းသွားပါတယ်။

(ဗိုလ်ချုပ်မှူးကြီးရတဲ့ လစာနဲ့ပေါင်းရင် ၁၂ သိန်းနဲ့ ၃၀၀ ရှိသွားပါမယ်။ တဒေါ်လာ ၆ ကျပ် နှုန်းနဲ့တွက်ရင် တလ ဒေါ်လာ ၂၀၀,၀၅၀ ဝင်ပါတယ်။ စင်ကာပူဝန်ကြီးတွေရတဲ့ ကမ္ဘာ့အမြင့်ဆုံး လခနဲ့ ယှဉ်ကြည့်ပါ။)

**လစာသစ်** တွေက စိတ်ဝမ်းကွဲစရာတွေ ဖြစ်လာပါတယ်။ အရပ်နဲ့ စစ်ဘက်ကွာခြားတာ၊ လက်နက်ကိုင်ချင်းအတူတူ ရဲနဲ့စစ်ဘက် ကွာခြားတာ၊ (ဥပမာ ဒုဗိုလ်တယောက်ကို တသိန်းပေးပေမယ့် ဒုရဲမှူးက ၈ သောင်းပဲ ရတာ၊ ၂ ပွင့်ရဲက ၃၉၀၀၀ ပဲ ရပြီး ၁ ရစ် စစ်သားက ၄ သောင်းလောက် ရနေတာ) အရပ်ဘက် အနိမ့်ဆုံးဝန်ထမ်းလခကို ၁၅၀၀၀ အထိ တိုးပေးတယ်ဆိုတယ်။ ဆန် ၂ တင်းဖိုးပဲ ရှိပါမယ်။

စစ်သားဟောင်းတွေ ပင်စင်လစာ တိုးမပေးဘူး။ လက်ထဲ သေနတ်ကိုင်ထားဆဲ သူကိုပဲ အလေးထားပါတယ်။ စစ်သားချင်း အတူတူ ထပ်စိတ်ဝမ်းကွဲစေပါတယ်။

အရပ်ဘက်အမှုထမ်းဟောင်းဆိုရင်တော့ လူလို့သဘောမထား၊ ကြံကြိတ်ဖတ်လို စွန့်ပစ်ခံလိုက်ရပါတယ်။

တခါ တခြားဝန်ထမ်းတွေထက် လစာ (သစ်) တိုးရတယ်ဆိုတဲ့ တပ်သားတွေမှာလည်း မလုံလောက်၊ မိသားစုတွေကလည်း လုပ်အားပေးနေရတော့ တခြားဝင်ငွေရစရာ အလုပ်ထွက်မလုပ်နိုင်လို့ ဒုက္ခရောက်နေကြောင်း ရင်ဖွင့်လွှာမှာ ဆိုထားပါတယ်။ အပိုဝင်ငွေ မရှာနိုင်ရင် ဒီခေတ်မှာ တော်ကရောပဲ။

ဒါတောင် ဗိုလ်ချုပ်မှူးကြီးက ဘယ်ခေတ်နဲ့မှမတူအောင် တိုးတက်နေပါတယ်လို့ မိန့်ခွန်းပြောရဲတာကတော့ ဦးဈောက် 'ပုံမှန်' မဟုတ်ဘူး ဆိုရပေမယ်။

<u>**'ဘယ်ခေတ်နဲ့မှ မတူအောင် တိုးတက်နေပါပြီ' ဆိုတဲ့ သူ့စကား**</u>

**စီးပွားရေးတိုးတက်နှုန်း** – ကမ္ဘာ့ဘဏ် (WB)၊ အာရှဖွံ့ဖြိုးမှုဘဏ် (ADB)၊ ကုလသမဂ္ဂတို့ရဲ့ ထုတ်ပြန်ချက်များအရ သိရတာက ကမ္ဘာတွင် တရုတ်က ၁၁% နဲ့ ထိပ်ဆုံးမှာ ရှိတယ်။

အာဆီယံမှာတော့ ကမ္ဘောဒီယားက ၉.၅% နဲ့ အများဆုံးတဲ့။ စင်ကာပူက ၇.၇%၊ ဗီယက်နမ်က ၈.၂% နီးပါးရှိခဲ့တယ်။

ဒီအချိန်မှာ နအဖ က တိုင်းပြည်တိုးတက်မှု ၁၃% လို့ ထအော်တာ ကြားလိုက်ရတယ်။

ဘယ်လိုဖြစ်တာတုန်း။ WB တို့ ADB တို့က ဗမာပြည်တိုးတက်မှုဟာ ၄% – ၅% လောက်ရှိမယ်လို့ပြောတာ မှားသွားပြီပေါ့။

ကိုယ့်ပိုင်ဆိုင်မှုတွေကြည့်ပြီး တိုင်းပြည်လည်း ကြွယ်ဝချမ်းသာနေကြပြီလို့ ထင်နေတာလား။

တိုင်းပြည်ရဲ့ အဖြစ်မှန်ကို ပြန်ကြည့်ပါ။

ပညာရေး – ၁.၂% သုံးတယ် ပြောတယ်။ တကယ်က ၁ မပြည့်။

ကျန်းမာရေး – ၂% ကျော်သုံးတယ် ပြောပေမယ့် ကုလသမဂ္ဂက ၀.၅% ပဲ ရှိတယ် ပြောတယ်။

ဒီနေရာမှာအရပ်သားစစ်စစ်က ဝန်ကြီးတက်ဖြစ်လာကြရရှာတဲ့ ကျန်းမာရေးဝန်ကြီးနဲ့ ပညာရေးဝန်ကြီးတွေအဖို့ မျက်နှာပူစရာပဲ။ (စာနယ်ဇင်းသမားတွေက ဗိုလ်ကျော်ဆန်းကို ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ် မေးသင့်တယ်။)

ADB ခန့်မှန်းတာက ငွေကြေးဖောင်းပွမှု ၄၀% ရှိတယ်တဲ့။ အခြေခံစားသောက်ကုန်တွေလည်း ၆၀% တောင်တက်နေပါတယ်။

**နိုင်ငံရေး** – ခုအထိ ရွေးကောက်ပွဲနိုင် NLD နဲ့ မပြေလည်။ အဖွဲ့ချုပ်ကို ဖျက်သိမ်းပစ်မည်၊ ဖျက်သိမ်းခံရမည့်အချိန် နီးကပ်လာပြီစသဖြင့် ခြိမ်းခြောက်သံတွေ ဟိန်းလာခဲ့တယ်။

CRPP ကို တရားဝင်အဖွဲ့ မဟုတ်။ လှုပ်ရှားမှုလုပ်လျှင် ထောင် ၅ နှစ်ချတာ ခံရလိမ့်မယ်လို့ ရဲချုပ်ခင်ရီက သတိပေးတယ်။

NLD ကိုလည်း "ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် အပါအဝင် ကြေညာချက်များ မထုတ်ရန်၊ ဆက်လက်ကျူးလွန်နေလျှင် ပါတီကိုပါ ပိတ်ပစ်မယ်" လို့ အထက်စီးက တောင်းဆိုပြန်တယ်။

ပိုပြီး ပြောင်ကျကျ အတွင်းသဘောကို ပြောလိုက်သူက စက်မှု ၁ ဝန်ကြီးဆိုသူဖြစ်တယ်။ "ဒေါ်အောင်ဆန်းစုကြည်ကို

ဘယ်တော့မှ အာဏာလွှဲပေးမည် မဟုတ်'' ဟု ပြည်ထောင်စုနေ့နဲ့ ချိန်ကိုက်ပြီး ကြေညာလိုက်ပါတယ်။

မြို့လည်ဆန္ဒပြသူတွေကိုတော့ ''အသင်းအဖွဲ့ ဖွဲ့စည်းခွင့်မရှိဘဲ လုပ်ရင် ဘယ်နှနှစ်၊ တိုင်းပြည်အေးချမ်းမှုကို ဆူပူအောင် လှုံ့ဆော်ရင် ဘယ်နှနှစ်၊ နိုင်ငံတော်အကြီးအကဲတွေကို အကြည်ညိုပျက်အောင်လုပ်ရင် ဘယ်နှနှစ်'' ဆိုပြီး အရေးယူခံရနိုင်တဲ့ ပုဒ်မတွေ၊ ထောင်ဒဏ်တွေ ပြောပြတယ် ဆိုပဲ။

သေနတ်သံတွေကလည်း မြည်နေဆဲ။ တဖက်နိုင်ငံထဲ ပြေးဝင်ကြရတဲ့ တိုင်းရင်းသားပြည်သူတွေကလည်း တိုးများနေဆဲ။ **မူးယစ်ဆေးဝါးပြဿနာ** – HIV - AIDS ရောဂါကိစ္စတွေ မပပျောက်ဘဲ တိုးများလာနေတဲ့အကြောင်း ပြောရတာလည်း အပ်ကြောင်းထပ်နေပြီမို့ အထူးအဆန်းလုပ် မဖော်ပြတော့ပါ။

'ဘယ်ခေတ်နဲ့မှ မတူအောင်' ဆိုတာ ဒါတွေများလား။

**လူမှုရေး**

– လူသေပြီဆိုတာနဲ့ မသင်္ဂြိုဟ်နိုင်လို့ အိမ်သားတွေကပစ်ပြေးကြရတာ။

– နာရေးအသင်း (ရန်ကုန်) က စတင်တည်ထောင်ခဲ့တဲ့ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ (၇ နှစ်အတွင်း) ကိုယ်တိုင် မသင်္ဂြိုဟ်နိုင်တဲ့ လူသေ (၄၃,၀၀၀) ကျော်ကို မီးသင်္ဂြိုဟ်ပေးခဲ့ရတာတွေ ကြည့်ပါ။ (ဒါတောင် ရန်ကုန်တမြို့တည်း ကွက်ပြောတာ) ပြည်ပနိုင်ငံတွေအမြင်ကကော –

အိန္ဒိယရောက်သွားတဲ့ ဗမာပြည်က ရုပ်ရှင်အဖွဲ့ကို ''ဗမာပြည်မှာ ရုပ်ရှင်ဆိုတာ ရှိရဲ့လား'' တဲ့။ အမေးခံရတယ်။

''ဗမာပြည်စီးပွားရေးဟာ အချိန်မရွေး ပြိုကွဲသွားနိုင်သည့် ၂၆ နိုင်ငံစာရင်းတွင် ပါနေသည်'' ဟု နိုင်ငံတကာသုတေသန အဖွဲ့တဖွဲ့က ဒီနှစ်ဆန်းမှာပဲ ပြောခဲ့တယ်။

ပိုသိက္ခာကျစရာကောင်းတဲ့ ကြေညာချက်တခုကို ဗြိတိန်အစိုးရအနေနဲ့ မကြာမီက ထုတ်ပြန်ခဲ့တာလည်း တွေ့လိုက်မိတယ်။

''ဗမာပြည်သွားမယ့် ဗြိတိန်သားတွေ သတိထားကြပါ။ နယ်စပ်ဒေသတွေကို အထူးရှောင်ကြပါ။ မသွားမဖြစ်ကိစ္စရှိမှသာ သွားကြပါ။ စီးပွားရေးကြောင့် ဗမာပြည်မှာ ဖောက်ထွင်းမှု၊ ခိုးယူမှုတွေ များနေတယ်'' တဲ့။

ဘယ်မှာလဲ တိုးတက်တာ။

## 'ဆန်ပြဿနာ'

ဗမာပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး 'ပစ္စည်း' အဖြစ် သမိုင်းတလျှောက်လုံး နေရာယူခဲ့တာ ဆန်စပါး ဖြစ်ပါတယ်။ (ဘုရားပေးခေတ်ငွေ့က အကန့်အသတ်ရှိပါတယ်။)

မဆလ ခေတ်က အင်းစိန်ထောင်တွင်းမှာ သီချင်းတပုဒ် ပေါ်ထွက်ခဲ့ဖူးတယ်။

'ဆန်ပြဿနာ မဖြေတတ်ပါ ...

ဆီပြဿနာ မဖြေတတ်ပါ ...

အကွက်ကျကျကြံစီစဉ် ... လုည့်စားဖို့ ကြံရွယ်သည်

တရုတ် ဗမာ အဓိကရုဏ်း တပြည်လုံးယူဖုံးသည်' တဲ့။

ဆန်နဲ့ပတ်သက်တဲ့ စိတ်မချမ်းမြေ့စရာ သတင်းတွေ ၂၀၀၆ နှစ်ကုန်ပိုင်းမှ ယခု ၂၀၀၇ – ၅ လပိုင်း အထိ ဆက်တိုက်ကြား သိနေရတယ်။

၂၀၀၆ မှာ ဆန်တပြည် ၁၀၀၀ ကျော် ဖြစ်နေတာ ပြန်မကျတော့ပါ။ ဈေးတက်မယ့်လက္ခဏာတွေ စောစောကတည်းက ပြနေတာ သတိထားမိကြမယ် ထင်ပါတယ်။

– ၃၆၀,၀၀၀ ကျပ်ဈေးပေါက်တဲ့စပါးတင်း ၁၀၀ ကို တပ်ရိက္ခာအတွက် ၂ သိန်းဈေးနဲ့ ရောင်းပေးရမယ်၊ မရောင်းရင် လယ်သိမ်းမယ်လို့ ခြိမ်းခြောက်ခံရပြီး တဧက တင်း ၂၀ မှ ၃၀ ရောင်းပေးရတဲ့ ကလေးမြို့နယ်ဘက်သတင်း။

– တတင်း ၆၀၀၀ ကျပ် ဈေးပေါက်နေတာကို ၅၀၀ ကျပ်နဲ့ မရောင်းမနေရ တပ်ကခိုင်းတဲ့ တနင်္သာရီဘက်ကသတင်း။

– လယ်စရိတ်ကိုက ၂ သိန်းကျော်နေလို့ ၄ သိန်းရမှ ရောင်းနိုင်မယ်လို့ လယ်သမားကြီးတွေ တင်းထားတဲ့ ဧရာဝတီတိုင်းက အသံ။ (သူတို့တတွေဟာ အစိုးရစိုက်ပျိုးစရိတ်ချေးငွေနဲ့ မလုံလောက်ကြလို့ တလ (၇ မှ ၁၀%) အတိုးနဲ့ ပုဂ္ဂလိကတွေထံမှ ချေးယူစိုက်ပျိုးထားရသူတွေဖြစ်)

– တချို့နေရာတွေမှာ ဈေးနှိမ်အဝယ်ခံရတဲ့အပြင် ၄၆ ပေါင်တင်းအစား ၄၈ ပေါင်ကိုက်တင်းနဲ့ ရောင်းပေးနေကြရတဲ့ သတင်း။

– မိုးများရေကြီးလို့ စပါးခင်းတွေ ပျက်စီးကုန်ရတဲ့သတင်းတွေ ဖြစ်ပါတယ်။

နအဖ ဖြေရှင်းပုံကတော့ နှစ်ဆန်းပိုင်းမှာ 'လူသန်း ၁၀၀ အတွက် ဆန်စပါး အလုံအလောက် ရှိတယ်' ဆိုတဲ့ ထုတ်ပြန်ချက် ထုတ်တယ်။ စပါးဈေးက ၂ ပတ်အတွင်း ကျပ် ၇ သောင်းခန့် မြင့်တက်သွားတဲ့ အချိန်ဖြစ်တယ်။

တခါ လက်ရှိအချိန်အထိ စပါးတင်းသိန်း ၈၀၀ နီးနီး ထွက်ခဲ့ပြီ။ လက်ရှိနှုန်းအတိုင်းဆိုလျှင် စပါးရာသီကုန်ချိန်တွင် တင်းသိန်း ၁၂၀၀ အထိ ထွက်မှာမို့ ၂၀၀၇ ခုနှစ် ဆန်ဈေးနှုန်း မြင့်မားနေစရာအကြောင်းမရှိလို့ ကြေညာပြန်ပါတယ်။

သူတို့ထုတ်ပြန်တာ ယုံမှာမဟုတ်မှန်း သိလေတော့ ဆန်စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌကို ပွဲထုတ်ခဲ့ရတာလည်း တွေ့နိုင်တယ်။ 'ဈေးနှုန်းချိုသာသည့် ဆန်များ အလုံအလောက်ရှိပါတယ်။ တအိတ် ၉,၆၀၀ ကျပ်ဈေးနှင့် ရန်ကုန်မှာ ရောင်းချပေးနေပါတယ်' လို့ ပြောပေးရတာ ဖြစ်တယ်။ (တကယ်က ဆန်ကုန်သည်တွေဆီက အိတ် ၂၀၀၀၀ ခေါ်းပြတိုက်ထားတာပါ။)

ဗိုလ်ကျော်ဆန်းက 'ဆန်ဈေးမြင့်တက်လာမှုကြောင့် ဆန်ကုန်သည်ကြီးအချို့အား ခေတ္တခေါ်ယူထားခြင်းမှာ အရေးယူရန် မဟုတ်။ ပေါင်းစပ်ညှိနှိုင်းဖို့သာ ဖြစ်တယ်' လို့ ရှင်းချက်ထုတ်ပါတယ်။

သူတို့ဆန်ပြဿနာ ဘယ်လိုဖြေရှင်းကြမလဲ။

## အာဏာရှိတုန်းသေထားကြမှ

ဒီခေါင်းစဉ်းတပ်လိုက်ရတာကတော့ ၂၀၀၇ နှစ်ကူးမှာ စင်ကာပူဆေးရုံရောက်နေတဲ့ ဗိုလ်သန်းရွှေနဲ့ တလောလေးကမှ စင်ကာပူဆေးရုံကပဲ ပြန်ဆင်းလာတဲ့ ဝန်ကြီးချုပ်စိုးဝင်းတို့အကြောင်း မီဒီယာတွေက ဝမ်းသာအားရ ရေးကြပြောကြလွန်းလို့ပါ။

ဗမာပြည်မှာ တချိန်က ဘုန်းမီးနေလတောက်ခဲ့ကြသူများ သေကြတော့ သင်္ချိုင်းလိုက်ပို့သူ ဘယ်နှယောက်ရှိသလဲ။ အထူးသဖြင့် စစ်အာဏာနဲ့ ကင်းကွာသွားခဲ့ကြသူ ထိပ်ပိုင်းများကို ပြန်ကြည့်တော့ –

ဗိုလ်ချုပ်ကြီးစန်းယုက လူ ၃၀ လိုက်ပို့တာ တွေ့ရတယ်။

ဗိုလ်ချုပ်ကြီးကျော်ထင်ကျတော့ ၂၂ ဦး ပို့ပါတယ်။

ဗိုလ်မှူးချုပ် မျက်မှန်တင်ဦး
ဗိုလ်မှူးချုပ်သမ္မတစိန်လွင်
ဗိုလ်ချုပ်မှူးကြီးစောမောင်

– ကျန်ရစ်သူမိသားစုများ မျက်နှာငယ်လောက်အောင် နည်းလှပါတယ်။

နောက်ဆုံးစစ်အာဏာရှင် အခေါင်အမှူး ဗိုလ်ချုပ်ကြီးနေဝင်းတောင် ၆ ယောက် ၇ ယောက်လို့ တွေ့ရတယ်။

တွင်း/၂ ဒုဗိုလ်ချုပ်ကြီးတင်ဦးကျတော့ (အာဏာရှိနေတုန်းသေလို့) သိုက်သိုက်မြိုက်မြိုက်ရှိတယ်။

**ဗိုလ်သန်းရွှေရဲ့ အကွက်များ** – သေမင်းကို မျက်စိလှည့်စားချင်တာလား၊ သိပ်ဝမ်းသာမနေကြနဲ့ဦး ငါချက်ချင်းကြီး မသေနိုင်သေးဘူးလို့ ပြောချင်တာလားမသိ ပြန်ရောက်ပြီးလို့ မကြာမီ လှုပ်ရှားပြပါတော့တယ်။

သူ့လှုပ်ရှားမှုတွေ စဉ်ကြည့်လိုက်တော့ နည်းမှမနည်းပဲ။

– ၁/၂၀၀၇ – ၄ လပတ်အစည်းအဝေး

– မတ် ၂၇ ကြက်ပြေးစစ်ရေးပြကွင်းမှာ အမိုးဖောက်ကားပေါ် ကိုယ်တပိုင်းထွက်ပြီး တပ်ကို ခပ်ကြာကြာစစ်ပြခဲ့တာ (ဒါတောင် ခေတ်ပုံကြည့်ပြီး ငြင်းခုန်စရာ ဖြစ်ခဲ့ကြသေး – 'အောက်ပိုင်းက ထိုင်နေတာ ဖြစ်နိုင်တယ်' 'မဟုတ်ဘူး – လုပ်ကြံဖို့ မလွယ်အောင် လုပ်ထားတာ' စသည်)

– နောက်ရက်ဆက်ပြီး 'နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့/တိုး အကောင်အထည်ဖော်ရေး' အစည်းအဝေး ထိုင်ပြလိုက်တယ်။

သူက တပ်ရဲ့ (တပြည်လုံးရဲ့ နံပါတ်ဝမ်းဆိုတော့ သူပြောတာ လှုပ်ရှားတာတွေကို အများက အာရုံစိုက်ကြရပါတယ်။ 'ဒီမောင်ကြီး ဘာပြော – ဘာလုပ်မှာပါလိမ့်' ပေါ့။

၂၀၀၆ ခုနှစ် 'တပ်မတော်နေ့' ဆိုတာမှာ ချောက်ထဲခုန်ချတဲ့မိန့်ခွန်း ပြောခဲ့တယ်။ (NLD က ထွက်လမ်းပေးတာကို ပယ်ချခဲ့တာပါ။)

ဒီနှစ်မှာလည်း အချိုးက မပြောင်းဘူး။

'ပြည်ထောင်စုဖြိုခွဲသူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးသူ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသူ မှန်သမျှ နိုင်ငံတော်ရဲ့ ရန်သူးရန်ငြောင့်တွေသာ ဖြစ်တယ်' လို့ ဗိန်းဗောင်းတိုက်လာပြန်ပါတယ်။

သေချာပြီ – သူတို့ချောက်ထဲက ပြန်မတက်ချင်ကြပါဘူး။

တခုပဲ ထူးခြားတာ ပါပါတယ်။ "ပြည်သူလူထုကို မိဘအရင်းလို သဘောထား" ဆိုတာပဲ။ ဘယ်လိုဖြစ်တာလဲ။ 'တပ်မတော်သာအမိ၊ တပ်မတော်သာအဖ' ... ဆို။

နောက်ပိုင်းလည်း အငြိမ်မနေ။ ဆက်လှုပ်ရှားပါတယ်။

ဧပြီလထဲမှာ ပြင်ဦးလွင်ကို အခြေပြုပြီး ခပ်စိတ်စိတ်လှုပ်ရှားပြတာ တွေ့ရတယ်။

– DSA (စစ်တက္ကသိုလ်) သင်တန်းဆင်းပွဲ မိန့်ခွန်းပြော

– ရတနာပုံမြို့သစ်တည်ဆောက်ရေး လှည့်ကြည့်

– ဆေးဝါးလုပ်ငန်းစက်ရုံ၊ အထက်ဗမာပြည်ဆေးသုတေသနဦးစီးဌာနတွေ စစ်ဆေး

– မန္တလေး ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်တွေနဲ့ ဆေးရုံအုပ်ကြီးတွေကို ရင်းရင်းနှီးနှီးနှုတ်ဆက် (ဒီနေရာမှာ ပါ/ချုပ် ကြီးများ၊ ဆေးပါရဂူကြီးများက လက်လေးတွေယှက်ပြီး ယို့ယို့ကလေးတွေ အမိန့်နာခံနေတာကို စစ်ဘောင်းဘီ အိတ် ၂ ဘက် လက်နှိုက်ပြီး ရှုတည်တည်နဲ့ ရင်းရင်းနှီးနှီး ကြည့်နေတဲ့ သူ့ဓာတ်ပုံတွေ့လိုက်ရတယ်။) လူနာများကိုလည်း (ရင်းရင်းနှီးနှီးပဲ။) မိုက်ကြေးခွဲသွားတဲ့စကား သတင်းစာမှာ ဖော်ပြတယ်။

'အရာရာကို လူနာများက အခမဲ့စောင့်ရှောက်မှုခံယူနေ၍ မဖြစ်' ... တဲ့။

ဒါပေမဲ့ ဒီသတင်းရဲ့ ခေါင်းစဉ်မှာတော့ "ခုတင် ၃၀၀ ဆန့် ပြည်သူ့ဆေးရုံကြီးသွားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေး" ဆိုပါလား။

ဒါတွေအပြင် ပြင်ဦးလွင်စာသင်တိုက်တွေဘက် လှူတာတန်းတာ၊ နမ့်ခမ်း – ရွှေလီ (၁) ရေအားလျှပ်စစ်စီမံကိန်းကို စစ်ဆေးကြည့်ရှုတာ၊ မြစ်ငယ်ဘက်ဆင်းပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို စစ်ဆေးတာတွေလည်း လုပ်ပြပါသေးတယ်။

နောက်ဆုံးမှာတော့ စင်ကာပူမှာ ၂ လကြာ ဆေးရုံတက်နေတဲ့ ဝန်ကြီးချုပ်စိုးဝင်း ပြန်လာတာကို သူနဲ့ထိပ်ပိုင်းတွေ သွားကြိုကြပါတယ်။ (သူတို့ပိုင် မီဒီယာတွေမှာတော့ မဖော်ပြ။)

တကယ်ကတော့ ဘယ်သူသေပြီး ဘယ်သူတက်လာရင် ဘယ်သူကျပြီး ဘယ်သူအာဏာရလာရင် တိုင်းပြည်အတွက် ကောင်းမှာပဲလို့ တွက်ကျရင် နုံအရာ ကျပါလိမ့်မယ်။ ဗိုလ်နေဝင်း နုံပါတ်ဝမ်းဖြစ်စဉ်ကလည်း ဒီလိုပဲခံစား ပြောဆိုမိကြတယ် မဟုတ်လား။ စစ် ၃ စစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်) တည်ရှိနေသ၍ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲကြမှာပါ။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်